# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၆၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်၊ သောကြာနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့်ဆရာတော်များကို နိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့

*စာမျက်နှာ ၈ ကော်လံ ၁*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## တောင်ငူမြို့ ယာယီဈေးဆိုင်ခန်းများ အမြန်ဆုံးနေရာချထားမည်

**တောင်ငူ မတ် ၁၃**

ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီကျော်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ စည်ပင်သာယာမြို့မဈေးကြီး မီးလောင်စဉ်က မီးလောင်ဆုံးရှုံးခံရသော ဆိုင်ခန်းပိုင်ရှင်များအား စားဝတ်နေရေးအဆင်ပြေစေရန် ယာယီဈေးဆိုင်ခန်းများကို တောင်ငူမြို့ မိုင်ဒါကွင်း(လွတ်လပ်ရေးကျောက် တိုင်ကွင်း)၌ သက်ဆိုင်ရာမှ အမြန်ဆောက်လုပ်လျက်ရှိရာ ဈေးအဆောင်ပေါင်း ၅၆ ဆောင်၊ တစ်ဆောင်လျှင် ဆိုင်ခန်း ၁၂ ခန်းဖွဲ့၍ဆောက်လုပ်ပြီး ယာယီဈေးဆိုင်ခန်းများကို မတ် ၁၃ ရက် နံနက်က တွေ့ရှိရသည်။ **(ဓာတ်ပုံ)**

ဆိုင်ခန်းများကို သွပ်မိုး၊ သံတိုင်များဖြင့် ဆောက်လုပ်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက အမြန်ဆုံးပြန်လည်နေရာချထားပေးမည် ဖြစ်ကြောင်း သိရသည်။

**မြူး-မြင့်ဦး**

**နိုင်ငံတကာ**

**အမေရိကန်ဒရုန်းလေယာဉ်များ ဩစတြေးလျ ဝယ်ယူမည်**

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

**၂၀၁၄ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းပုံစံ ဖြည့်စွက်ခြင်း**

စာမျက်နှာ ❖ ၉

**ပြည်တွင်း**

**အရေးပေါ်အခြေအနေတုံ့ပြန်မှု ဗဟိုဌာနထူထောင်ရေး လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်**

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘွဲ့ရလူငယ်နှင့် အလုပ်

မည်မျှပင် ကောင်းသည်ဆိုသော ဓားကောင်းတစ်လက်ဖြစ်စေကာမူ အသုံးမပြုဘဲ နှစ်လကြာရှည်စွာ သိမ်းဆည်းထားပါက ထိုဓားသည် သံချေးတက်ပျက်စီးခြင်းသို့သာ ရောက်ရလေသည်။ ဓားကောင်းတို့မည်သည် အမြဲတမ်းသွေးပြီး အသုံးပြုနေပါမှ ကောင်းသည်။ ဓားကောင်းတစ်လက်အဖြစ် သုံးစွဲရန် အသင့်ဖြစ်ပေလိမ့်မည်။ ထက်မြက်နေပေလိမ့်မည်။

ထို့အတူ သင်ယူပြီးမြောက်ထားသော အတတ်ပညာတို့သည်လည်း ဆက်လက်ဆည်းပူးခြင်း၊ အသုံးပြုခြင်းမရှိချေက မေ့လျော့ကွယ်ပျောက်တတ်သည့် သဘောရှိပါသည်။ စောင်းတီးကောင်းသော စောင်းသမားသည် ငါးရက်တာမျှ စောင်းနှင့်ကင်းကွာလျှင် ပျက်စီးသွား၏။ လက်ဖြောင့်လှသော လေးသမားသည် ခုနစ်ရက်တာမျှလေးနှင့်ကင်းကွာလျှင် ပျက်စီးသွား၏။ လိမ္မာလှသောတပည့်သည် လဝက်တာမျှ ဆရာနှင့်ကင်းကွာလျှင် ပျက်စီး၏။ မီးဝေးလျှင် ချိပ်မာတတ်၏။ ဤကား လောကနီတိပေတည်း။

မည်သည့်ပညာရပ်မဆို သင်ယူပြီးမြောက်ပြီး အသုံးမပြုချေက ကွယ်ပျောက်တတ်၏။ အမြဲတမ်းဆည်းပူး အပတ်တကုတ်ကြိုးစားအားထုတ်ပြီး ပညာရပ်ကို အသုံးပြုနေပါမှ တိုးပွားနိုင်၏။ ယနေ့ခေတ်တွင် ဘွဲ့ရပညာတတ်များ မြို့ပြများသာမက ကျေးလက်များ၌ပင် ပေါများလာသည်ကို သတိပြုမိသည်။ အချို့သော ဘွဲ့ရလူငယ်များမှာ အလုပ်ရရန်ခက်ခဲသည်ကတစ်ကြောင်း၊ ဘွဲ့နှင့်တန်သောအလုပ်ကို လုပ်ရမည်ကို မသိခြင်းကားတစ်ကြောင်း၊ အဆက်အသွယ်ကောင်း မရှိကြသည်ကတစ်ကြောင်း စသော အကြောင်းအမျိုးမျိုးကြောင့် ဘွဲ့နှင့်ထိုက်တန်သော နေရာမရဘဲ သာမန်ဘဝတွင် ကျင်လည်ကြရကုန်၏။ ဘွဲ့ရလူငယ်တစ်ဦး အနေဖြင့် ထိုဘွဲ့နှင့်တန်သောအလုပ်ကိုလုပ်မှ ထိုဘွဲ့ သည်တန်ဖိုးရှိ၏။ ဘဝသည်လည်း တဖြည်းဖြည်း တောက်ပြောင်လာနိုင်ပေ၏။ တတ်ပြီးပညာကို အသုံးပြုပါမှ တိုးတက်နိုင်၏။ ဥပမာအားဖြင့် အင်္ဂလိပ်စာနှင့်ဘွဲ့ရသူသည် ဘွဲ့နှင့်နီးနွယ်သော လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ပါမှ ထိုပညာရပ်သည် ဆက်လက်တိုးပွားနိုင်၏။ ကွန်ပျူတာနှင့်ဘွဲ့ရသူသည် ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်မည်ဆိုက ပညာရပ်များ တိုးပွားလာမည်သာဖြစ်၏။

သို့သော် အချို့သော ဘွဲ့ရလူငယ်လေးများသည် ဘွဲ့နှင့်ထိုက်တန်သောအလုပ်ကို မလုပ်ကြသဖြင့် အကျိုးမရှိ ဖြစ်ကြရသည်။ ဘွဲ့ရပညာတတ်တစ်ဦးအနေဖြင့် သင်ယူထားသောဘွဲ့နှင့်တန်အောင် ဘဝကိုတည်ဆောက်သွားပါမှ အဓိပ္ပာယ်ပို၍ရှိပေလိမ့်မည်။ သင်ယူထားသောပညာနှင့်တန်အောင် အသုံးချတတ်မှ အသုံးကျသူ ဖြစ်လာနိုင်သည်။ ရထားသောဘွဲ့နှင့်တန်အောင် ကြိုးစားအားထုတ်ခြင်းမရှိလျှင် သာမန်လူနှင့် ခြားလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်၍ မည်သည့်ပညာရပ်မဆို သင်ယူပြီးမြောက်လျှင် ထိုပညာရပ်ကို အသုံးချသင့်သည်။ ပညာရပ်ကို ဆက်လက်တိုးပွားအောင် ပညာရပ်နှင့် နီးနွယ်သောအလုပ်ကို လုပ်သင့်သည်။ ဘွဲ့ရလူငယ်တစ်ဦးအနေဖြင့် ဘွဲ့နှင့်တန်အောင် ဘဝကိုတည်ဆောက်သင့်သည်။ ပညာရပ်တိုင်းသည် အသုံးချပါမှ အသုံးကျမည်ကို သတိချပ်သင့်ပေကြောင်း။ ။


ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)

## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏဝိသိဋ္ဌပူဇော်ပွဲ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက်ကျောက်ပန်းတောင်းမြို့နယ်သား မြို့နယ်သူများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂ နာရီ

**ကျင်းပမည့်နေရာ** - အကောက်ခွန်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး

(ကျောက်ပန်းတောင်းပလာတာဖြင့် ဧည့်ခံပါမည်။)

ပြည်တွင်းသတင်း

## (၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

# နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချမည့် မျိုးသန့်မျိုးပွားသီးနှံစိုက်ကွင်းများ စိုက်ပျိုးထား

**နေပြည်တော် မတ် ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၁၂ ရက် နံနက် ၈ နာရီက ဒက္ခိဏသီရိမြို့နယ် ကျားတူးကျေးရွာအနီး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ စပ်မျိုးစပါး မျိုးစေ့ထုတ်ရန် အဖိုလိုင်း R လိုင်းများ စိုက်ပျိုးပြီးစီးနေမှုနှင့် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော အမလိုင်း A လိုင်းများ အချိန်ကိုက် ရွှေ့ပြောင်းစိုက်ပျိုးရန် အသင့်ဖြစ်နေမှုများကို စစ်ဆေးကြည့်ရှုပြီး အဖိုလိုင်း၊ အမလိုင်းများ စိုက်ပျိုးရာတွင် သတ်မှတ်ထားသော အပင်ကြား၊ အတန်းကြား ကိုက်ညီစွာစိုက်ပျိုးကြရန်၊ အဖိုလိုင်းနှစ်လိုင်းစိုက်ပြီးပါက အမလိုင်း ၁၂ လိုင်းကို အကွာအဝေး ကိုက်ညီစွာ စိုက်ပျိုးကြရန်နှင့် ဝတ်မှုန်ကူးပြီးနောက် စပါးအနံ့ရှိ စပါးပန်းပွင့်အဆင့်မှ သန္ဓေအောင်ပြီး မှို့ကပ်သော အဆင့်တစ်ဆင့်ချင်းစီအလိုက် ကိုက်ညီမှုရှိစေရေး၊ ပန်းပွင့်ချိန် ကိုက်ညီရေးအတွက် ချက်ချင်းနုတ် ချက်ချင်းစိုက်စနစ်ကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် စိုက်ကွင်းဧက ၃၀၀၀ တွင် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ် စိုက်ခင်းတွင် အဖိုလိုင်း R လိုင်းများအား သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ပြောင်းရွှေ့စိုက်ပျိုးရန် အသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ပျိုးထားသော တစ်ဆက်တစ်စပ်တည်း ပိန်းဥနှင့် ဂျူးမြစ်သီးညှပ်စိုက်ခင်း၊ မျိုးသန့်မျိုးပွား စိုက်ပျိုးထားသော ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်းနှင့် ဂျပန်မူရင်းမျိုး ပိန်းဥစိုက်ခင်းများကို စစ်ဆေးအားပေးပြီး နိုင်ငံတကာ ဈေးကွက်သို့ ချိတ်ဆက်တင်ပို့ရောင်းချမည့် အမယ်သစ်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဘေးအန္တရာယ်ကင်းရှင်းမှု အချက်အလက်များနှင့် ကိုက်ညီစွာ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် ဓာတုဓာတ်ကြွင်း အန္တရာယ်ကို အထူးအလေးပေးသည့် အဆင့်အတန်းများကိုနားလည်ပြီး သဘာဝမြေဆီကို အော်ဂဲနစ် စိုက်ပျိုးနည်းစနစ် အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်များကို တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ကွင်းကြီးများ ထူထောင်အကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးကြမည့် တောင်သူများထံသို့ အချိန်မီ ဖြန့်ဖြူးပေးရန်အပါအဝင် အဆင့်အတန်း စံချိန်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီစိုက်နည်းစနစ်၊ ခေတ်မီထုပ်ပိုး နည်းစနစ်များကို ပညာပေး ဆောင်ရွက်ပေးကြရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုယ်အင်္ဂါမသန်စွမ်းသူများအား အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး မတ် ၁၃**

Latter Day Saint Charities မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မတ် ၉ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့နယ်အတွင်းရှိ တိုင်းပြည်အတွက် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ကြသော အငြိမ်းစားတပ်မတော်သားများနှင့် ပြည်သူများအတွင်းမှ ကိုယ်အင်္ဂါမသန်စွမ်းသူများကို ခြေတုများ အခမဲ့တပ်ဆင်ပေးခြင်း၊ ပိုလီယိုဝေဒနာရှင်များကို ဘီးတပ်ကုလားထိုင်များ လှူဒါန်းပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ရုံးတွင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်မစွမ်းအသင်းမှ ခြေတု ၄၀၊ ဘီးတပ်ကုလားထိုင် ၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၂ သိန်း၊ ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ဒေသခံစေတနာရှင်များက ခြေတု ၈၀၊ တန်ဖိုးငွေကျပ် ၁၄၄ သိန်း စုစုပေါင်း ငွေကျပ် ၂၅၆ သိန်းကို လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကိုယ်လက်အင်္ဂါမသန်မစွမ်းသူများကို ကျန်းမာရေး စစ်ဆေးကုသပေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ပြည်တွင်းသတင်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများ အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မီကာဆာဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးဝင်းကြည်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ IFES မှ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး **(အပေါ်ယာပုံ)**က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေနှင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ချောမောစွာကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းရန် ဖြစ်ကြောင်း၊

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဟာကွက်မရှိအောင် အောင်အောင်မြင်မြင်နှင့် လွတ်လပ်၍ တရားမျှတစွာ ကျင်းပပေးနိုင်ရေး အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇွန်လမှစပြီး ၂၀၁၄-၂၀၁၈ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ကြောင်း၊ အခြားနိုင်ငံများမှ မဟာဗျူဟာစီမံကိန်းများကို လေ့လာခဲ့ပြီး IFES မှပညာရှင်များကလည်း နည်းပညာအကူအညီများ ပေးခဲ့ကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် အခန်း ၁၂ ခန်းပါရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လူမှုအဖွဲ့အစည်းများဖြစ်သည့် Civil Society Organization-CSO များအနေနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့ နိုင်ငံ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသာမက ဒီမိုကရေစီ ဖော်ဆောင်ရေးတွင်လည်း အရေးကြီးသည့်ကဏ္ဍကပါဝင်နေကြောင်း။

ထို့ကြောင့် မဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍ အခန်းတစ်ခန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ဆွေးနွေးမှုရလဒ်များအပေါ် မူတည်ကာ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် မဲစာရင်းပြုစုရေး၊ ပယ်မဲမဖြစ်အောင် မဲပေးနိုင်ရေး၊ ပွင့်လင်းမြင်သာစွာ မဲရေတွက်နိုင်ရေး၊ တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်ရေးနှင့် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပွားရေး စသည့်ကိစ္စရပ်များတွင် CSO များ၏စွမ်းအားကို ရယူရမှာဖြစ်ကြောင်း၊ ထို့အပြင် ပါတီများ မှန်မှန်ကန်ကန် ယှဉ်ပြိုင်ရွေးကောက်ခံရေး၊ မဲရုံအဖွဲ့ဝင်များ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် အတွက်လည်း CSO များက စောင့်ကြည့်အဖွဲ့ (Observer)အနေဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လေ့လာစောင့်ကြည့်သူများအနေဖြင့်လည်း မှန်မှန်ကန်ကန်စောင့်ကြည့်နိုင်ရန်ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လက်စွဲစာစောင်များ၊ ညွှန်ကြားချက်များကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲပညာပေးမှုသည် အရေးပါပြီး ဤအခန်းကဏ္ဍကို CSO များ၏အားကို ရယူဆောင်ရွက်လိုခြင်းကြောင့် မဟာဗျူဟာစီမံကိန်းတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးအခန်းတစ်ခု သတ်မှတ်ဆောင်ရွက်မှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်နှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာကို ပြည်သူလူထုကိုယ်စားလှယ်များက ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအချုပ်အခြာ အာဏာကို ကျင့်သုံးမည့် လူထုကိုယ်စားလှယ်များကို ပြည်သူလူထုက ရွေးကောက်ပွဲများနှင့် ရွေးချယ်ပေးရမှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲများသည် လွန်စွာမှ အရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲများတွင် လူတော်လူကောင်းများ ရွေးချယ်ပေးရန်၊ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန် ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်လိုပါကြောင်း။

လူထုကို ပညာပေးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စကားပြောဆိုဟောပြောပွဲချရုံသာမက ရုပ်ပုံကားချပ်များ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရုပ်ရှင်၊ ဂီတသဘင် အနုပညာရှင်များကလည်း တီဗွီနှင့် ရေဒီယိုများမှ ဇာတ်လမ်းများ ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် CSO များအနေနှင့် မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဆိုသည်ကို လွတ်လွတ်လပ်လပ် ဆွေးနွေးစေလိုကြောင်း၊ တက်ရောက်လာကြသည့် လူမှုအဖွဲ့အစည်းများမှ ဆွေးနွေးအကြံပြုချက်များသည် မိမိတို့အတွက် အလွန်အရေးပါသည့် အချက်များဖြစ်မည်ဟု ခံယူပါကြောင်း ပြောကြားသည်။

ထို့နောက် IFES မှ ဌာနေကိုယ်စားလှယ် Mr.Paul Guerin က အစည်းအဝေး အစီအစဉ်များ၊ ရည်မှန်းချက်၊ ရလဒ်နှင့် နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုအဖွဲ့အစည်းများက ပြည်သူများနှင့်မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် မဲစာရင်းပြုစုရေးဆိုင်ရာ ရှေ့ပြေးစီမံကိန်းနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို အဖွဲ့လိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

ဝန်ကြီးဌာနများမှ နိုင်ငံခြားအကူအညီအထောက်အပံ့ (အကူအညီ/ ကျွမ်းကျင်မှု)တို့နှင့်စပ်လျဉ်း၍ နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း **(ယာပုံ)**က ဝန်ကြီးဌာနများမှ နိုင်ငံခြားအကူအညီ အထောက်အပံ့ (အကူအညီ/ ကျွမ်းကျင်မှု)တို့နှင့်စပ်လျဉ်း၍ နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးဆိုင်ရာများအပေါ် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်တို့က နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် နည်းပညာများ ပိုပိုပြင်ပြင်ရရှိလာစေရေး၊ နိုင်ငံအတွင်းရှိပြည်သူများ ထိထိမိမိအသုံးချနိုင်မှုအတွက် စောင့်ကြပ်ကြည့်ရှုကာ ထိန်းကျောင်းတည့်မတ်ပေးသွားနိုင်ရေးဆိုင်ရာများအပေါ် ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများမှ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ အကူအညီ (Grant) ရရှိမှုမှာ ဩစတြေးလျနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၂၁၀ ခန့်၊ တရုတ်နိုင်ငံမှ ယွမ်သန်း ၅၂၀ ကျော်နှင့် အမေရိကန်ဒေါ်လာ တစ်သန်းကျော်၊ ဒိန်းမတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၇၂ သန်းကျော်၊ ဗြိတိန်နိုင်ငံမှ ပေါင် ၁၈၆ သန်းကျော်၊ ဥရောပသမဂ္ဂအဖွဲ့မှ ယူရိုသန်း ၃၇၀ ကျော်၊ ဂျပန်နိုင်ငံမှ ယန်းဘီလီယံ ၅၁ သန်းကျော်၊ ဆွီဒင်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၈၂ သန်းကျော်၊ ဆွစ်ဇာလန်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်၊ အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၇၅ သန်းခန့်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၉၀ ခန့်၊ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၈၁ သန်းကျော်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၆၈ သန်းခန့်တို့အပါအဝင် ကနေဒါ၊ ပြင်သစ်၊ ဖင်လန်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ ကိုရီးယား၊ ကူဝိတ်၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေနိုင်ငံတို့နှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က အမေရိကန်ဒေါ်လာ ၁၁၂၅ သန်းခန့်၊ ယူရို ၄၃၈ သန်းခန့်၊ ဂျပန်ယန်း ဘီလီယံ ၅၁ သန်းကျော်၊ နယူးဇီလန်ဒေါ်လာ ၁၀ သန်းခန့်၊ ပေါင် ၁၈၆ သန်းကျော်၊ ယွမ်သန်း ၅၂၀ ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများသို့ လှည့်လည်အားပေး

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့ MRTV အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ သိမ်ကုန်းအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများ၌ အင်္ဂလိပ်စာဘာသာဖြေဆိုနေမှုများနှင့်ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာန သီးခြားစာဖြေခန်း၌ အမြင်အာရုံချို့တဲ့သူတစ်ဦး စာဖြေနေမှုတို့ကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## သတိပေး နှိုးဆော်ချက်

အားကစားဝန်ကြီးဌာနနှင့် MEGA (Ferrovit) တို့ ပူးပေါင်းကျင်းပသည့် မြန်မာအမျိုးသမီးများ လမ်းလျှောက်ပွဲကို မတ် ၁၆ ရက်(တနင်္ဂနွေနေ့)တွင် နံနက် ၆ နာရီမှ ၈ နာရီအထိ ပြည်လမ်းအင်းလျားကန်ပေါင်မှ စတင်တာလွှတ်၍ ပြည်လမ်းအတိုင်း ပြည်သူ့ဥယျာဉ်၌ ပန်းဝင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းလျှောက်ပွဲကျင်းပရာ ပြည်လမ်းအရှေ့ဘက်ခြမ်း ယာဉ်ကြောသုံးခုအနက် ယာဉ်ကြောတစ်ခုကို အသုံးပြုမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် သတိပြုမောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

နိုင်ငံတကာသတင်း

# ယူကရိန်းဘက်မှ အမေရိကန်ရပ်တည်ရန်ကတိပြု

# ရုရှားတပ်များ ခရိုင်းမီးယားမှမဆုတ်လျှင် အင်အားသုံးဖွယ်ရှိ

အမေရိကန်သမ္မတ အိုဘားမား ယူကရိန်းယာယီဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ်။

**ဝါရှင်တန် မတ် ၁၃**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားက အိမ်ဖြူတော်၌ ယူကရိန်းယာယီဝန်ကြီးချုပ်အား ကြိုဆိုလိုက်ပြီး ရုရှားနှင့်အငြင်းပွားမှုအပေါ် ယူကရိန်းဘက်မှ ရပ်တည်သွားရန် ကတိပြုပြောကြားလိုက်သည်။

ရုရှားအနေဖြင့် ခရိုင်းမီးယားမှ ရုရှားတပ်များ မဆုတ်ခွာလျှင် နိုင်ငံတကာအသိုင်းအဝန်းက အင်အားသုံးဖွယ်ရှိကြောင်း သမ္မတအိုဘားမားက ရုရှားသမ္မတ ဗလာဒီမာပူတင်အား သတိပေးပြောကြားလိုက်သည်။

စောစောပိုင်းက ဂျီ(၇)အုပ်စု ခုနစ်နိုင်ငံကလည်း အလားတူခြိမ်းခြောက်မှုတစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယူကရိန်းအနေဖြင့် ရုရှားနိုင်ငံကို မည်သည့်အခါမျှ အညံ့ခံလိမ့်မည်မဟုတ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် အာစနီယက်ဆင်ရွတ်က သမ္မတ အိုဘားမားနှင့်တွေ့ဆုံအပြီး ပြောကြားလိုက်သည်။

"ဒီကိစ္စဟာ ၂၁ ရာစုမှာ ရုရှားက ယူကရိန်းကို လုံးဝလက်မခံနိုင်စရာ ကျူးကျော်မှုပြုလုပ်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတကာစာချုပ်များ၊ ကတိကဝတ်များကို ချိုးဖောက်ခြင်းလည်း ဖြစ်ပါတယ်"ဟု သူကပြောသည်။

လာမည့် တနင်္ဂနွေနေ့တွင် ခရိုင်းမီးယား၌ ပြည်သူ့ဆန္ဒခံယူပွဲမလုပ်မီ သံတမန်နည်းလမ်းအရ မော်စကိုသို့ မေတ္တာရပ်ခံလိုက်သည်။ ခရိုင်းမီးယားပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများအနေဖြင့်ယူကရိန်း၌ ဆက်လက်နေထိုင်ခြင်း သို့မဟုတ်ရုရှားနှင့် ပူးပေါင်းခြင်းအတွက် မေးမြန်းသွားမည်ဟု ဆိုသည်။

ရုရှားစစ်တပ်နှင့် ရုရှားလိုလားသော လက်နက်ကိုင်များက ယူကရိန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်းမီးယား အဓိကနေရာများကို သိမ်းပိုက်ထားသည်။ ယင်းဒေသသည် ရုရှားလူမျိုးအများစု နေထိုင်ရာဒေသဖြစ်သည်။ **(ဘီဘီစီ)**

# အမေရိကန်ဒရုန်းလေယာဉ်များ ဩစတြေးလျ ဝယ်ယူမည်

**ဆစ်ဒနီ မတ် ၁၃**

နယ်စပ်ဒေသများနှင့် ကုန်သွယ်မှုဆိုင်ရာများတွင် ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် အမေရိကန်နိုင်ငံမှ မောင်းသူမဲ့ စောင့်ကြည့်ရေး ဒရုန်းလေယာဉ်များ ဝယ်ယူမည်ဖြစ်ကြောင်း ဩစတြေးလျက ကြေညာလိုက်သည်။

Adelaidel လေတပ်စခန်း အခြေစိုက် ကာကွယ်ရေးတပ်မတော်သို့ ပံ့ပိုးမှုပေးမည်ဖြစ်ပြီး ၎င်းတို့မှ မကြုံဖူးဖွယ်ရာ ရေကြောင်း စောင့်ကြည့်ရေး စွမ်းရည်များရရှိနိုင်မည်ဟု ဝန်ကြီးချုပ်တိုနီအက်ဘော့က ပြောကြားခဲ့သည်။

၎င်းဒရုန်းလေယာဉ်များက စွမ်းအင်ရင်းမြစ်များ ထိန်းသိမ်းကာကွယ်ရေးအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်ဟုလည်း ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသွားသည်။

အမေရိကန် ရေတပ်မတော်မှ စမ်းသပ်နေဆဲဖြစ်သော အဆိုပါ ဒရုန်းလေယာဉ်များသည် ၃၃ နာရီကြာမျှ လေကြောင်းချီပျံသန်းနိုင်မှုကို စမ်းသပ်ရန်ကျန်ရှိနေသေးသည်။

ဒရုန်းလေယာဉ်စင်းရေ မည်မျှမည်မျှဝယ်ယူမည်ကို မဆုံးဖြတ်ရသေးဟု ဩစတြေးလျဘက်က ဆိုသည်။

"ကောင်းမွန်တဲ့ အစိုးရဖြစ်လာစေရေး နိုင်ငံရေးလုံခြုံမှုက အရေးသလို စီးပွားရေးလုံခြုံမှုရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ခိုင်မာတဲ့ ကာကွယ်ရေးအင်အားတစ်ရပ်ရှိဖို့ လိုအပ်နေပါတယ်"ဟု မစ္စတာအက်ဘော့က ပြောသည်။

ဩစတြေးလျသည် အိမ်နီးချင်း အင်ဒိုနီးရှားဘက်မှ စက်လှေများဖြင့် ရောက်လာတတ်သော နိုင်ငံခိုလှုံခွင့်တောင်းခံလာသူများအား ဟန့်တားရန် လေကြောင်းနယ်စပ်လုံခြုံရေးအတွက် အဆင့်မြှင့်တင်လိုက်ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

# ပျောက်ဆုံးမလေးရှားလေယာဉ် တရုတ်ဆက်လက်ရှာဖွေမည်

**ပေကျင်း မတ် ၁၃**

မလေးရှားလေကြောင်းလိုင်းပိုင် လေယာဉ်ပျောက်ဆုံးမှုအပေါ် မည်မျှပင်ကြာစေကာမူ လက်လျှော့မပေးဘဲ ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီကေချန်းက ကတိကဝတ်ပြုပြောဆိုလိုက်သည်။

ဗီယက်နမ်နှင့် မလေးရှားတို့က တောင်တရုတ်ပင်လယ်အတွင်း လေယာဉ်အပျက်အစီးများဟု ဖြစ်နိုင်ဖွယ်ရှိသည့် တရုတ်ထုတ်ပြန်သော ဂြိုဟ်တုပုံများကို စုံစမ်းစစ်ဆေးနေစဉ် ၎င်းမှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော်လည်း အပျက်အစီးများကို တစ်နေရာတည်းတွင် တွေ့နိုင်ဖွယ်မရှိဟု ၎င်းတို့က ပြောသည်။

ပျံသန်းမှုအမှတ်စဉ် MH 370 လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းသို့အသွား သောကြာနေ့နှောင်းပိုင်းက ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၂၃၉ ဦး လိုက်ပါသွားပြီး ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ စုံစမ်းရေးအဖွဲ့သည် လေယာဉ်၏ သဲလွန်စတွေ့ရေး မလေးရှားကျွန်းဆွယ်ရေပိုင်နက်နှစ်ခုကို ရှာဖွေလျက်ရှိသည်။ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော ဂြိုဟ်တုပုံများအရ လေယာဉ်ပျက်ကျရာနေရာ၏ လူသိများသောနေရာမှ မိုင် ၁၅၀ အကွာရှိ မျောပါနေသော အရာများကို အတည်ပြုရန်ကြိုးစားလျက်ရှိသည်။ သို့သော်လည်း ယင်းနေရာသို့ လေယာဉ်နှစ်စင်းစေလွှတ်ပြီး စုံစမ်းခဲ့ရာ မည်သည့်အရာမျှ မတွေ့ရကြောင်း ဗီယက်နမ်လေကြောင်းဒုတိယညွှန်ကြားရေးမှူး ဗီယက်တန်က ပြောသည်။

အလားတူမလေးရှားလေယာဉ်များကလည်း ယင်းနေရာ၌ မည်သည့်အရာမျှမတွေ့ရကြောင်း မလေးရှားလေကြောင်း အကြီးအကဲအဇ္ဇဒူလ်ရာမန်က ပြောကြားသည်။ "ဒါကမဖြစ်နိုင်ပါဘူး၊ ဒီနေရာကို ကျွန်တော်တို့သွားပြီးပါပြီ"ဟု ၎င်းက ပြောသည်။ ယခင်ဖြစ်နိုင်ဖွယ်ရှိသည့် နေရာများတွင် ရှာဖွေရာ၌လည်း မတွေ့ဘဲဖြစ်နေသည်။ **(ဘီဘီစီ)**

# ပါလက်စတိုင်းပစ်မှတ်နေရာ ၂၉ ခု

# အစ္စရေးစစ်လေယာဉ်များတိုက်ခိုက်

**တဲအဗစ် မတ် ၁၃**

ဗုဒ္ဓဟူးနေ့အစောပိုင်းတွင် အစ္စလာမ့်စ် ဂျီဟတ်တို့က ဒုံးကျည်တစ်လုံး အစ္စရေးဘက်ကို ပစ်ခတ်ခဲ့ပြီးနောက် လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း ပစ်မှတ်နေရာ ၂၉ ခုကို အစ္စရေးစစ်လေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတို့က ပြောသည်။

အဆိုပါ စစ်လေယာဉ်များသည် ဟားမတ်စ်တို့၏ အခြေစိုက်စခန်းများနှင့် အစ္စလာမ့်စ်ဂျီဟတ်တို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း မျက်မြင်တွေ့ရှိသူများနှင့် သတင်းစာဆရာများက ပြောကြားသည်။

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်ကိုလည်း ပိတ်ထားကြောင်း သတင်းများဖော်ပြသည်။ စစ်သွေးကြွများက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်အလုံး ၃၀ ကျော် ပစ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဒုံးကျည်ငါးလုံးမှာ မြို့ပြလူနေထူထပ်သော နေရာများကို ကျရောက်ခဲ့သည်ဟုဆိုသည်။ အခြားဒုံးကျည်များကို ဒုံးခွင်းဒုံးများက ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် ၂၀၁၂ နိုဝင်ဘာလ ဂါဇာပဋိပက္ခပြီးနောက် အပြင်းထန်ဆုံးသောတိုက်ပွဲဖြစ်သည်။ အစ္စရေးကာကွယ်ရေးတပ်က ဒုံးကျည်တိုက်ခိုက်မှုကို ကာကွယ်သည့်အနေဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ပေါက်များကို ပိတ်ထားသည်ဟု အစ္စရေးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ **(ဘီဘီစီ)**

# နယူးယောက်၌ အဆောက်အအုံပြိုကျ

# သေဆုံးသူဦးရေ လေးဦးထိရှိ

**နယူးယောက် မတ် ၁၃**

နယူးယောက်မြို့တွင် ဂက်စ်ယိုစိမ့်မှုကြောင့် အဆောက်အအုံနှစ်လုံး မီးလောင်ပြိုကျပျက်စီးခဲ့ရာ လေးဦးသေဆုံးပြီး ပျောက်ဆုံးသူအမြောက်အမြားရှိကြောင်း ဒေသအာဏာပိုင်များကပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ နယူးယောက်မြို့တော်ဝန်က ဗုဒ္ဓဟူးနေ့မနက်ပိုင်း မီးလောင်မှုမဖြစ်ပွားခင်က ဂက်စ်ယိုစိမ့်မှုဖြစ်ပွားနေကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီသို့ အကြောင်းကြားခဲ့ကြောင်း၊ မီးလောင်ပေါက်ကွဲမှုကြောင့် ၎င်းအဆောက် အအုံနှစ်လုံးပျက်စီးသွားသည့်အပြင် အခြားအဆောက်အအုံများလည်း ပျက်စီးမှုများ အများအပြားရှိကြောင်း ပြောသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကယ်ဆယ်ရေးအဖွဲ့များသည် မြေထိုးစက်များဖြင့် ၎င်းအဆောက်အအုံအပျက်အစီးများအကြား ရှာဖွေရေးများလုပ်ကိုင်ခဲ့ပြီး ၎င်းအဆောက်အအုံထဲမှ ဒုက္ခရောက်နေသူများကို အပြင်သို့ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ သို့သော် ရှာမတွေ့သူ ငါးဦးရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းမီးလောင်မှုတွင် နယူးယောက်မီးသတ်ဌာနက ဒဏ်ရာရရှိသူ ၂၂ ဦးရှိသည်ဟု ပြောကြားခဲ့သော်လည်း ဒေသခံဆေးရုံများစာရင်းအရ ၎င်းမတော်တဆမှု၌ ဒဏ်ရာရရှိသူ ၆၄ ဦး ရှိသည်ဟု ABC သတင်းဌာနက ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိသူများတွင် ကလေးငယ်ခုနစ်ဦးပါရှိခဲ့ရာ တစ်ဦးမှာ အရေးပေါ်ကုသမှုပြုလုပ်နေရကြောင်း သိရသည်။

မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ ပေါက်ကွဲမှုမဖြစ်ခင်ရက်သတ္တပတ်များစွာကတည်းက ဂက်စ်ယိုစိမ့်မှုအနံ့ကို ရရှိနေခဲ့သည်ဟု နယူးယောက်နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

**(ဘီဘီစီ)**

ပြည်တွင်းသတင်း

**လှူဖွယ်ပစ္စည်း ဆက်ကပ်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

# (၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပမည်

**နေပြည်တော် မတ် ၁၃**

(၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးကို အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နေပြည်တော်ရှိ ရွှေင်ရယ် ကုမုဒြာဟိုတယ်၌ မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ငါးရက်ကြာမြင့်မည့် ၎င်းအစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူ၍ စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေး ခြောက်ခုဖြစ်သည့် ဝန်ဆောင်မှုဆပ်ကော်မတီအစည်းအဝေး၊ ဆက်သွယ်ရေးဝန်ဆောင်မှု ဆပ်ကော်မတီအစည်းအဝေး၊ ရင်းနှီးမြှုပ်နှံမှု ဆပ်ကော်မတီအစည်းအဝေး၊ ပင်ရင်းဒေသစည်းမျဉ်း ဆပ်ကော်မတီ အစည်းအဝေး၊ အကောက်ခွန် စည်းဝါးညီစနစ် အစည်းအဝေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီအစည်းအဝေးတို့ကိုကျင်းပမည်ဖြစ်သည်။

အစည်းအဝေးများတွင် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအခန်းတွင် ပါရှိသည့်ဈေးကွက်ဖွင့်ပေးမှုဆိုင်ရာ ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုအခန်းတွင် ဖော်ပြပါရှိမည့်အကြောင်းအရာများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဆိုပြုလုပ်ငန်း စီမံချက်အသစ်များနှင့်အကောင်အထည်ဖော်ဆဲလုပ်ငန်းများ၊ ကုန်စည်ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ အကောက်ခွန်လျှော့ချမှု အစီအစဉ်အရ ကုန်စည်များ၏စည်းဝါးညီစနစ် ချိတ်ပြောင်းမှုပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံ- ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးအားလှူဖွယ်ပစ္စည်း ဆက်ကပ် လှူဒါန်းစဉ်။**
(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

**ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီး အားလှူဖွယ်ပစ္စည်း ဆက်ကပ် လှူဒါန်းစဉ်။**
(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

❄ *ကျောဖုံးမှ*

တွေ့ရှိသော အရာဝတ္ထုသုံးခုမှာ ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်မှုမရှိကြောင်းကို မိမိတို့ ထောက်လှမ်းရေးလေယာဉ်က အတည်ပြုခဲ့သလို ရေဒါနှင့်အဆက်အသွယ်ပြတ်တောက်ပြီးနောက် လေယာဉ်မှာ လေးနာရီအထိ ဆက်လက်ပျံသန်းနေသေးသည်ဟူသော ယူဆချက်မှာလည်း တိကျသေချာမှုမရှိဟု မိမိတို့ စုံစမ်းသိရှိရကြောင်း သတင်းထောက်များကို ပြောကြားသည်။

ယခုအခါ တောင်တရုတ်ပင်လယ်ပြင်တွင် လေယာဉ် ၂၅ စင်းနှင့် သင်္ဘော ၂၆ စင်း၊ မလက္ကာရေလက်ကြားတွင် လေယာဉ် ၁၅ စင်းနှင့် သင်္ဘော ၁၇ စင်း စုစုပေါင်း လေယာဉ်အစင်း ၄၀ နှင့် သင်္ဘော ၄၃ စင်းတို့ကို အသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စစ်ဘက်ရေဒါ၏ ပုံရိပ်အရ လေယာဉ်မှာ နောက်ပြန်လှည့်ဖွယ်ရှိသည်ဟု ယူဆရသော မလေးကျွန်းဆွယ် အနောက်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်သို့လည်း ရှာဖွေနယ်နိမိတ်တိုးချဲ့လျက်ရှိသည်။

ရှာဖွေရေးလုပ်ငန်း ပိုမိုထိရောက်ရေးအတွက် သက်ဆိုင်ရာ Boeing Co ကုမ္ပဏီနှင့် Rolls-Royce PLC ကုမ္ပဏီတို့မှ ပညာရှင်များကလည်း မလေးရှားနိုင်ငံသို့ ရောက်ရှိလာကာ လိုအပ်သောကူညီပံ့ပိုးမှုများ ပေးလျက်ရှိသည်။ ထို့အတူ အမေရိကန်ပြည်ထောင်စုကလည်း ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် မိမိတို့၏ ကမ္ဘာ့ခေတ်အမီဆုံး မာရင်တိုင်းထောက်လှမ်းရေးလေ ယာဉ်ဖြစ်သော P-8A Poseidon လေယာဉ်ကို ယခုရက်ပိုင်းအတွင်း စေလွှတ်မည်ဟုသိရသည်။ ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ ဝေဖန်မှုအမျိုးမျိုးခံနေရသော မလေးရှားအာဏာပိုင်များအား ပို၍ပွင့်လင်းမြင်သာမှုရှိရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပို၍လုပ်ရန် တရုတ်အစိုးရကထပ်မံဖိအားပေးလျက်ရှိသည်။ ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့်ရရှိသည့်တိုင် သဲလွန်စတစ်စုံတစ်ရာ မရရှိခဲ့သည့်အပေါ် ပြည်သူများထံမှ မကျေနပ်ချက်များ ထွက်ပေါ်လာလျက်ရှိရာ မလေးရှားအာဏာပိုင်များအနေဖြင့် ခြေမကိုင်မိလက်မကိုင်မိ အခြေအနေသို့ ဆိုက်ရောက်သွားကြရသည်ကား အမှန်ပင်။

**(ရိုက်တာ/ဆင်ဟွာ)**

## မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ တို့ ပူးပေါင်းဖွင့်လှစ်သည့် အိတ်ချုပ်သင်တန်းဆင်း

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိတ်ချုပ်သင်တန်း (၁/၂၀၁၄) ဆင်းပွဲကို မတ် ၁၂ ရက်က ဒဂုံမြို့နယ် လွှတ်တော်ရုံးဝင်းအတွင်းရှိ တိုင်းဒေသကြီး အမျိုးသမီးရေးရာရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နာယက ဒေါ်ခင်သက်ငွေးက အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်အေးနွယ်က သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက သင်တန်းဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငွေးနှင့်အဖွဲ့သည် သင်တန်းသူများချုပ်လုပ်ထားသော အိတ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မေးခွန်းဖြည့်သွင်းပုံ ဖြည့်သွင်းနည်းများ

## တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့

**မေး။ ။ နာမည်နဲ့လုပ်ငန်းတာဝန်ကို သိပါရစေ။**

ဖြေ။ ။ ဒေါက်တာခိုင်ခိုင်စိုးပါ။ ပြည်သူ့အင်အားဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးဖြစ်ပြီး ဒီသန်းခေါင်စာရင်းလုပ်ငန်းစဉ်မှာတော့ မေးခွန်းများ၊ နည်းပညာဆိုင်ရာကိစ္စများကို တာဝန်ယူပါတယ်။

**မေး။ ။သန်းခေါင်စာရင်းမှာ မေးခွန်း ၄၁ ခုပါတယ်လို့ သိရပြီး တစ်ခုချင်းကို သေသေချာချာရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ဟုတ်ကဲ့ရှင့်၊ မေးခွန်းတစ်ခုချင်းကိုရော မေးခွန်းတစ်ခုချင်းကို မှန်မှန်ဖြေရင်ရနိုင်တဲ့ အကျိုးကျေးဇူးကိုပါ အကျဉ်းမျှထပ်ပြီးရှင်းပြပါမယ်။ မေးခွန်း ၄၁ ချက်အကြောင်းကို မဖြေခင်မှာ ကနဦးသိသင့်တဲ့အချက်များကို အနည်းငယ်ရှင်းပြလိုပါတယ်။ သန်းခေါင်စာရင်းကောက်ရာမှာ အိမ်ထောင်စုကို ကောက်တဲ့နည်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဟိုတယ်၊ မိုတယ်စသည့် အဖွဲ့အစည်းပုံစံနဲ့နေတဲ့သူတွေကို ကောက်တဲ့နည်း၊ သစ်တောထဲမှာရှိတဲ့ အိမ်ထောင်စုနဲ့ အဖွဲ့အစည်းပုံစံနဲ့ နေတဲ့သူတွေကို ကောက်တဲ့နည်းနဲ့ အိမ်ခြေယာခြေအတည်တကျမရှိသူများကို ကောက်ယူတဲ့နည်းစသည်ဖြင့် ကောက်မယ့်နည်း လေးမျိုးရှိပါတယ်။ အိမ်ထောင်စုတိုင်းကို သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက်မေးမှာဖြစ်ပြီး အဖွဲ့အစည်းပုံစံနဲ့ နေတဲ့သူတွေ၊ အိမ်ခြေယာခြေမဲ့တွေကိုတော့ အဲဒီ မေးခွန်း ၄၁ ချက်အနက်က မဆိုင်တာတွေကိုဖယ်ပြီး မေးခွန်း ၁၁ ချက်သာ မေးမှာဖြစ်ပါတယ်။

**မေး။ ။ရှင်းပါတယ်ခင်ဗျား။ ဆက်ပြောပါဦး။**

ဖြေ။ ။မေးခွန်းမှ မေးခွန်းနံပါတ်(၁)က အမှတ်စဉ်၊ မေးခွန်းနံပါတ်(၂)က အမည်လို့ပါပါတယ်။ အိမ်ထောင်စုသားများ ကျန်ခဲ့ခြင်း(သို့) နှစ်ကြိမ်ကောက်ယူခြင်းများ မဖြစ်စေရန် ဖြေဆိုသူတစ်ဦးချင်း၏ အမည်များကို မေးမြန်းမှာဖြစ်ပါတယ်။ ကာယကံရှင်ဖြေဆိုတဲ့ အမည်ကို ရေးသားမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေဆိုရင်လည်း မိမိအမည်ရှေ့မှာ "စိုင်း" "စော" "နော်" စသည်ဖြင့် ပြောတဲ့အတိုင်း ရေးသွင်းမှာဖြစ်ပါတယ်။

စာရင်းကောက်တဲ့သူက သန်းခေါင်စာရင်းရည်ညွှန်းချိန်လို့ သတ်မှတ်ထားတဲ့ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညမှာ ဒီအိမ်ထောင်စုတွင် ဘယ်သူတွေ ညအိပ်ခဲ့ပါသလဲလို့ မေးပါလိမ့်မယ်။ အဲဒီနေ့ညမှာ ကိုယ့်အိမ်မှာအိပ်တဲ့ ကိုယ့်မိသားစုဝင်သာမကဘဲ ကိုယ့်အိမ်မှာ ငှားနေတဲ့သူတွေ၊ ညအိပ်သွားတဲ့ ဧည့်သည်တွေ ပါနိုင်ပါတယ်။ ဒါဟာ ပြည်သူတွေလက်ထဲမှာရှိနေတဲ့ အိမ်ထောင်စုစာရင်း မဟုတ်သလို သဘောသဘာဝလည်းမတူပါဘူး။ ကိုယ့်အိမ်ထောင်စုစာရင်းမဟုတ်တာကြောင့် နာမည်စာရင်းပါရုံနှင့် ပိုင်ဆိုင်မှုနဲ့လည်း မပတ်သက်ပါဘူး။ ဒါကြောင့် ဖြေကြားသူက ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညမှာ မိမိအိမ်ထောင်စုမှာ ရှိနေတဲ့သူအားလုံးကို ဖြေကြားရမှာ ဖြစ်ပါတယ်။

စာရင်းကောက်တဲ့အခါ မွေးစကလေးတွေ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနဲ့ ဧည့်သည်များ ကျန်ခဲ့တတ်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် စာရင်းကောက်တဲ့သူလာရင် တစ်အိမ်လုံးရှိတဲ့သူတွေအားလုံး၊ ဧည့်သည်တွေ၊ အိမ်ငှားတွေအပါအဝင် အားလုံးစုစုစည်းစည်းရှိနေသင့်ပြီး အိမ်ထောင်ဦးစီးကဖြစ်စေ၊ အိမ်ထောင်ဦးစီးမရှိရင် မိသားစုဝင်တွေထဲက အရွယ်ရောက်ပြီးသူတစ်ဦးကဖြစ်စေ မေးခွန်းများကို ဖြေကြားကြဖို့လိုပါကြောင်း အသိပေးလိုပါတယ်။

သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ မွေးလို့ ကလေးရဲ့အမည်မရှိသေးပါက ကလေးအမည်နေရာမှာ မည်သူ့သား/ သမီး(မိခင်သို့မဟုတ် ဖခင်အမည်၏ သား/သမီး)ဟု ရေးသွင်းပေးပါ့မယ်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ အိမ်မှာမရှိဘဲ ညဘက်တာဝန်ထမ်းဆောင်နေသူ/ အလုပ်လုပ်နေသူ အိမ်ထောင်စုဝင်များ (ဥပမာ-ညတာဝန်ကျသော ရဲအရာရှိများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ညစောင့်များ)နဲ့ ပင်လယ်ထဲ ငါးဖမ်းထွက်နေသူများကို သက်ဆိုင်ရာအိမ်စာရင်းမှာပဲ ထည့်ကောက်ပါ့မယ်။ အဲ့ဒီနေ့မှာမှ ခရီးစထွက်သွားပြီး မတ်လ ၂၉ ရက်နေ့ညမှာ လမ်းပေါ်မှာ ရောက်နေတဲ့သူတွေကိုလည်း သက်ဆိုင်ရာ အိမ်ထောင်စုဝင်တွေက ဖြေပေးရပါ့မယ်။

ရည်ညွှန်းချိန်မှာရှိတဲ့ လူဦးရေကိုသာ ကောက်ယူခြင်းဖြစ်သဖြင့် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကျော်မှ သေဆုံးသူများကို သန်းခေါင်စာရင်းမှာ ထည့်ကောက်ယူမည်ဖြစ်ပြီး ရည်ညွှန်းချိန်ကျော်ပြီးမှ မွေးသည့်ကလေးများကို သန်းခေါင်စာရင်းမှာထည့်သွင်းကောက်ယူမည်မဟုတ်ကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ရှင်းပါတယ်ခင်ဗျား၊ နောက်မေးခွန်း နံပါတ် (၃)ကို ဆက်ပြီး ပြောပါဦး။**

ဖြေ။ ။ မေးခွန်းနံပါတ် (၃)က အိမ်ထောင်ဦးစီးနဲ့ တော်စပ်ပုံဆိုတဲ့အချက်ဖြစ်ပါတယ်။ အိမ်ထောင်ဦးစီးနဲ့တော်စပ်ပုံမှာ အိမ်ထောင်ဦးစီး၊ ဇနီး/ခင်ပွန်း၊ သားသမီး၊ သမက်/ချွေးမ၊ မြေး၊ မြစ်စသည်ဖြင့် တော်စပ်ပုံကို မေးပါ့မယ်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်(မတ်လ ၂၉ ရက်နေ့ည)မှာ မိမိတို့အိမ်ထောင်ဦးစီးအိမ်မှာမရှိပါက ကျန်အိမ်ထောင်စုဝင်များထဲမှ တာဝန်အရှိဆုံးသူကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ပါမယ်။ ကျန်အိမ်ထောင်စုဝင်တွေကိုတော့ အိမ်ထောင်ဦးစီးနဲ့ ဘယ်လိုတော်စပ်တယ်ဆိုတာကို ဖြေပေးရပါ့မယ်။ တစ်ဦးနှင့်တစ်ဦးသွေးသားအရ သို့မဟုတ် ထိမ်းမြားမှုအရ တော်စပ်မှုမရှိသောသူများလည်း အိမ်ထောင်စုတစ်ခုတည်း၌ ရှိနေနိုင်ပါတယ်။ များသောအားဖြင့် မြို့ပေါ်ဒေသများတွင် တွေ့နိုင်ပါတယ်။ အဲ့ဒါဆိုရင် အသက်အကြီးဆုံးလူ သို့မဟုတ် အသက်တူနေပါက အိမ်ကိစ္စကို စီစဉ်ဆောင်ရွက်ပေးနေသောသူ သို့မဟုတ် ဤအိမ်သို့ ပထမဆုံးဝင်ရောက်လာပြီး ကျန်လူများကို ခေါ်လာသူတစ်ဦးဦးကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ပေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကနေ မိသားစုအရွယ်အစားနဲ့ မိသားစုဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သလို မိသားစုဖွဲ့စည်းပုံတွေ၊ ပြောင်းလဲလာပုံတွေ၊ အခြားနိုင်ငံတွေနဲ့ တူညီ/ကွဲပြားမှုတွေကို ရနိုင်ပါတယ်။ သန်းခေါင်စာရင်းပြီးသွားရင် နိုင်ငံရဲ့မိသားစုဖွဲ့စည်းမှုပုံစံဘယ်လိုရှိနေတယ်ဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကို ဒေသအလိုက် ရရှိနိုင်တာမို့ အိမ်ရာစီမံကိန်းအတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး။ ။မေးခွန်းနံပါတ်(၄)က ကျား/မ မေးခွန်းဖြစ်ပါတယ်။**

ဖြေ။ ။ယောကျ်ားဆိုရင် ယောကျ်ား၊ မိန်းမဆိုရင် မိန်းမ ဖြေလိုက်ရုံသာ ရှိပါတယ်။ အဲဒီမေးခွန်းကတစ်ဆင့် နိုင်ငံတစ်ဝန်း ကျား/မ ဦးရေ အရေအတွက်၊ နေရာဒေသအလိုက် ပျံ့နှံ့တည်ရှိနေမှုတွေသိနိုင်ပြီး အခြားမေးခွန်းများနှင့် ဆက်စပ်ပါက နိုင်ငံတစ်ဝန်းအမျိုးသားအမျိုးသမီးများ၏ လူနေမှုဘဝအသက်ရှင်နေထိုင်မှုအခြေအနေ သို့မဟုတ် အမျိုးမျိုးသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေနဲ့ လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်ပါတယ်။

**မေး။ ။ဆက်ပြီးပြောပါဦး။**

ဖြေ။ ။နံပါတ်(၅) မေးခွန်းက ပြည့်ပြီးအသက်ဆိုတာကို မေးပါလိမ့်မယ်။ မိမိရဲ့ ပြည့်ပြီးတဲ့အသက်ကို ဖြေရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ပြည့်ပြီးသောအသက်ထက် ပြည့်မယ့်အသက်ကို ပြောလေ့ရှိတဲ့အတွက် လာမည့်မွေးနေ့တွင် ပြည့်မည့်အသက်ကိုမယူမိရန် ဂရုပြုရပါမယ်။ လူတစ်ဦးချင်းစီရဲ့အသက်ကို မေးမြန်းထားတဲ့အတွက် အသက်ဖွဲ့စည်းပုံ အသက်အပိုင်းအခြားအလိုက် လူဦးရေ၏ လိုအပ်ချက်များနှင့် အနာဂတ်လူဦးရေတိုးနှုန်းကို ခန့်မှန်းတွက်ချက်နိုင်ပါတယ်။

ကျွန်မအထက်က ပြောခဲ့တဲ့မေးခွန်းနံပါတ် ၄ နှင့် ၅ မေးခွန်းနှစ်ခုဟာ သန်းခေါင်းစာရင်းရဲ့အရေးကြီးဆုံး မေးခွန်းနှစ်ခုပါ။ လုံးဝကျန်ခဲ့လို့မသင့်တဲ့ မေးခွန်းမျိုးပါ။ ဒီမေးခွန်းနှစ်ခုကိုသိရုံနဲ့ အခြားမေးခွန်းတွေနဲ့ဆက်စပ်ပြီး အညွှန်းကိန်းအမျိုးမျိုးကို တွက်ချက်လို့ရပါတယ်။ လူတစ်ဦးချင်းစီ ကိုယ်ရေးအကြောင်းအရာများကို အသက်အပိုင်းအခြားအလိုက်၊ ကျားမအလိုက်၊ မိသားစုဖွဲ့စည်းပုံ၊ လူဦးရေတိုးနှုန်း စတာတွေ တွက်ချက်လို့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အတိတ်၊ လက်ရှိအခြေအနေနဲ့ အနာဂတ်မှာဖြစ်ပေါ်နိုင်တဲ့ လူဦးရေအခြေအနေ၊ တွေ့ကြုံလာနိုင်တဲ့ သက်ကြီးရွယ်အိုပြဿနာ၊ လုပ်သားအင်အားရှားပါးမှုပြဿနာတွေကို ကြိုတင်ခန့်မှန်း ဖော်ထုတ်နိုင်ပါတယ်။ အနာဂတ်စီမံကိန်းအတွက် မူဝါဒများ ချမှတ်နိုင်ဖို့ နိုင်ငံ၏ အသက်ဖွဲ့စည်းပုံအလိုက် လူဦးရေဆိုင်ရာ အချက်အလက်များကို သိရှိဖို့လိုအပ်ပါတယ်။ ဥပမာ- အသက် ၅ နှစ်နှင့် ၅ နှစ်အောက် ကလေးအရေအတွက်ကို သိရှိခြင်းဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း စာသင်ကျောင်း၊ စာသင်ခန်းနှင့် ဆရာ ဆရာမများ လိုအပ်ချက်ကို ခန့်မှန်းသိရှိနိုင်ပါတယ်။ အလားတူ ဆေးရုံ၊ ဆရာဝန် ဆရာမ၊ ကျန်းမာရေး ဆေးခန်းတွေ ဘယ်နေရာတွေမှာ ဘယ်လောက်လိုအပ်တယ်ဆိုတာကို တွက်ချက်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ် ခင်ဗျား။ မေးခွန်းများနဲ့ ပတ်သက်လို့ ဆက်ပြောပါဦးခင်ဗျား။**

ဖြေ။ ။ မေးခွန်းနံပါတ် (၆) ကတော့ အိမ်ထောင်ရေးအခြေအနေဖြစ်ပါတယ်။ အပျို၊ လူပျို၊ အိမ်ထောင်သည်၊ မုဆိုးဖို၊ မုဆိုးမ၊ ကွဲကွာ၊ သာသနာ့ဝင်စသည်ဖြင့် မေးပါ့မယ်။ အမှန်အတိုင်းဖြေပေးဖို့ လိုပါတယ်။

မြန်မာ့လူနေမှုစနစ်ရဲ့ အိမ်ထောင်ရေးအခြေအနေဟာ မွေးဖွားမှုနဲ့ များစွာဆက်စပ်နေပါတယ်။ ယေဘုယျအားဖြင့် အိမ်ထောင်ပြုနောက်ကျရင် မွေးဖွားနှုန်းကို ကျဆင်းစေပါတယ်။ အမျိုးသမီးတစ်ဦး၏ ပထမဆုံးကလေးရရှိချိန်အသက်က မွေးဖွားနှုန်းကို သိသာစွာ အကျိုးသက်ရောက်စေပါတယ်။ ဒီမေးခွန်းကနေ မြန်မာနိုင်ငံရဲ့ အိမ်ထောင်ရေးအခြေအနေအလိုက် လူဦးရေကို ရရှိမှာဖြစ်ပြီး အနာဂတ်လူဦးရေတိုးနှုန်းကိုခန့်မှန်းဖို့ အထောက်အကူပြုပါတယ်။

**မေး။ ။ဆက်ပြောပေးပါဦး ခင်ဗျား။**

ဖြေ။ ။မေးခွန်းနံပါတ် (၇) ကတော့ ကိုးကွယ်တဲ့ဘာသာဖြစ်ပါတယ်။ မေးမြန်းသူက ဗုဒ္ဓဘာသာလား ခရစ်ယာန်လား၊ အစ္စလာမ်လား၊ ဟိန္ဒူလား၊ နတ်လား၊ ဘာသာမရှိတာလား စသည်ဖြင့် မေးပါလိမ့်မယ်။ မေးမြန်းတဲ့အချက်မှာ မပါတဲ့ဘာသာကိုတော့ အခြားဘာသာထဲမှာ ထည့်သွင်းသွားမှာဖြစ်ပါတယ်။

**မေး။ ။ဟုတ်ကဲ့၊ နောက်မေးခွန်းတစ်ခုကို ဆက်ပြီးရှင်းပြပါဦးခင်ဗျား။**

ဖြေ။ ။မေးခွန်းနံပါတ် (၈) က လူမျိုးဆိုတာပဲဖြစ်ပါတယ်။ ဘာလူမျိုးလဲလို့ မေးပါ့မယ်။ ဖြေဆိုသူပြောတဲ့ လူမျိုးကိုသာ ရေးသွင်းပေးမှာဖြစ်ပါတယ်။ ဥပမာ-ဖြေဆိုသူက ဗမာလူမျိုး၊ ကချင်လူမျိုး၊ ကရင်လူမျိုး၊ မွန်လူမျိုး၊ ရခိုင်လူမျိုး၊ ချင်းလူမျိုး၊ ကယားလူမျိုး၊ ရှမ်းလူမျိုးစသည်ဖြင့် ပြောတာကို ပြောတဲ့အတိုင်း မှတ်တမ်းတင်သွားမှာဖြစ်ပါတယ်။ အဲဒီလူမျိုးစုတွေထဲက ပါဝင်တဲ့လူမျိုးစုငယ်ကို ပြောတယ်ဆိုရင်လည်း သူ့မှာ ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်၊ ပြောဆိုပိုင်ခွင့်ရှိတာကြောင့် ပြောတဲ့အတိုင်းပဲ ရေးသွင်းပေးမှာဖြစ်ပါတယ်။ အဲဒီလိုရေးသွင်းပေးလို့လည်း ပင်မလူမျိုးကြီး ပျောက်မသွားပါဘူး။ ဖြေကြားလိုက်တဲ့ လူမျိုးစုငယ်မှာ အရေအတွက်တစ်ယောက်တိုးလိုက်တာနဲ့ ပင်မလူမျိုးမှာလည်း အလိုအလျောက်အရေအတွက်တစ်ယောက်တိုးသွားတာဖြစ်လို့ ပင်မလူမျိုးကိုထည့်မပြောသော်လည်း ပင်မလူမျိုးအရေအတွက် ပျောက်မသွားပါဘူး။ ဒါက သင်္ချာသဘောတရားဖြစ်ပါတယ်။ ဥပမာ-ကချင်လူမျိုးနွယ်ဝင်ဖြစ်တဲ့ ရဝမ်၊ အဇီလူမျိုးတို့က မိမိကိုယ်မိမိ ကချင်လူမျိုးဟုပြောပါကလည်း ကချင်လူမျိုးအဖြစ် မှတ်တမ်းတင်ပေးမှာ ဖြစ်သလို၊ ရဝမ်လို့ပြောပါကလည်း(ရဝမ်)လူမျိုးဟု မှတ်တမ်းတင်မှာဖြစ်ပြီး ကချင်မျိုးနွယ်စုကြီးတွင် တစ်ဦး၊ ရဝမ်မျိုးနွယ်စုတွင် တစ်ဦး တစ်ပြိုင်တည်း တိုးပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကချင်လူမျိုးစုကြီး ပျောက်ကွယ်မသွားနိုင်သလို ကချင်လူမျိုးမှာပါနေတဲ့ ရဝမ်မျိုးနွယ်စုဝင် ဘယ်နှဦးရှိတယ်ဆိုတာ ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ ဒါက အင်မတန်မှ တရားမျှတတဲ့ ဆောင်ရွက်မှုတစ်ခုလို့ ပြောဆိုရပါတယ်။ နောက်ဥပမာတစ်ခုက အဖေက မွန် အမေက ကရင်ဖြစ်နေတယ်ဆိုရင် သားသမီးကျတော့ အသက် ၁၅ နှစ်ပြည့်ပြီးသူဖြစ်ပါက သူ့ဆန္ဒအတိုင်း ကရင်လို့ပဲဖြေဖြေ၊ မွန်လို့ပဲဖြေဖြေ တစ်မျိုးပဲဖြေရပါမယ်။ အသက် ၁၅ နှစ်အောက်ဖြစ်ပါက နိုင်ငံတကာကျင့်စဉ်အတိုင်း မိဘတစ်ဦးဦးကပြောတဲ့လူမျိုးလို့ ထည့်ပေးမှာဖြစ်ပါတယ်။ မိဘနှစ်ဦးလုံးကမပြောရင် အဖေရဲ့လူမျိုးကို ထည့်ပေးမှာဖြစ်ပါတယ်။ သွေးနှောတွေက သွေးနှောသမျှ တွဲပြီးဖြေမယ်ဆိုရင် ဘယ်လူမျိုးဘယ်လောက်ရှိတယ်ဆိုတာ တွက်ချက်နိုင်မှာ မဟုတ်ပါဘူး၊ သန်းခေါင်စာရင်း၏ ရည်ရွယ်ချက်ကိုက ဘယ်လူမျိုးတွေ ဘယ်နေရာမှာ ဘယ်လောက်ရှိတယ်ဆိုတာ တွက်ချက်ဖို့သာဖြစ်ပါတယ်။ နိုင်ငံသားကတ်/မှတ်ပုံတင်မှာ ရေးသွင်းချက်နဲ့လည်းမတူပါဘူး။ နိုင်ငံသားကတ်/မှတ်ပုံတင်မှာ ရေးသွင်းချက်က တစ်ဦးချင်းရဲ့ မျိုးနွယ်ဆင်းသက်မှုကို ဖော်ပြတာဖြစ်လို့ တစ်ဦးချင်းအကြောင်းကို သိချင်ရင် လဝက မှတ်တမ်းဖော်ပြချက်နဲ့ ကြည့်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းဇယားလိုအပ်ပါက သန်းခေါင်စာရင်းကရတဲ့ အချက်တွေအပေါ် အခြေခံသွားမှာဖြစ်ပါတယ်။ ကိုယ့်လူမျိုးစုနာမည်က ယခင်သတ်မှတ်ထားတဲ့ ၁၃၅ မျိုးမှာ မပါဘူးဆိုရင်လည်း ဖြေတဲ့အတိုင်း ရေးသွင်းသွားမှာဖြစ်ပါတယ်။ မူလစာရင်းမှာမပါလို့ ကုတ်နံပါတ် ကြိုမပေးနိုင်တာကလွဲပြီး ဘာထိခိုက်နစ်နာမှုမှမရှိပါ။ နောက်ပိုင်း လူမျိုးအမည် ပြန်လည်ဆန်းစစ်တဲ့အခါ ထည့်သွင်းအသုံးပြုသွားမှာသာ ဖြစ်ပါတယ်။ တစ်ခုပဲသတိထားရမှာက အမှန်ကိုသိပြီး မှားပြီး မဖြေဖို့ပါပဲ။ အဲဒီကိစ္စက သန်းခေါင်စာရင်း ဥပဒေအရ တားမြစ်ချက်ကို ဆန့်ကျင်ရာကိုရောက်ပြီး ပြစ်မှုမြောက်ပါတယ်။ ။

## မွန်အမျိုးသမီးများနေ့ ကျင်းပ

**မော်လမြိုင် မတ် ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် တောင်ရိုးတန်းရှိ သာသနာ(၂၅၀၀) ကျောင်းတိုက်၌ မတ် ၁၂ရက် နံနက် ၉ နာရီက မွန်အမျိုးသမီးများနေ့ အခမ်းအနားကျင်းပရာ အခမ်းအနားတွင် သဘာပတိ မိလွိဟန်နှင့် သီလရှင်တစ်ပါးက အမှာစကားပြောကြားပြီး မိအဲကရက်မွန်က မွန်အမျိုးသမီးများနေ့ဖြစ်ပေါ်လာခြင်း ရာဇဝင်သမိုင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မိကားရဆောက မွန်အမျိုးသမီးများနေ့ ကြေညာချက်ရှစ်ချက်ကို ဖတ်ကြားတင်ပြပြီး မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ မွန်တပင်တိုင်အကနှင့် မွန်အမျိုးသမီးများအဖွဲ့က မွန်သံချပ်တို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(လ/၀၁၂)

**ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် မတ် ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာအလွတ်တန်းစစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာစစ်တုရင်အားကစားအဖွဲ့မှ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒိုင်လူကြီးအဖြစ်တာဝန်ယူဆောင်ရွက်မည့် ဦးမျိုးဇော်မင်း၊ ဦးကျော်ကျော်စိုး၊ အုပ်ချုပ်သူဦးဝင်းအောင်၊ နည်းပြဦးတိုး၊ အားကစားသမားဝင်းဇော်ထွန်းတို့ကို ပြည်ပသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (၀၄၂)

## လွှတ်တော်ရေးရာကဏ္ဍ

■ ***ပြည်ထောင်စုလွှတ်တော်မှ***

“ပ”ကွေ့တာကို ပိုမိုတောင့်တင်းခိုင်မာအောင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၆၈ ဒသမ ၈ သန်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထီးလှိုင်အနောက်ရွာအနီးရှိ ထီးလှိုင်ကန်သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၅-၂၉ ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပေါက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် သန်း ၂၀၀၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်ခြမ်း ဇဂျမ်း-ကန်မြနယ်မြေတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် Deep Well ရှစ်တွင်းတူးခြင်းနှင့် ရေလှောင်ကန်များ တည်ဆောက်ခြင်းအတွက် ငွေကျပ် သန်း ၃၉၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းသုံးခုဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၈၀၃ ဒသမ ၃၅ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့ရေရရှိရေးအတွက် ရေလှောင်ကန်များ၊ အနည်ထိုင်ကန်၊ ရေတွန်းစက်ရုံများ တည်ဆောက်ရန်၊ ရေပိုက်လိုင်းများ တပ်ဆင်ရန်နှင့် မီးအားမြင့်စက်နှင့် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ပထမဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၂၁၇ ဒသမ ၂ သန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြန်လည်ပြုပြင် ဆောင်ရွက်ရမည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ကိုးခုတွင် ပထမဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၃၇၂ ဒသမ ၃၄ သန်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရက်ကွက်ရှိ ပါဒဝချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၁၆၇ ဒသမ ၂ သန်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းအား ကမ်းပြိုကာကွယ်ရန် ကမ်းထိန်းနံရံတည်ဆောက်ခြင်းအတွက် ငွေကျပ် ၂၀၆ ဒသမ ၃ သန်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာ-သက်န်းကြီးကားလမ်း ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန်အတွက် ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၂၇၅ ဒသမ ၉ သန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်ခြမ်း ဇဂျမ်း-ကန်မြနယ်မြေတွင် လျှပ်စစ်မီးလင်းရေးအတွက် တောင်သာ-နတ်စောင့်-ဇဂျမ်း ဓာတ်အားလိုင်း (၉ ဒသမ ၂) မိုင်နှင့် ၁၀/ ၀ ဒသမ ၄ ကေဗွီ အေထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၉၄ ဒသမ ၀၇၈ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ၂၀၁၃ ခုနှစ် မိုးတွင်းကာလ၌ ဧရာဝတီမြစ်နှင့် ဒုဌဝတီမြစ်ရေကြီးသဖြင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားနှစ်စင်းနှင့် သစ်သားတံတား တစ်စင်းပြုပြင်ခြင်းအတွက် ငွေကျပ် ၈၈ ဒသမ ၄၄၇ သန်း၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ထီးလှိုင်(အရှေ့)ကျေးရွာနေ ပြည်သူများ၏ ချောင်းကူး မြောင်းကူးသွားလာမှု အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် ထီးလှိုင်ချောင်းဖြောင့်ခြင်း၊ ထီးလှိုင်ချောင်းကူး သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် လိန်ပင်ချောင်းကူးတံတား တိုးချဲ့ခြင်းအတွက် ငွေကျပ် ၃၉၁ ဒသမ ၅ သန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေး မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့သော ဆိုင်ခန်းပိုင်ရှင်များအား ယာယီဈေးဆိုင်ခန်းများ ဆောက်လုပ်၍ ကူညီပေးခြင်းအတွက် ငွေကျပ် သန်း ၂၀၀ အပါအဝင် အထက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စုစုပေါင်း ငွေကျပ် ၁၆၇၃၂ ဒသမ ၂၁၉ သန်းကို သုံးစွဲရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

ယခုဥပဒေကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားခဲ့သည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၁၃**

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်၏ **“ရန်ကုန်-ပြည်မော်တော်ကားလမ်း တိုးချဲ့ပေးရန်နှင့်ပတ်သက်သည့်”** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်-ပြည်လမ်း၏ လက်ပံတန်း-ပြည်လမ်းအပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ လက်ပံတန်းမှ ပြည်လမ်းအပိုင်း မိုင် ၉၀ ခန့်အား ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန် မဖြစ်နိုင်သေးသည့်အတွက် မြို့တွင်းလမ်းများကို ပထမအဆင့်အနေဖြင့် လမ်းချဲ့ခြင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်-ပြည်လမ်းအား ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ရာတွင် အမာခံလမ်း ပခုံးဆောင်ရွက်မည့်နယ်နိမိတ်အတွင်း ကျရောက်နေသည့် လမ်းဘေးဝဲယာရှိ ကွျန်းပင်များနှင့် မလေးရှားပိတောက် စသည့်အပင်များကို ရှင်းလင်းခုတ်လှဲသွားမည်ဖြစ်ပါကြောင်း၊ မြို့ပြင်လမ်းများချဲ့သည့်အခါ အများအားဖြင့် ကွန်ကရစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ချဲ့ပြီးသောနေရာများတွင် ဂဝံမြေ သို့မဟုတ် မြေနီကျောက်စရစ်ဖြင့် လမ်းပခုံး တစ်ဖက်သုံးပေအကျယ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ကတ္တရာလမ်းမျက်နှာပြင် ပျက်စီးမှုများအား ပျက်စီးမှုအခြေအနေအပေါ် မူတည်၍ လမ်းပေါက်အနည်းငယ်နှင့် လမ်းနှုတ်ခမ်းပဲ့များ ပြုပြင်ခြင်းလုပ်ငန်းအား (Premix) ဇီးယိုဖြင့် ဖာထေးပါကြောင်း၊ လမ်းမျက်နှာပြင် နိမ့်ခြင်းနှင့် လှိုင်းဖြစ်ခြင်းများကို ကျောက်ကတ္တရာဖြင့် လမ်းမျက်နှာပြင်ညှိ၍ ကတ္တရာရေပိတ်လွှာ လောင်းပါကြောင်း၊ လမ်းသားမျက်နှာပြင် ပျက်စီးမှု ၄၀ ရာခိုင်နှုန်းအထက်ရှိသည့် အပိုင်းများကို ထပ်ပိုးလွှာခင်းခြင်းဖြင့် ပြုပြင်ဆောင်ရွက်ပါကြောင်း၊ ထပ်ပိုးလွှာခင်းသည့်အခါတွင် နိုင်လွန်ကတ္တရာ သို့မဟုတ် ကျောက်ကတ္တရာဖြင့် ထပ်ပိုးလွှာခင်းခြင်းတို့ကို လုပ်ငန်းအခြေအနေအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါလမ်းအပိုင်း ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် ကတ္တရာလမ်းမျက်နှာပြင် ပျက်စီးမှုများကို ပြင်ဆင်ရာတွင် လူအင်အား၊ ပစ္စည်းအင်အား၊ စက်၊ ယာဉ်ယန္တရားအင်အားများပေါင်းစပ်၍ ကောင်းမွန်ချောမွေ့စေရေးအတွက် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နေသည့် မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (ဂ)အရ နိုင်ငံသားများ၏ အခွင့်အရေး၊ နိုင်ငံသားများ၏အသင်းအဖွဲ့ ဖွဲ့စည်းရေးကိုဖော်ဆောင်ပေးသည့် ဥပဒေတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးအခန်းတွင် ပါဝင်သည့် ပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို အခွင့်အရေးကို ဥပဒေအရ တန်းတူရရှိစေရမည်ဆိုသည့် ပြဋ္ဌာန်းချက်အတိုင်း အသင်းအဖွဲ့ ဖွဲ့စည်းလိုသည့် နိုင်ငံသားများကို ဖွဲ့စည်းခွင့်ပေးရာတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့် မှတ်ပုံတင်ရေးအဖွဲ့များဖွဲ့ပြီး အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန်အတွက် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်သူများ မြို့နယ်အဆင့်တွင် အသင်းအဖွဲ့များ လွယ်ကူစွာဖွဲ့စည်းနိုင်ရေးကို ကော်မတီအနေဖြင့် ပြန်လည်သုံးသပ် သင့်ပါကြောင်း၊ ထို့အတူ အခန်း ၄၊ ပုဒ်မ ၁၂ ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့များတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်၊ မှတ်ပုံတင်ကြေးပေးသွင်းရန် မလိုဟူ၍ ပြင်ဆင်လိုပါကြောင်း၊ သို့ပါ၍ ကော်မတီအနေဖြင့် ပြန်လည်သုံးသပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်သို့ ပြန်လည်ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာ၏ သဘောထားမှတ်ချက်၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အရေးအသား ပြင်ဆင်သင့်သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ စကားရပ် ပယ်ဖျက်သင့်သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဈ)နှင့် (ည)၊ အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်သည့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)၊ စုစုပေါင်းအချက်(၈) ချက်တို့သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူသင့်ကြောင်း ဖော်ပြထားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်(၈)ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက အဆိုတင်သွင်းရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၃**

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့်အဖွဲ့ဝင်များအား Standard Chartered Bank မှ Jaspal Bindra (Group Executive Director and CEO Asia)အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီအဆောင် (I-1) ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းအတည်ပြုနိုင်ရန်ဆွေးနွေး

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနက ပေးပို့လာသော အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် လွှတ်တော်ရုံးအိုင်ဆောင် အမှတ်(၂)၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီအတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နိုင်ငံပိုင်မီဒီယာများကို အများပိုင်မီဒီယာအဖြစ် ပြောင်းလဲခြင်းဖြင့်တရားမျှတသော မီဒီယာဖြစ်စေရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့်အညီ နိုင်ငံတော်က မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အခိုင်အမာသက်သေထူနိုင်သော ဆောင်ရွက်ချက်အဖြစ် အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းကို ဆွေးနွေးညှိနှိုင်းကြကာ ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

✳ *ရှေ့ဖုံးမှ*

ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါး သီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတများ၏ ဇနီးများနှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ ဇနီးတို့ကလည်း သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

**ဆက်ကပ်လှူဒါန်း**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ကွန်ပျူတာနှင့် ကြိုပို့ယာဉ်လှူ

**ဝိုင်းမော် မတ် ၁၃**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးခင်ရွှေ(ဥက္ကဋ္ဌ၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ၊ အမျိုးသားလွှတ်တော်)သည် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဦးဆောင်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ ဆင်းရဲခက်ခဲသော မိသားစုများမှ သားသမီးများနှင့် စစ်ရှောင်စခန်းများရှိ မိသားစုများမှ သားသမီးများအတွက် အထူးစီစဉ်၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းအတွက် စုစုပေါင်းငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ကွန်ပျူတာ ၁၀ လုံးနှင့် ကြိုပို့ဆောင်ရွက်နိုင်ရန် သုံးဘီးကား တစ်စီးတို့ကို မတ် ၁၂ ရက်က ဝိုင်းမော်မြို့နယ် K.B.C စစ်ရှောင်စခန်း၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ထံသို့ လှူဒါန်းကြောင်း သိရသည်။

**မျိုးသူရ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Ms.Reneta Dessallien ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ကူညီရေး၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လူသားချင်းစာနာသည့် ထောက်ပံ့ကူညီမှုများကို နှစ်ဖက်လူ့အဖွဲ့အစည်းအတွက် မျှတစွာအထောက်အကူဖြစ်စေမည့် အသွင်သဏ္ဌာန်သို့ ပြောင်းလဲဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်တွင် သဟဇာတဖြစ်သည့် လူ့အသိုင်းအဝိုင်းဖြစ်ထွန်းလာစေရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထားဝယ်ယဉ်ကျေးမှုပြတိုက်တွင် ပြသနိုင်ရန် ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံလှူဒါန်းနိုင်

**နေပြည်တော် မတ် ၁၃**

ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာခဲ့သော သမိုင်းစဉ်တစ်လျှောက်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့စရိုက်များ၊ ရိုးရာအစဉ်အလာများကို မပျောက်ပျက်အောင်ထိန်းသိမ်း ရှာဖွေဖော်ထုတ်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ပြည်သူများနှင့် မြန်မာပြည်သူလူထုတို့ ပိုမိုသိရှိပြန့်ပွားပြီး တန်ဖိုးထားလေးစားမြတ်နိုး စောင့်ရှောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ယဉ်ကျေးမှုပြတိုက်ကို တည်ဆောက်လျက်ရှိသည်။

ထိုပြတိုက်ကြီးပြီးစီးပါက တန်ဖိုးမဖြတ်နိုင်သော ထားဝယ်ဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များအား ခင်းကျင်းပြသသွားမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဘိုးဘွားများ အဆက်ဆက်စုဆောင်းထိန်းသိမ်းထားသော ရှေးဟောင်းပစ္စည်းများနှင့် ထပ်မံတွေ့ရှိ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို အများပြည်သူ လေ့လာနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ဖုန်း- ၀၆၇-၄၀၈၀၂၆သို့ ဖြစ်စေ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း-၀၁-၅၁၂၁၃၆၊ ၅၁၂၁၃၇ သို့ဖြစ်စေ၊ သာဂရမြို့ဟောင်း ဖုန်း-၀၉-၈၆၂၆၀၉၈ သို့ ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဝေးလံဒေသများတွင် သန်းခေါင်စာရင်းကြိုတင်ကောက်ယူ

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံတွင် နှစ် ၃၀ အတွင်း ပထမဦးဆုံးဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို အချို့ဝေးလံဒေသရာသီဥတုလမ်းပန်းဆက်သွယ်ရေးနှင့် ဘာသာစကားကန့်သတ်ချက်ရှိသော နယ်မြေများတွင် သတ်မှတ်ထားသည့် မတ်လ ၃၀ ရက်ထက်စောပြီး စတင်နေပြီဖြစ်ကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ သိရှိရသည်။

ကြိုတင်သန်းခေါင်စာရင်းကောက်ယူခြင်းကို ကချင်ပြည်နယ်ရှိ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)မိုင်းလားဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)“ဝ”ဒေသ၊ ဝေးလံခေါင်ဖျားဒေသများတွင် အကြိုကောက်ယူနေပြီဖြစ်ကြောင်း သိရသည်။ ပူတာအိုမြို့နယ်အတွင်းရှိ ဒဘွန်ဒမ်းရွာဒေသတွင် သန်းခေါင်စာရင်းကောက်ယူရန်အတွက် စာရင်းစစ်/စာရင်းကောက်များသည် နှစ်ပတ်ကျော်ခန့် ခရီးကြမ်းလျှောက်ရပြီး ပစ္စည်းများကို ကိုယ်တိုင်သယ်ယူရကြောင်း ဒေသခံသတင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ခံ၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ပူးပေါင်းပါဝင်ပြုပြင်ဆောင်ရွက်နေကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ပြည်သူလိုတာလုပ်ဖို့ရာ**
**အခွန်အမှန်လိုအပ်တာ**
**ပြည့်ဝအခွန်ပေးဆောင်လူ**
**ကျေးဇူးအမှန်တင်ထိုက်သူ**

# တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်းဒေသကြီးသို့သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအောက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော တိုင်းရင်းသားရေးရာဆပ်ကော်မတီသည် မတ် ၆ ရက်မှ ၇ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်များသို့ သွားရောက်ပြီး ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ၍ ပြည်သူလူထု၏ သဘောဆန္ဒနှင့် လိုအပ်ချက်များ၊ တိုင်းရင်းသားရေးရာဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးမြန်းအကြံပြုတင်ပြချက်များကို ဆွေးနွေးညှိနှိုင်း ရှင်းလင်းဖြေကြား ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် မောင်မောင်အုန်း၊ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဆပ်ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များလိုက်ပါခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ မှလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်ဇော်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီးတို့လည်း လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

မတ် ၆ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲတွင် ဒေသခံပြည်သူလူထု ၂၄၉ ဦး တက်ရောက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ရှင်းလင်းပြောကြားခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းတင်ပြချက်များကို တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ပုလဲရတနာခန်းမ၌ ဒေသခံပြည်သူလူထု ၃၀၅ ဦးနှင့်တွေ့ဆုံ၍ **(အောက်ပုံ)** နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ဖော်ဆောင်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူလူထု၏ ဆွေးနွေးမေးမြန်းတင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများသို့ တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းပုံစံ ဖြည့်စွက်ခြင်း

**၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မေးခွန်း ၄၁ ချက်ပါဝင်ပါသည်။**

၁။ မေးခွန်းနံပါတ် (၁)မှာ အမှတ်စဉ်ဖြစ်ပါသည်။

၂။ မေးခွန်းနံပါတ် (၂)မှာ အမည်ဟူသော အကွက်ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၁၄၊ မတ် ၂၉ ရက်နေ့ညဉ့် ဤအိမ်ထောင်စုတွင် မည်သူတွေ ညအိပ်ခဲ့ပါသလဲလို့ မေးပါလိမ့်မည်။ အောက်ပါအတိုင်း ဖြေဆိုရပါမည်-

(က) ၎င်းနေ့ညမှာ မိမိအိမ်တွင်အိပ်သော မိမိ မိသားစုဝင်သာမကပဲ မိမိအိမ်တွင် ဌားနေသူများ၊ ညအိပ်ဧည့်သည်များအားလုံးကို ရေးသွင်းရပါမည်။ ၎င်းသည် မိသားစုဝင် အိမ်ထောင်စုစာရင်းမဟုတ်သည့်အတွက် မိမိအိမ်ထောင်စုစာရင်းတွင် နာမည်စာရင်းပါရုံနှင့် ပိုင်ဆိုင်မှုဖြင့် သက်ဆိုင်ခြင်းမရှိပါ။

(ခ) စာရင်းကောက်သည့်အခါ မွေးစကလေးများ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနဲ့ ဧည့်သည်များကျန်ခဲ့တတ်၍ စာရင်းကောက်လာချိန်တွင် စုစုစည်းစည်းရှိနေသင့်ပါသည်။

(ဂ) အိမ်ထောင်ဦးစီးကဖြစ်စေ၊ အိမ်ထောင်ဦးစီးမရှိက မိသားစုဝင်ထဲမှ အရွယ်ရောက်ပြီးသူတစ်ဦးကဖြစ်စေ မေးခွန်းများကို ဖြေကြားရပါမည်။

(ဃ) သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ မွေးသည့်ကလေးတွင် အမည်မရှိသေးက၊ ကလေးအမည်နေရာတွင် မည်သူ့သား/သမီး (မိခင် သို့မဟုတ် ဖခင်အမည်၏ သား/သမီး)ဟု ရေးသွင်းပေးပါမည်။

(င) သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် အိမ်၌မရှိသော အိမ်ထောင်စုဝင်များ (ဥပမာ-ညတာဝန်ကျသော ရဲအရာရှိများ၊ သူနာပြုများ၊ ပင်လယ်ပြင်ရောက် တံငါသည်များ)ကို အိမ်စာရင်းတွင် ထည့်ကောက်ပါမည်။ ၎င်းနေ့တွင် ခရီးစထွက်သွားတဲ့သူများအား သက်ဆိုင်ရာ အိမ်ထောင်စုဝင်များမှ ဖြေကြားရပါမည်။

၃။ မေးခွန်းနံပါတ်(၃)မှာ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံဆိုသည့်မေးခွန်းဖြစ်ပါသည်။ အိမ်ထောင်ဦးစီး၊ ဇနီး/ခင်ပွန်း၊ သားသမီး၊ သမက်/ချွေးမ၊ မြေး၊ မြစ်စသည်ဖြင့် တော်စပ်ပုံကို မေးမြန်းပါမည်။ မှန်ကန်စွာဖြေကြားခြင်းဖြင့် ၎င်းမေးခွန်းကနေ မိသားစုအရွယ်အစား၊ မိသားစုဖွဲ့စည်းပုံနှင့် မိသားစုဆိုင်ရာအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ မေးခွန်းနံပါတ် (၄)က ကျား/မ မေးခွန်းဖြစ်သည်။ ယောက်ျားဖြစ်သည်/မိန်းမဖြစ်သည်အား ဖြေကြားရန်ဖြစ်ပါသည်။

၅။ မေးခွန်းနံပါတ် (၅)မှာ **ပြည့်ပြီးအသက်**ကို မေးပါမည်။ မိမိ၏ ပြည့်ပြီးသည့် အသက်ကို ဖြေကြားရန်ဖြစ်ပါသည်။ လာမည့် မွေးနေ့တွင် ပြည့်မည့်အသက်ကို မယူမိရန် ဂရုပြုရပါမည်။

၆။ မေးခွန်းနံပါတ် (၆)မှာ **အိမ်ထောင်ရေးအခြေအနေ** မေးခွန်းဖြစ်ပါသည်။ အပျို/လူပျို၊ အိမ်ထောင်သည်၊ မုဆိုးဖို/မ ၊ ကွဲကွာ၊ သာသနာ့ဝင် စသည်ဖြင့် မေးပါ့မယ်။ မှန်ကန်စွာ ဖြေကြားရန် ဖြစ်ပါသည်။

၇။ မေးခွန်းနံပါတ် (၇)မှာ ကိုးကွယ်သည့်ဘာသာ မေးခွန်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာ/ခရစ်ယာန်/အစ္စလာမ်/ဟိန္ဒူ/နတ်/ဘာသာမရှိ စသည်ဖြင့် မေးပါမည်။ မေးမြန်းမည့် ဘာသာထဲတွင် မပါဝင်ပါက အခြားထဲတွင် ထည့်သွင်းထားပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပြည်တွင်းသတင်း

# ပြန်ကြားရေးဝန်ကြီးဌာနက မွန်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်

**မော်လမြိုင် မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက မွန်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့်လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားရာ၌ ယခုကဲ့သို့ ပေးအပ်ခြင်းမှာ နိုင်ငံတော်သမ္မတနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ မီဒီယာကဏ္ဍမြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေး ဆောင်ရွက်မှုတွင် အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယခုကဲ့သို့ပေးအပ်ခြင်းမှာ နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြုမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုစေပါကြောင်း၊ Analogue စနစ်သည် ရုပ်/သံလိုင်း တစ်လိုင်းသာ ကြည့်ရှု၍ ရနိုင်ခြင်းမှ ယခုကဲ့သို့ Digital စနစ်သို့ ပြောင်းလဲခြင်းကြောင့် ရုပ်/သံလိုင်း ၁၅ လိုင်းမှ ၁၆ လိုင်းအထိ ကြည့်ရှု၍ရနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရုပ်သံအရည်အသွေး ပိုမိုကောင်းမွန် ကြည်လင်စွာ ကြည့်ရှုသွားနိုင်မည်ဖြစ်ကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်ထံ DVB- T2 Set Top Box များကို ပေးအပ်သည်။

ဆက်လက်ပြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က DVB-T2 Set Top Box များကို ဒေသအတွင်းရှိ လူမှုအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက လက်ခံရယူသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က ယခင်က ရုပ်သံလိုင်းတစ်လိုင်းသာ ကြည့်ရှုနေရခြင်းမှ ယခုအခါ ရုပ်သံလိုင်းများစွာကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ပြီ ဖြစ်ပါကြောင်း၊ လွှတ်တော်ရေးရာ၊ တိုင်းရင်းသားရေးရာ၊ တောင်သူလယ်သမားရေးရာစသည်ဖြင့် ကဏ္ဍစုံလင်စွာ ကြည့်ရှုရပြီး ပြည်သူလူထုအတွက် အသိဉာဏ်ပညာဗဟုသုတများ ပိုမိုတိုးပွားရရှိလာနိုင်သဖြင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အင်ဂျင်နီယာအဖွဲ့က Set Top Box တပ်ဆင်အသုံးပြုပုံကို သရုပ်ပြရှင်းလင်းသည်။ Set Top Box တပ်ဆင်အသုံးပြုခြင်းဖြင့် MRTV အပြင် MI၊ MRTV-4၊ Channel-7၊ လွှတ်တော်ရုပ်သံလိုင်း၊ တောင်သူလယ်သမား ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်းနှင့် မြဝတီရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ရွှေပတ္တမြား၊ ချယ်ရီစသည့် FM ရေဒီယိုလိုင်းများလည်း ဖမ်းယူရရှိနိုင်ကြောင်း သိရသည်။

ယနေ့တွင် မွန်ပြည်နယ်အတွင်းရှိ ခြောက်မြို့နယ်မှ လူမှုအသိုက်အဝန်း ၁၄ ခုနှင့် အိမ်ထောင်စုများအတွက် DVB-T2 Set Top Box ၁၆၀၀၂ လုံးကို အခမဲ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေး

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တယ်လီနော့ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr.Petter Furberg နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေး ကွန်ရက်စနစ်များ တည်ဆောက်ကာ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကြည့်ရှုအားပေး

**ရန်ကုန် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အထက(၃)မရမ်းကုန်း၊ အထက(၂)ကမာရွတ်နှင့် အထက(၂)စမ်းချောင်း ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ လိုက်လံကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်တွင်းစာစစ်ဌာနပေါင်း ၁၂၇၂ ခု၊ နိုင်ငံခြားစာစစ်ဌာနပေါင်း ၁၅ ခု အပါအဝင် စာစစ်ဌာနပေါင်း ၁၂၈၇ ခုတို့၌ ကျောင်းတွင်းမှ ဝင်ရောက်ဖြေဆိုသူ ၃၃၉၄၇၁ ဦး၊ ကျောင်းပြင်ပမှ ဝင်ရောက်ဖြေဆိုသူ ၂၄၉၁၄၁ ဦး အပါအဝင် စုစုပေါင်း ၅၈၈၆၁၂ဦးတို့ ဝင်ရောက်ဖြေဆိုကြရန် စာရင်းပေးသွင်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ငွေကျပ် ၁၁၉ သိန်းကျော်ရှိ နာရီများထည့်ထားသော စက္ကူဖာကို ခိုးယူခဲ့သူများအား ဖော်ထုတ်အရေးယူ

**ရန်ကုန် မတ် ၁၃**

မတ် ၁၂ ရက် ညနေ ၃ နာရီခန့်က Elite Express ခရီးသည် ပို့ဆောင်ရေးမှ ကိုနေဖြိုးအောင်သည် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် အောင်ဆန်းကွင်းတောင်ဘက် Elite ကုန်ပစ္စည်းလက်ခံဌာနတွင် ချယ်ရီဦးကုမ္ပဏီမှ နေပြည်တော်သို့ ပေးပို့ရန် စက္ကူဖာငါးဖာအပ်နှံလာ၍ လက်ခံထားရှိခဲ့ပြီး ညနေ ၆ နာရီခန့်တွင် ၎င်းစက္ကူဖာများအနက် စက္ကူဖာတစ်ဖာမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် ၎င်းမှ ချယ်ရီဦးကုမ္ပဏီသို့ ဆက်သွယ်မေးမြန်းခဲ့ရာအတွင်း၌ နာရီမျိုးစုံ ၁၅၁ လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၉ သိန်းကျော် ပါရှိကြောင်းသိခဲ့ရသည်။ ယင်းကဲ့သို့ နာရီများပါသည့် စက္ကူဖာခိုးယူခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းအရေးယူပေးပါရန် ကိုနေဖြိုးအောင်က တိုင်တန်းခဲ့သောကြောင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ကြရာ အောင်ဆန်းကွင်းတွင် ခရီးသွားလက်မှတ်ရောင်းသူများဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ်နေ လှမင်း (ခ)လှဌေးနှင့် ဇော်လတ်တို့ကို မသင်္ကာဖွယ်စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာမှ ၎င်းတို့နှစ်ဦးက ခိုးယူထားခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ လှမင်း(ခ)လှဌေးနှင့် ဇော်လတ်တို့နှစ်ဦးကို အမှုဖြင့် ဆက်လက်အရေးယူကာ သက်သေခံပစ္စည်းပြန်လည်သိမ်းဆည်းရရှိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**


### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေယာအမှတ်(၁၂၃)၊ ဧရိယာ ၀ဒသမ၁၁၀အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးအောင်ရွှေ၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြသက်ထွဋ် ၁၂/ပမန(နိုင်)၁၂၆၁၅၇က ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းနု ၁၂/ဥကတ(နိုင်)၀၄၈၅၇၉က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူမြင့်း (LL.B)**
**စဉ်-၃၂၉၀၂၊ အထက်တန်းရှေ့နေ**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရုံးဝင်းအတွင်း**
**ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၇၁၁၄၅၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းလင်းထက်၏ CDC No. 76250 ၏ SSA မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၁၉၇၀**

### ပျောက်ဆုံးကြောင်း

ဦးကျော်တင့်၏သား မောင်ဖြိုးဝေအောင် ၁၂/မဂဒ(နိုင်)၀၉၇၂၀၃၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၇၇၅၅၆၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းချမ်းထက် ၁၂/ကမတ(နိုင်)၀၈၄၈၈၆ ပိုင်ဆိုင်သော ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၃၉၅၁၀**

### ဖခင်အမည်မှန်

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးရှေ့ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အိမ်အမှတ် ၁၂ နေ မဖြူနှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင်ဖြစ်ပါသည်။

**ဦးဝင်းကြိုင် ၁၂/ဆကခ(နိုင်)၀၁၂၉၂၅**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၄၆၆၅ မစ်ဆူဘီရှီကန်တာ လိုက်ထရပ် (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလင်း ၁၂/လသန(ပြု)၀၀၀၀၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၀/ဒီ)၊ အခန်းအမှတ်(၂၀၂-အေ)၊ သီရိမင်္ဂလာလမ်းနေ ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၃၃၀၅၀က အောက်ပါအတိုင်းအသိပေးကြော်ငြာအပ်ပါသည်။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက်၊ အမှတ် ၅၃၀ ခမ္မလမ်းနယ်မြေ ၂တွင် နေထိုင်သူ ဦးအောင်ငြိမ်း ၁၂/ရကန(နိုင်)၀၂၂၅၆၉ အမည်ပေါက် ပိုင်ဆိုင်ခဲ့သော ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၁၅)၊ ကွင်း/အကွက်အမှတ် (၁၉)လွယ်ကိုးဘုရား တောင်မြေဧရိယာ ၉ဒသမ၇၉ (ဧက)ရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား ဦးအောင်ငြိမ်းက ၎င်းပိုင်ဆိုင်ကြောင်း ရောင်းပိုင်ခွင့်ရှိကြောင်း တာဝန်ခံရောင်းချထားသောကြောင့် ဦးစိုးမြင့်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးအောင်ငြိမ်းအား ပေးပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ၊ စာချုပ်စာတမ်းမှတ်ပုံတင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီတားဝရမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စနှင့် ပိုင်ဆိုင်မှုလျှောက်ထားခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၃၃၀၅၀**
**အမှတ် (၂၀/ဒီ)၊ အခန်းအမှတ် (၂၀၂-အေ)၊ သီရိမင်္ဂလာလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၃၀၃၄၈၊ ၀၁-၃၇၄၆၉၄**

# ရန်ကုန်မြို့တွင်း အချက်အချာကျသော ရန်ကုန်ဘူတာကြီးတွင် ဖွင့်လှစ်ထားရှိသည့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရာနေရာ စည်ကားလျက်ရှိ

**ရန်ကုန် မတ် ၁၃**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ အများပြည်သူများ လုပ်ငန်းလုပ်ဆောင်ရာတွင် လွယ်ကူစေရန်အတွက် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရန် နေရာသစ်များအဖြစ် ရန်ကုန်ဘူတာကြီးနှင့် ရွာသာကြီး (ကညန)တွင် မတ် ၄ ရက်က ထပ်မံဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင်း အချက်အချာနေရာကျသော ရန်ကုန်ဘူတာကြီးတွင် ဖွင့်လှစ်ထားရှိသည့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးသည့်နေရာမှာ လာရောက်သက်တမ်းတိုးကြသော အများပြည်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီက တွေ့မြင်ခဲ့ရပြီး မွန်းလွဲ ၁ နာရီကလည်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ယာဉ်မောင်းလိုင်စင် လာရောက်သက်တမ်းတိုးကြသော အများပြည်သူများအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံစကားပြောကြားခဲ့သည်။

လက်ရှိတွင် ရန်ကုန်ဘူတာကြီး ရုံးချိန်အတွင်း၌သာ လာရောက်သက်တမ်းတိုးကြရမည့် အများပြည်သူများအတွက် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ပေးသွင်းရန် ငွေစာရင်းများအရ 'ခ' လိုင်စင်အား မှတ်ပုံတင်ခ (ငါးနှစ်စာအတွက်) ငွေကျပ် ၁၀၀၀၊ လိုင်စင်ကတ်အတွက် ငွေကျပ် ၁၂၀၀၊ အာမခံကြေး (ငါးနှစ်စာအတွက်) ငွေကျပ် ၅၀၀ တို့ဖြင့် စုစုပေါင်း ငွေကျပ် ၂၇၀၀ သတ်မှတ်ထားရှိပြီး 'ဃ' နှင့် 'င' လိုင်စင်တို့အတွက် မှတ်ပုံတင်ခ (သုံးနှစ်စာအတွက်) ငွေကျပ် ၁၂၀၀၊ လိုင်စင်ကတ်အတွက် ငွေကျပ် ၁၂၀၀၊ အာမခံကြေး (သုံးနှစ်စာအတွက်) ငွေကျပ် ၆၀၀ တို့ဖြင့် စုစုပေါင်း ငွေကျပ် ၃၀၀၀ သတ်မှတ်ထားရှိသည်။ ထို့အပြင် ရန်ကုန်ဘူတာကြီးရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြေညာဆိုင်းဘုတ်တွင် ဖော်ပြထားခြင်းမရှိသော်လည်း ဆိုင်ကယ်'က' လိုင်စင်နှင့် စပယ်ယာများအတွက် 'စ' လိုင်စင်များလည်း ပြုလုပ်ပေးနေကြောင်း မတ် ၁၀ ရက်က အဆိုပါ ကောင်တာနေရာမှ သတင်းကောင်း ထပ်မံကြားသိရသည်။

ရန်ကုန်ဘူတာကြီးတွင် တာဝန်ဆောင်ရွက်လျက်ရှိနေသော ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်ဝင်းကို ယာဉ်မောင်းလိုင်စင် လာရောက်သက်တမ်းတိုးကြရာ၌ မည်သည့်လိုအပ်ချက်များ လိုအပ်ကြောင်းကို စပ်လျဉ်း၍ မေးကြည့်ရာ ၎င်းက "နဂိုရှိနေတဲ့ ကာယကံရှင် ကိုယ်တိုင် လာရောက် သက်တမ်းတိုးရင်တော့ အန်တီတို့က မှတ်ပုံတင်မတောင်းပါဘူး။ ကိုယ်စားတစ်ယောက်လာရင်တော့ အဲဒီကိုယ်စားရဲ့ မှတ်ပုံတင်မိတ္တူနဲ့ ဖုန်းနံပါတ်များကို ပုံစံဖြည့်ပေးရမှာဖြစ်ပါတယ်။ အခု သက်တမ်းတိုးပြုလုပ်ပေးတဲ့ကြာချိန် အတိုင်းအတာကတော့ ဘယ်လောက်ကြာလဲဆိုရင် လူအနည်းအများအပေါ် မူတည်ပြီး လုပ်ပေးနေပါတယ်။ ဒီမှာ စက်က တစ်ခုတည်းရှိတာပါ။ ဝန်ထမ်းအင်အားကတော့ အန်တီအပါအဝင် လေးဦးပါ။ မြန်မာ့အာမခံလုပ်ငန်းက အာမခံငွေဖြတ်ပေးတဲ့ တစ်ဦးနဲ့ဆိုတော့ အားလုံးပေါင်း ငါးဦးရှိပါတယ်။ သက်တမ်းတိုးတာက သောကြာနေ့ ညနေအထိကို စောင်ရေ ၂၅၄ စောင် တိုးပေးပြီးပါပြီ၊ ဒီနေ့ကတော့ စောင်ရေ ၈၀ လောက် ထွက်သွားပြီးပါပြီ"ဟု နေ့လယ်ပိုင်းက ရှင်းပြခဲ့သည်။

ယာဉ်မောင်းလိုင်စင် လာရောက်သက်တမ်းတိုးသော လူငယ်တစ်ဦးကို တွေ့ဆုံမေးမြန်းရာ "တစ်နာရီ ကျော်လောက်တော့ စောင့်လိုက်ရပါတယ်။ ဝန်ထမ်းအင်အားက နည်းသလိုပါပဲ။ ဝန်ထမ်းအင်အား ထပ်မံတိုးပြီး ဒီထက်ပိုမို မြန်ဆန်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အချက်အချာကျတဲ့နေရာမှာ ဖွင့်ပေးထားတာဆိုတော့ ကျွန်တော်တို့အတွက် လာရတာ တော်တော်လေး လွယ်ကူသွားပါတယ်"ဟု ဆိုသည်။

**ကြိုးပမ်းလျက်ရှိ**

လက်ရှိအသစ် ထပ်မံဖွင့်လှစ်လိုက်သော အဆိုပါ ရန်ကုန်ဘူတာကြီးရှိ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရာနေရာရှိ ကောင်တာတွင် လာရောက် သက်တမ်းတိုးကြသော အများပြည်သူများ၏ အကြံပြုချက်များကိုလည်း ရယူလျက်ရှိနေကာ ညနေပိုင်း အချိန်တိုင်း လိုင်စင် လာရောက် သက်တမ်းတိုးကြသူများ၏ ရေးသားထားသော အကြံပြုချက်များအား ဝန်ထမ်းများကကြည့်ရှုလျက်ရှိနေကြောင်းသိရပြီး နောင်တွင် ယခုကဲ့သို့အများပြည်သူများ အလွယ်တကူ ဆောင်ရွက်နိုင်မည့်နေရာများကို ဆက်လက်၍ တစ်ခုပြီးတစ်ခု ဖွင့်လှစ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**စိုးဝင်း (SP)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရေနုတ်မြောင်းများဆောင်ရွက်ပေးပါ

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းသွယ်သည် ကိုယ့်အားကိုယ်ကိုး ခင်းကျင်းခဲ့သော လမ်းသွယ်တစ်ခုဖြစ်ပါသည်။ ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲခဲ့ပြီးဖြစ်သော်လည်း လမ်းပခုံးနှင့် ရေနုတ်မြောင်းများ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ခြင်းမရှိသဖြင့် ယခုအခါ ရေမြောင်းများပိတ်ဆို့ပြီး လမ်းပေါ်သို့ အညစ်အကြေးများ လျှံတက်ခြင်း၊ အနံ့အသက်ဆိုးများ ထွက်နေခြင်းနှင့် ခြင်များပေါက်ပွားလျက်ရှိပါသည်။

ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့် ရေမြောင်းများ ဆယ်တင်ခဲ့သော်လည်း အချို့နေရာများတွင် ရေမြောင်းများ ဆယ်တင်ရန် ခက်ခဲလျက် ပိတ်ဆို့မှုများကို မရှင်းလင်းနိုင်ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ စစ်ဆေးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသွယ်နေထိုင်သူများ**

..............

### ငြိမ်းချမ်းရေးလမ်း မီးအားအပြည့်ရချင်

သန်လျင်မြို့ ဒါရိကာရပ်ကွက် ငြိမ်းချမ်းရေးလမ်းသွယ်တစ်လျှောက်တွင် ဗို့အားများကျနေသဖြင့် မီးအဝင်မှာ ၂၀ သာရှိပါသည်။ သက်ဆိုင်ရာသို့ လူကိုယ်တိုင်အကြိမ်ကြိမ် ပြောဆိုသော်လည်း လာပြင်ပေးမည်ဆိုကာ မလာခဲ့ပါ။ လမ်းတွင် နေထိုင်သည့် ကျောင်းသား ကျောင်းသူများ ဖယောင်းတိုင်မီးဖြင့်သာ စာကျက်နေရပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

**မီးအလင်းရောင်ရချင်သူ**

..............

### ၂၄ နာရီ မီးရရှိစေလို

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရေဥက္ကံ/သောင်ကြီးလေးရပ်ကွက်တွင် ည ၈ နာရီမှ နံနက် ၆ နာရီအထိ ညစဉ်ပုံမှန်မီးရရှိသည်။ နေ့ဘက်တွင် နံနက် ၆ နာရီမှစ၍ မီးဖြတ်ပြီး ည ၈ နာရီတွင် မီးပြန်ပေးပါသည်။ နေ့ဘက် နှစ်နာရီခြားပေး၍ ဖြတ်ခြင်းနှင့် ပတ်သက်ပြီး မြို့နယ်လျှပ်စစ်သို့ ဆက်သွယ်မေးမြန်းသောအခါ တာဝန်ရှိသူက ရေဥက္ကံ၊ သောင်ကြီးလေးရပ်ကွက်သို့ ၂၄ နာရီ မီးပေးထားကြောင်း၊ နေ့ဘက် နှစ်နာရီခြား ဖြတ်တောက်ခြင်းမရှိကြောင်း ပြန်ကြားပါသည်။

သို့ဖြစ်ပါ၍ ၂၄ နာရီ မီးပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရေဥက္ကံ/သောင်ကြီးလေးသားများ**

**စားဝတ်နေရေး၊ ပြည့်စုံရေး မီးဘေးမပေါ့နှင့်။**


## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (1) | Web Offset Machine | 1 Set |
| (2) | CTP (Computer to Plate) Machine | 3 Set |
| (3) | Computer Core i7 Dell Optiplex 9020 MT | 21 Nos |
| (4) | Laptop Computer | 11 Nos |
| (5) | Generator 250 KVA | 2 Nos |
| (6) | Air Conditioner (5.0 HP) Ceiling Type | 6 Nos |
| (7) | Myanmar Double Cab | 1 No |
| (8) | Myanmar Single Cab | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၃-၃-၂၀၁၄ရက်မှ ၂၃-၃-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီ ညနေ ၄း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၃-၂၀၁၄ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း နေပြည်တော် ရုံးအမှတ် ၇ ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုတ်ခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ် ၇၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၁၃၃၊၀၆၇-၄၁၂၁၂၈ | ရုံးအမှတ် ၇၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၂၇ |



### မန္တလေးခရိုင်တရားရုံး
### ၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁၀
### အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ(၂၉)အရ ရောင်းချခွင့်ပြုရန် လျှောက်ထားခြင်း
## အကြောင်းကြားစာ

ဒေါ်နွဲ့နွဲ့စန်း
အကွက်အမှတ်(န-၈)
၆၂ လမ်း၊ ၃၈×၃၉ လမ်းကြား၊
မဟာမြိုင်(၂)ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အမှတ်(န-၈) နေ မောင်ဝေယံရဲရင့်၏ အုပ်ထိန်းသူအဖြစ်ခန့်အပ်ခြင်းခံရသူ ဒေါ်နွဲ့နွဲ့စန်းက မောင်ဝေယံရဲရင့် ပိုင်ဆိုင်သော-

(၁) မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)၊ ဦးပိုင်အမှတ်(၅-ဠ)

(၂) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၈)၊ ဦးပိုင်အမှတ်(၁၇+၂၀)၊ မြေဧရိယာ ၀ဒသမ ၀၅၅၁ + ၀ဒသမ၀၅၅၁၊

(၃) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၉)၊ ဦးပိုင်အမှတ်(၂၈-က)၊ (၂၈-ခ)၊ (၂၈-ဃ)၊ (၂၈-င) ဂရန်မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ-၂၉အရ ရောင်းချလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ မောင်ဝေယံရဲရင့်၏ ရောင်းချခွင့်နှင့်သက်ဆိုင်သူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ်၊ မတ် ၁၇ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်နွဲ့နွဲ့စန်း၏ လျှောက်ထားချက်ကိုကြားနာ၍ ရောင်းချခွင့်ပြုသင့်၊ မပြုသင့်ကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဒေါ်မြတ်မွန် ပါ-၂ **နှင့်** ဦးစိန်ဝင်း
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ၇၄လမ်း၊ ၂၇×၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးစိန်ဝင်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ-ဦးအေးကို) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၁)၊ ဦးပိုင်(၆၅) မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း၊ မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၄ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း နေပြည်တော်ရှိ ရွှေရှင်ရယ်မြန်မာ ဂေါက်ကလပ်၌ မတ် ၁၃ ရက်က ကျင်းပသည့် ၂၀၁၄ခုနှစ် မြန်မာ ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်) ကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။
ဓာတ်ပုံ-စိုးညွန့်

✻ *ကျော်ဖုံးမှ*

ဂျုပ်စီးပွားရေးဈေးကွက်လုပ်ငန်းမှာ ပင်လယ်ပြင်တွင်ရှိနေသည့် ကမ်းဝေး ငါးဖမ်းစက်လှေကြီးများမှ စွန့်ပစ်ငါး ပုစွန်များကို ဝယ်ယူသည့်လုပ်ငန်းဖြစ် သည်။ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်း ခြေအရှေ့ဘက် ဖျာပုံမြစ်ဝကမ်းခြေ ဒေသ နောက်မီး၊ ဘုန်းကြီးသောင်၊ အရှေ့ဖျားမှစ၍ အလယ်ပိုင်းကဒုံကနီ၊ အေရာ၊ ကိုင်းသောင်၊ အနောက်ဘက် ပြင်စလူ၊ ဟိုင်းကြီးဒေသများအထိ လုပ်ကိုင်ဆောင်ရွက်နေသည့် ကမ်း ခြေဒေသ စီးပွားရေးလုပ်ငန်းဖြစ်သည်။

ပင်လယ်ရေအောက်ရှိ ငါးပုစွန် များကို ဂျုပ်များနှင့် ခြစ်ဆွဲသလို ဖမ်းယူနေကြသဖြင့် ဂျုပ်ဟုခေါ်ကြ ခြင်းဖြစ်သည်။ ဂျုပ်ငါးဖမ်းသင်္ဘော များသည် ဖမ်းဆီးရမိလာသည့် ငါးပုစွန်များထဲက ၎င်းတို့ယူလိုသည့် ငါးပုစွန်တွေကို ရွေးချယ်ထုတ်ယူပြီး ကျန်သည့် ငါးပုစွန်တွေကို ပင်လယ် ထဲသို့ပြန်လည်စွန့်ပစ်ကြသည်။ ဂျုပ် စက်လှေတွေကလည်း ပင်လယ်ထဲသို့ ပြန်လည်စွန့်ပစ်ရမည့် ငါးပုစွန်တွေ ဖြစ်နေသဖြင့် နှမြောတွန့်တိုခြင်းမရှိ။ ထို့ကြောင့် ကမ်းခြေရေလုပ်သားတွေ ကလည်း စက်လှေတစ်စင်းနိုင် သလောက် အပြည့်အမောက်သယ်ယူ ကာ သက်ဆိုင်ရာကျေးရွာတွေမှာ ပြန်ရောင်းကာ သုံးလေးသောင်းခန့် တွက်ခြေကိုက်ကြသည်။ လုပ်ကိုင် ဆောင်ရွက်သူတွေ သိသိသာသာ အဆင်ပြေလာခဲ့ကြသည်။ တစ် ယောက်က အဆင်ပြေလာသဖြင့် နောက်တစ်ဦးက လိုက်လုပ်ပြန်သည်။ သို့နှင့်ပင် လုပ်ကိုင်သူတွေက တဖြည်း ဖြည်းများလာပြီး ဈေးကွက်တစ်ခု အဖြစ် တွင်ကျယ်ခိုင်မာလာခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ လုပ်ကိုင်သူတွေများပြား လာသဖြင့် စွန့်ပစ်ငါးပုစွန်တွေရရှိ ရေးအတွက် အစားအသောက်တွေ ပေးသည့်အပြင် ငွေကြေးပေးဝယ်ယူ ပြီး ပင်မစီးပွားရေးလုပ်ငန်းတစ်ခု အဖြစ် လုပ်ကိုင်ဆောင်ရွက်လာခဲ့ ကြသည်။ အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်များ ကြောင့်ပင် မြစ်ဝကျွန်းပေါ်ပင်လယ် ကမ်းခြေဒေသများတွင် အရင်းအနှီး နည်းနည်းနှင့် မျိုးမျိုးမြတ်မြတ် ကလေးစားနေရသည့် ဂျုပ်စီးပွားရေး ဈေးကွက်စီးပွားရေး လုပ်ငန်းသစ် တစ်ခု ပေါ်ပေါက်လာခဲ့တော့သည်။

အဆိုပါဂျုပ်စီးပွားရေးဈေးကွက် လုပ်ငန်းမှာ ပင်လယ်ရေလုပ်ငန်း တစ်ခုမဟုတ်သော်လည်း ပင်လယ်ရေ လုပ်ငန်းများမှ ထုတ်လုပ်နေသည့် ရေထွက်ကုန်ပစ္စည်း တော်တော်များ များထွက်ရှိနိုင်သည့် လုပ်ငန်းဖြစ် သည်။ ဂျုပ်စက်လှေတွေဆီက ဈေး ပေါပေါနှင့် ဝယ်ယူရရှိလာသည့် စွန့်ပစ်ငါးပုစွန်များမှ၊ ငါးပိ၊ ငါး ခြောက်၊ ငံပြာရည်နှင့် ကြက်စာခြောက် တွေကို ထုတ်လုပ်ရရှိနေသည်။ အထူး သဖြင့် ကြက်စာခြောက်နှင့် ငါးပိ ခြောက်များကို ထုတ်လုပ်နိုင်သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ပင်လယ် ကမ်းခြေဒေသများတွင် လူကြိုက် များလာပြီး တွင်ကျယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျုပ်စီးပွားရေးဈေးကွက် လုပ်ငန်းအနေနှင့် မြန်မာ့ပင်လယ် ပြင်၏ ငါးပုစွန်လေလွင့်ပြုန်းတီးမှုကို အပြည့်အဝ ကာကွယ်မပေးနိုင်ခြင်း မရှိသေး။ ရေထွက်ကုန်ပစ္စည်း ဈေးကွက်များသည် ကောက်ရိုးမီးလို အတက်အကျ မြန်ဆန်လွန်းသဖြင့် တစ်ခါတစ်ရံ ဈေးကွက်အခြေ အနေအရ ဂျုပ်စီးပွားရေး ဈေးကွက် လုပ်ငန်းများကို မလုပ်နိုင်ကြ။ ထိုကဲ့သို့ အချိန်အခါမျိုးတွင် မြန်မာ့ ပင်လယ်ပြင်မှ ဂျုပ်ငါးဖမ်းစက်လှေများ အနေနှင့် သူတို့၏ ပိုလျှံငါးပုစွန်တွေ ကို ဝယ်ယူသူမရှိသဖြင့် ပင်လယ်ထဲ ကိုပြန်လည်လွှင့်ပစ်ကြရပြန်သည်။

သို့သော် ဂျုပ်စီးပွားရေးဈေးကွက် အနေနှင့် ဈေးကွက်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာလျှင် ပြန်လည် လုပ်ကိုင်လာကြပြန်သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ ဒေသများမှ ဂျုပ်စီးပွားရေးဈေးကွက် မှာ မြန်မာ့ပင်လယ်ပြင်က ငါးပုစွန် လေလွင့်မှုတွေကို အတိုင်းအတာ တစ်ခုထိ ကာကွယ်တားဆီးပေးနေ ကြောင်းလေ့လာသိရှိရသည်။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၃-၂၀၁၄

### ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | |
|---|---|
| ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၈၉၀၀၀ |
| ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား | ၆၄၈၅၀၀ |
| မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၈၉၈၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၉-၉၈၄ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၇-၁၃၄၂ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၅ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၇-၃၀. ၉ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅. ၄-၁၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၆၀ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၄ | ကျပ် |

### စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၈၀ ကျပ် |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၄၀၀-၃၇၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၂၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၈၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၃၀၀၀-၂၇၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၅၀၀ | ကျပ် |
| ၁၀။အမဲ | တစ်ပိဿာ | ၄၀၀၀-၆၅၀၀ | ကျပ် |
| ၁၁။ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၇၀၀၀ |
| ၂။ ပေါ်ကွဲ(အသစ်) | တစ်အိတ် | ၁၇၃၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၇၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၁၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၇၀၅ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၇၀၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၀၅၀-၁၀၇၅ |
| ၉။ အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၂၅၀-၆၂၅ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၇၀၀-၂၈၅၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀၀-၄၇၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၄၀-၉၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

ရွှေကြေးစည် - ငွေမင်္ဂလာ / [illegible]
[illegible]

KME
[illegible]
MECA PUMP
[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ၊ မြေအမှတ် ၁၁၇၊ မြေကွက်တည်နေရာ (ဒေါ်အုန်းကြည်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းကြည် (မိခင်)နှင့် ဖခင် ဦးတင်ဝင်းတို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးသန်းဝင်း ၁၂/ဒပန(နိုင်)၀၁၈၆၁၂ ကိုယ်စား (GP ၂၆၃၀၆/၂၀၁၃) ရသူ ဒေါ်မာမာ ၇/ညလပ(နိုင်)၀၈၅၂၂၈က ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာချက်
[illegible]

ကန့်ကွက်ရန်ကြော်ငြာ
[illegible]

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် တောင်ခုပ်လမ်း၊ ကျိုင်းရင်းရပ်၊ ကျိုင်းတုံစော်ဘွားဟော်ဝင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဟိုတယ်(ဟောင်း)အား ဟိုတယ်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန်စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား နှစ်ရှည် (၁၅)နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေးခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ် ၃၃၊ နေပြည်တော်တွင် တစ်စုံလျှင် ၂၀၀၀၀ိ/-ဖြင့် ၁၄-၃-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ ခုနှစ် မတ် ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၄ ခုနှစ် မတ် ၂၁ ရက် (သောကြာနေ့) ၀၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက် ၁၃း၃၀နာရီအချိန်တွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ တင်ဒါတင်သွင်းသူများဈေးနှုန်းအား ကြော်ငြာပြီး တင်ဒါအောင်မြင်သူကို ဝန်ကြီးဌာန၏ တင်ဒါရွေးချယ်ရေးဘုတ်အဖွဲ့နှင့် ဝန်ကြီးဌာန၏ အလုပ်အမှုဆောင်ကော်မတီမှ အတည်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဝါခင်းတောင်ကျောင်းလမ်း၊ ဦးထွန်းစိန်ကုန်း၊ အမှတ် ၁၁၂၆/ခ ဟုခေါ်တွင်သော (အလျားဖ၆ပေ×အနံ၃၇ပေ) လမ်း ၁၀ပေအပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်၍**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေနှင့်ပတ်သက်၍ မိမိသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးကျော်သောင်း ၁၂/မရက(နိုင်)၀၇၂၂၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့)
LL.B, D.B.L, D.M.L, D.I.L, P.D.S.W (Psy:)
C.A.E.S(ASEAN), B.D.S(MOFA)
အထက်တန်းရှေ့နေ (စဉ်-၃၀၄၇၁)
ဖုန်း-၀၉-၂၅၀၀၄၃၈၉၅

## သင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

**မော်လမြိုင် မတ် ၁၃**

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက ၂၀၁၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေးကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ NGO များ၊ ပြည်သူ ၁၅၀ ခန့် တက်ရောက်သည်။ ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး နာယကအဖွဲ့ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

လုပ်ငန်းကော်မတီများအနေဖြင့် ဗဟိုမဏ္ဍပ် ဆောက်လုပ်ရေးကော်မတီ၊ ဖွင့်ပွဲ ပိတ်ပွဲကျင်းပရေး၊ ဖျော်ဖြေရေး၊ ယိမ်းအဖွဲ့နှင့် ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီများစသည့် ကော်မတီများဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

## မန္တလေးမဟာသင်္ကြန် ကြိုတင်ပြင်ဆင်နေကြပြီ

**မန္တလေး မတ် ၁၃**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သည် လူငယ်များသာမက လူလတ်ပိုင်း၊ လူကြီးပိုင်းများကပါ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည့် ပွဲတော်ကြီးဖြစ်ပေသည်။ ယခုအခါ ၎င်းပွဲတော်ကြီးကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ရေပက်မဏ္ဍပ်များ အပြိုင်အဆိုင် ကြိုတင်ပြင်ဆင်နေကြပြီ ဖြစ်သည်။ ၁၃၇၅ ခုနှစ် မန္တလေးမဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များကလည်း သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရေပက်မဏ္ဍပ်များ တည်ဆောက်မည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်လမ်းများဖြစ်သော ကျုံးတောင်ဘက် ၂၆ ဘီလမ်း၊ ကျုံးအရှေ့ဘက် ၆၆ လမ်းနှင့် ကျုံးအနောက်ဘက်လမ်း ၈၀ နှင့် မန္တလေးမြို့ကန်တော်ကြီး အပါအဝင် မန္တလေးမြို့တွင်း အလှပြမဏ္ဍပ်များ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ မန္တလေးမဟာသင်္ကြန်ပွဲတော်ကြီးကို ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များကပါ လာရောက်ဖျော်ဖြေမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## အရေးပေါ်အခြေအနေတုံ့ပြန်မှု ဗဟိုဌာနထူထောင်ရေး လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၃**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော အရေးပေါ်တုံ့ပြန်မှု ဗဟိုဌာန ထူထောင်ရေးလုပ်ငန်းခွင် အကြိုသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန် အမှတ်(၂) ရှိ Jade City ဟိုတယ်၌ မတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အီးယူသံအမတ်ကြီး Mr.Ronald Kobia က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းနှင့် အဆင့်မြင့်အရာရှိများ၊ သင်တန်းသား သင်တန်းသူများ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ယနေ့ဖွင့်လှစ်သော လုပ်ငန်းခွင်အကြိုသင်တန်းသည် မတ် ၁၂ ရက်နှင့် ၁၃ ရက် နှစ်ရက်တာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ Eu မှ လေ့လာသူနှစ်ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## အငှားယာဉ်က ရပ်နားထားသော အငှားယာဉ်ကို တိုက်၍ တိမ်းမှောက် ခရီးသည်အမျိုးသားတစ်ဦး သေဆုံး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အမှတ်(၂)ရပ်ကွက် ဘူတာရုံလမ်းမပေါ်တွင် အငှားယာဉ်တစ်စီးက အငှားယာဉ်တစ်စီးကို တိုက်မိ၍ တိမ်းမှောက်သွားကြောင်း မတ် ၁၁ ရက် ည ၉ နာရီခန့်က သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော ယာဉ်အမှတ် ၉ဂ/--- တိုရိုတာကိုရိုလာအပြာရောင် အငှားယာဉ်သည် အောင်ဇေယျ လမ်းသွယ်ထိပ်အနီး လမ်းဘေးရပ်နားထားသော ယာဉ်အမှတ် 9A/--- တိုရိုတာကိုယ်ိုလာအဖြူရောင် အငှားယာဉ်ကို အရှိန်ဖြင့်ဝင်ဆောင့် တိုက်မိရာမှ တိမ်းမှောက်သွားသောကြောင့် ယာဉ်ပေါ်ပါခရီးသည် အမှတ်(၁၇)သဇင်လမ်း ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေ ကိုအောင်မိုး(၄၂ နှစ်)မှာ ဒဏ်ရာပြင်းစွာရရှိ၍ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း ယာဉ်မှုစစ်တပ်ဖွဲ့စု (၁၅) ရဲအုပ်သန်းမင်းထက် စစ်ဆေးချက်အရ သိရသည်။

ထွက်ပြေးတိမ်းရှောင်သွားသော အဆိုပါ ယာဉ်မောင်းကို ယာဉ်မဆင်မခြင်မောင်းမှုဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။ **(၀၁၅)**

## တမူးမြို့ပေါ်၌ ပေါ့ဆမီးကြောင့် နေအိမ် ၁၁လုံး မီးလောင်ကျွမ်း

**တမူး မတ် ၁၃**

မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ဈေးတန်း အမှတ်(၇)ရပ်ကွက် အောင်မင်္ဂလာလမ်း အိမ်အမှတ်(ဈ/၇-၂)နေအိမ်၌ မတ် ၁၁ ရက် ည ၈ နာရီခန့်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားကြောင်း သိရသည်။ အဆိုပါ နေအိမ်ပိုင်ရှင်မှာ ဒေါ်ကြည်ဖြစ်ပြီး ၎င်းနေအိမ်ကို ငှားရမ်းနေထိုင်သူ ဦးချမ်းမင်းထွန်းအခန်း၌ လျှပ်စစ်နှစ်ပင်လိမ်ဝိုင်ယာကြိုးဖြင့် ဘုရားမီးပူဇော်ခဲ့ရာမှ ဝိုင်ယာရှော့ခ်ဖြစ်၍ စတင်မီးလောင်မှုဖြစ်ပွားကြောင်း၊ ယင်းမီးလောင်မှုကြောင့် နေအိမ် ၁၁လုံး မီးလောင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၂၈၉၄၀၀၀ ဆုံးရှုံးခဲ့ရကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ အိမ်ထောင်စု ၁၃ စု လူဦးရေ ၄၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်းနှင့် ည ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဦးချမ်းမင်းထွန်းအား တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

**ဥပဒေအောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

### မေတ္တာရေချမ်း ဆွတ်ဖျန်းချိန်ခါသမယ ကမ္ဘာသူ ကမ္ဘာသား နိုင်ငံသူ နိုင်ငံသားများ အေးမြစေဖို့ ပရိတ်ရေ ပက်ဖျန်းကြပါစို့

သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်၏ ပြည်တော်ဝင်ရာ မိန်ရာသီနှင့် သရဖီအင်ကြင်း ပင်ချင်းနွယ်ယှက် ပွင့်လျက်ဝေဆာ ချိန်ခါအေးမြ တပေါင်းလပြည့် ၁၅-၃-၂၀၁၄ရက် ခါသမယ မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သုံးနာရီကြာ ရွတ်ဖတ်ပူဇော်ပါမည်။ နိုင်ငံသူ နိုင်ငံသား လူအများတို့ ဘေးရန်ကင်းကွာ ချမ်းသာသုခ လိုရာဆန္ဒ ပြည့်ဝစေရန် ရည်စိတ်သန်လျက် မေတ္တာပြည့်ဝ နှလုံးလှတော်မူကြသည့် ကျေးဇူးတော်ရှင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ဦးဆောင်တော်မူ၍

**"မေတ္တာရေချမ်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး"**

**"အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေနိုင်ငံလုံး"** ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်ကြီးကို ကောင်းကင်ယံမှ လေယာဉ်ဖြင့် မေတ္တာရေများ ဆွတ်ဖျန်းပေးမည်ဖြစ်ကြောင်း မေတ္တာဖြင့် ကြိုတင်အသိပေးအပ်ပါသည်။

**(၈၆)ကြိမ်မြောက် နယ်လှည့်စတုဒိသာအလှူ**
**ဦးဆောင် နတ်စင်တစ်ရာ ဆရာတော်နှင့်**
**စတုဒိသာ ဒါယကာ၊ ဒါယိကာမများ၊**
**ကုသိုလ်ယူကာ မေတ္တာပွားပါသည်။**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မမြဒါလီကျော်၏ ပတ်စ်ပို့နံပါတ် A-456982 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၅၃၂၀၈၁၇**

### ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၅ဒီ/၁၊ ဧရိယာ ၀ဒသမ၂၇၂ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၅ဘီ/၁အီး၊ ဧရိယာ ၀ဒသမ၀၈၄ဧက၊ မြေကွက်တည်နေရာ အမှတ် ၄၁/ခ၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဒေါ်စန်းမြင့် အမည်ပေါက် မြေပိုင်မြေနှစ်ကွက်အား အမည်ပေါက် ဒေါ်စန်းမြင့်၊ ခင်ပွန်း ဦးကျော်ခိုင်တို့ကွယ်လွန်သဖြင့် ဒေါ်မွန်မွန်ခိုင် ၁၂/ကမရ(နိုင်)၀၂၀၈၂၄က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းနှင့် မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၈၄၄၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်းလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၅၈၆၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ချထားပေးသော ပါမစ်အမှတ် ၃၆၄နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝါဝါဝင်းလမ်း၊ အမှတ် ၅၅ဟုခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းငွေ ISN-၀၄၁၉၂၇ ၏ သားသမီးများဖြစ်သော (၁) ဒေါ်သန်းသန်းဦး ၁၂/မရက(နိုင်)၁၀၀၆၉၂၊ (၂) ဒေါ်ညိုညိုစိန်း ၁၂/မရက(နိုင်)၀၄၃၈၁၇၊ (၃) ဦးကိုကိုနိုင် ၁၂/မရက(နိုင်) ၁၃၄၇၆၂၊ (၄) ဦးစန်းဝင်း ၁၂/မရက(နိုင်)၀၂၈၈၉၁၊ (၅) ဒေါ်အေးအေးမော် MYGN-၀၄၆၃၆၂၊ (၆) ဦးဝင်းဝင်းထွန်း ၁၂/မရက(နိုင်) ၁၃၁၁၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်းပိုင်ဆိုင်မှုစာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Fax -၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

### ကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အိမ်အမှတ်(ကမတ/၉)နေ ဒေါ်ထွမ်းရင်သည် ၄င်းပိုင်ဆိုင်သော ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ နေအိမ်အမှတ်(ကမတ/၉)၊ အကွက်ကြီးအမှတ်(၄၄)၊ ဦးပိုင်အမှတ် (၇/က) မြေချိန်ဧရိယာ ၀ဒသမ၀၆၈ဧက၊ ဧရိယာပေ(၃၁×၈၇)၊ စတုရန်းပေ(၂၆၉၇) ၄င်းမြေကွက်ပေါ်ရှိ နံကပ်နှစ်ထပ်တိုက်နှင့် ရေ၊ မီး၊ တယ်လီဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နမ့်ခမ်းမြို့၊ ကောင်းနောင်မိုရပ်ကွက်၊ အိမ်အမှတ်(ကနမ/၅၀)နေ ဦးစန်းယု ၁၃/နခန(နိုင်) ၀၅၀၅၃၈အား ရောင်းချရာ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ဝိုင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းယု**
**ဖုန်း-၀၉-၂၀၃၁၅၂၅၊ ၀၉-၄၇၂၂၁၇၈၈**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၅၈၇၊ အမိုးထပ်ခြေရင်းတိုက်ခန်းအား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း တာဝန်ယူရောင်းချသည့် ဦးတင်ဝင်း ၁၂/ဥကတ(နိုင်)၀၇၄၄၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးက ဝယ်ယူရန် စရန်ငွေကို ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူညွှန့်**
**B.A, H.G.P, D.B.L, D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၈/ဘီ၊အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/9879, ၁ဂ/၉၈၇၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၁၁၆၊ 3D/6116 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၇၉၁၊ မြေကွက်တည်နေရာအမှတ် ၇၉၁၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးချန်ထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးချန်ထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းထွန်း ၁၂/မဂဒ(နိုင်) ၀၃၄၅၇၉မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ ၊ မြေကွက်အမှတ် ၅၆၃(က-ခ)၊ မြေကွက်တည်နေရာအမှတ်-၅၆၃(က-ခ)၊ အနော်မာ ၁၃လမ်း၊ ၁ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ရင်မေ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်ရင်မေ(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးကျော်ဒင် ၁၂/သကတ(နိုင်)၀၉၇၈၃၈ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၅၁/၂၀၁၄)ရရှိသူ ဦးမောင်မောင် ၁၂/သကတ(နိုင်)၁၁၉၉၈၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ခိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည်အသက်**

ကြော်ငြာ

GOLDEN CITY
NATIONAL LANDMARK • EXCLUSIVELY YOURS
နေထိုင်မှုဘဝသစ်သို့ ပြောင်းလဲရန် Mr. Golden City က သင့်အား ဖိတ်ခေါ်လိုက်ပါသည်။
သင့်၏ မိတ်ဆွေရင်း Mr. Golden City မှ...
အရောင်းဖွင့်လှစ်ချိန်:2014-03-15 (9:30am)
စီးဘွန်:အခြေခံ Discount (5%) + Gold Card Discount (5%)
(2014-03-15~2014-03-17) နောက်ပိုင်းတွင် အခြေခံ Discount 5% သည် တစ်နေ့ထက်တစ်နေ့လျှော့ကျမှာ ဖြစ်ပါသည်။
ဝယ်ယူမှု အစီအစဉ်:Gold Card ပိုင်ရှင်များအား ဦးစားပေးသည်ဖြစ်သည်။ အရောင်းခန်းသို့ ရောက်ရှိလာသော နံပါတ်စဉ်အတိုင်း ကြိုရောက်လျှင်ကြိုရွေးသော နည်းဖြစ်ပါသည်။
ဝယ်ယူရမည့် နေရာ:Golden City, Yankin Road, CMA Old Building, Yankin Township , Yangon Myanmar
ဆက်သွယ်ရန် ဖုန်းနံပါတ်:+95(0)1-8605111 +95(0)1-8605222
G
GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
Golden city

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)**
**၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**(၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **ဖွံ့ဖြိုးရေးလုပ်ငန်း**ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ပြည်ထောင်စု၏ ထောက်ပံ့ငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းကိုဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေလျာထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် သက်ဆိုင်ရာ မြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဃ) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တာဝန်ခံ ကြီးကြပ်ရန် ပုဒ်မ ၈ အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) **ဘဏ္ဍာရေးကော်မရှင်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော် သမ္မတက ဖွဲ့စည်းတာဝန်ပေးအပ်သည့် ဘဏ္ဍာရေးကော်မရှင်ကို ဆိုသည်။

(စ) **ဖွံ့ဖြိုးရေးရန်ပုံငွေ** ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော ထောက်ပံ့ငွေကို ဆိုသည်။

(ဆ) **ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားချက်** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုလွှတ်တော်ရုံးက ဘဏ္ဍာရေးကော်မရှင်သို့ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၌ လျာထားခွင့်ပြုပေးရန် အဆိုပြုသည့် ထောက်ပံ့ငွေကိုဆိုသည်။

(ဇ) **လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်၌ ဗဟိုကော်မတီက ခွင့်ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ဗဟိုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏ မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ /မရှိ၊ လုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရေးအတွက် လည်းကောင်း ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကိုဆိုသည်။

(ဈ) **မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ**ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံး၏ ၂၆-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃) ဖြင့် ဖွဲ့စည်းသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ပါဝင်လာစေရန်၊

(ခ) မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊

(ဂ) ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းငယ်များကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ကျေးလက်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်၊

(င) မြို့နယ်အလိုက်သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်။

## အခန်း(၃)
## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားခွင့်ပြုခြင်း

၄။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅။ ဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်စဉ်အဆိုပြုသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားချက်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပြည်ထောင်စု၏ထောက်ပံ့ငွေအဖြစ် ထည့်သွင်းခွင့်ပြုနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၄)
## ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုလွှတ်တော်သည် ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) နာယက၊ ပြည်ထောင်စုလွှတ်တော် — ဥက္ကဋ္ဌ

(ခ) ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် — အဖွဲ့ဝင်

(ဃ) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် — အဖွဲ့ဝင်

(င) ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် — အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ၊ စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် — အဖွဲ့ဝင်

(ဆ) အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် — အတွင်းရေးမှူး

(ဇ) အတွင်းရေးမှူး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် — တွဲဖက် အတွင်းရေးမှူး

၇။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားသတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများအား စိစစ်တင်ပြရန် လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အရွယ်အစားနှင့် ဖွံ့ဖြိုးမှုအလိုက် စိစစ်ခွင့်ပြုခြင်း၊

(င) ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲရန် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သုံးစွဲစေခြင်း၊

(စ) လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း၊

(ဇ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးအား တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း။

## အခန်း(၅)
## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ (က) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး — ဥက္ကဋ္ဌ

(၂) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောလွှတ်တော်ကိုယ်စားလှယ် မှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၄) မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ — အဖွဲ့ဝင်

(၆) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောအဖွဲ့တွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်နှစ်ဦးကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၉။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသအတွက် အမှန်တကယ် လိုအပ်သည့် လုပ်ငန်းများကို ကုန်ကျစရိတ်မကြီးမြင့်စေဘဲ အလေးထား ဆောင်ရွက်ခြင်းနှင့်ယင်းလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူသည့် နည်းလမ်းအား အလေးထား အသုံးပြုခြင်း၊

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကိုပါ ထည့်သွင်းစဉ်းစားနိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို လိုအပ်ပါက အကြံဉာဏ်များ ရယူနိုင်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(င) မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လုပ်ငန်းအပ်နှံခြင်း၊

(စ) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) UFA (OA) အား ပြည်ထောင်စုလွှတ်တော်ရုံး၏ ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအမည်ဖြင့် ဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ကော်မတီသို့ ပေးပို့ခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျ ထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်း အထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

## အခန်း(၆)
## လုပ်ငန်းနှင့် စာရင်းစစ်ဆေးမှုခံယူခြင်း

၁၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယကက အကြောင်းကြားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို တင်ပြရမည်။

၁၁။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများ၊ စာရင်းစစ်ဆေးချက်နှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း(၇)
## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်လျာထားသတ်မှတ်ခြင်း

၁၂။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသတ်မှတ်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည့် အောက်ပါလုပ်ငန်းများကို ဦးစားပေးလျာထားရမည် -

(က) သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(ဂ) ပြည်သူလူထု၏ အမှန်တကယ်လိုအပ်နေသော အခြားလုပ်ငန်းများ။

၁၃။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်း မရှိပါက ပိုလျှံရန်ပုံငွေများကို ပြန်လည်အပ်နှံရမည်။

## အခန်း(၈)
## အထွေထွေ

၁၄။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်၊ ကိုးကွယ်မှုဘာသာအချင်းချင်း ပဋိပက္ခဖြစ်စေရန်၊ နိုင်ငံရေးပါတီများ အချင်းချင်းစိတ်ဝမ်းကွဲပြားစေရန်၊ ဒေသတွင်းနားလည်ချစ်ကြည်မှုကို ထိပါးစေရန် ဆောင်ရွက်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်။

၁၅။ မည်သူမဆို ဖွံ့ဖြိုးရေးရန်ပုံငွေကို မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခြင်း ပြုလုပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေအရ အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၆။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရ စီမံကိန်းလုပ်ငန်းများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ထိခိုက်စေသောလုပ်ငန်းများ။

၁၇။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီသည် -

(က) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှု စာရင်းဇယားတို့ကို အများပြည်သူသိရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနေရာ၌ အမှတ်အသားဆိုင်းဘုတ်ဖြင့် ပြသထားရမည်။

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ် တွက်ချက်တင်ပြရာတွင် အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံနိုင်သည်။

၁၈။ ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ဗဟိုကော်မတီနှင့် ယင်းကဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းနိုင်ရန် လိုအပ်သလို ဆောင်ရွက်ရမည်။

၁၉။ (က) တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေ မထုတ်ပြန်မီ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သည့်လုပ်ငန်း ဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်အညီ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုကော်မတီသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဌာနဆိုင်ရာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသို့ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

*ယမန်နေ့မှအဆက်*

၆။ **ရှောင်တခင်စစ်ဆေးစဉ် လိုင်စင်မဲ့ဆိုင်ကယ်များအား သိမ်းဆည်းမှု အစား ဒဏ်ငွေများကို အဆင့်ဆင့်တိုးမြှင့်၍ရိုက်ပြီး သတ်မှတ်အချိန် ကုန်မှသာ ဆိုင်ကယ်များအား သိမ်းဆည်းသင့်ကြောင်းနှင့် ဆိုင်ကယ်များတွင် ကညန လိုင်စင်၊ စည်ပင်ဘီးခွန်မရှိ၍ စည်းကမ်းပျက်ဆိုင်ကယ်များကို ဒဏ်ငွေသာ ရိုက်သင့်ကြောင်း၊ သိမ်းဆည်းရန် မလိုကြောင်း၊ လုပ်ဆောင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို (One Stop Service) ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းကို ၁၇-၂-၂၀၁၄ မှ ၄-၇-၂၀၁၄အထိ ရုံးဖွင့်ရက် (၉၀)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းရက်များတွင် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးခြင်းမရှိဘဲ စီမံချက်ကုန်ဆုံးပါက ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ကြော်ငြာထားပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **ရထားခရီးစဉ်များတွင် ရထားခေါင်မိုးပေါ်၌လည်းကောင်း၊ တွဲကြိုတွဲကြား၌ လည်းကောင်း စည်းကမ်းမဲ့ လိုက်ပါစီးနင်းလာခြင်းသည် မှုခင်းတိုးပွားလာစေခြင်း၊ လက်မှတ်မဲ့ စီးနင်းသူများပြားလာသည့်အတွက် နိုင်ငံတော် ဝင်ငွေ ဆုံးရှုံးခြင်းတို့ကိုအလေးထားပြီး တင်းကြပ်သော စနစ်သုံးကာ တာဝန်ချထားပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြန်မာ့မီးရထား၊ တိုင်းအမှတ်(၂) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွာထောင်နှင့် ကောလင်းဘူတာများတွင် လက်မှတ်စစ်အဖွဲ့များ အခြေစိုက်ထားရှိထားပြီး ရွာထောင်တွင် လက်မှတ်စစ်အုပ် တစ်ဦး၊ လက်မှတ်စစ်-၁ ရှစ်ဦး၊ လက်မှတ်စစ်-၂ ၁၃ဦး၊ ကောလင်းတွင် လက်မှတ်စစ်အုပ် တစ်ဦး၊ လက်မှတ်စစ်-၁ လေးဦး၊ လက်မှတ်စစ်-၂ ၁၆ဦး စုစုပေါင်းအင်အား ၄၃ဦးဖြင့် လက်မှတ်မဲ့၊ တန်ဆာမဲ့နှင့် စည်းကမ်းမဲ့ ဈေးသည်များကို ဖမ်းဆီးဒဏ်ရိုက်အရေးယူလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရွာထောင်လက်မှတ်စစ်အဖွဲ့မှ လက်မှတ်မဲ့ ၁၅၃၉ ဦး၊ တန်ဆာမဲ့ပစ္စည်း ၉၉၄တန်၊ စည်းကမ်းမဲ့ဈေးသည် ၂၆၈ဦးတို့ကို ဖမ်းဆီးဒဏ်ရိုက်ခဲ့ပြီး ဒဏ်ငွေ ၆၇ ဒသမ ၉၅ သန်းနှင့် ကောလင်းလက်မှတ်စစ်အဖွဲ့မှ လက်မှတ်မဲ့ဦးရေ ၁၃၂၄ ဦး၊ တန်ဆာမဲ့ပစ္စည်း ၈၆၂ ဒသမ ၆တန်၊ စည်းကမ်းမဲ့ ဈေးသည် ၂၆၈ဦးတို့ကို ဖမ်းဆီးဒဏ်ရိုက်ခဲ့ပြီး ဒဏ်ငွေ ၄၉ ဒသမ ၈ သန်းကျော်ရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ရုံးချုပ်လက်မှတ်စစ်အထူးအဖွဲ့ သုံးဖွဲ့မှလည်း အလှည့်ကျဝင်ရောက်စစ်ဆေးပေးလျက်ရှိပါသည်။ ရထားခေါင်မိုးပေါ်နှင့် တွဲကြို တွဲကြားများမှ စီးနင်းလိုက်ပါခြင်းမပြုရန်၊ ၂၀၁၀ ခုနှစ်မှစ၍ ဘူတာကြီးများတွင် ကြေညာပြီးလည်းကောင်း၊ ကျေးရွာ/မြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လက်ကမ်းစာစောင်များ ပေးဝေစေခြင်းဖြင့်လည်းကောင်း ခရီးသွားပြည်သူများ သိရှိစေရန်ပညာပေးခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့မီးရထား ဝန်ထမ်းများ၊ ရထားရဲတပ်ဖွဲ့ဝင်များမှ ယခုထက်ပိုမိုအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်း (ဓာတုပစ္စည်း)အပါအဝင် ရထားဖြင့် တင်ဆောင်ရာ၌ ရုတ်တရက် ဖြစ်နိုင်သော မတော်တဆမှုအတွက် ချက်ချင်း အကာအကွယ်ပေးနိုင်သော လုံခြုံရေးအစီအမံများ အထူးဆောင်ရွက်ထားရှိပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြန်မာ့မီးရထားတွင် အန္တရာယ် ဖြစ်စေနိုင်သော (ဓာတုပစ္စည်း)များကို တင်ဆောင်ခွင့်မပြုပါ။ လက်ရှိ သယ်ဆောင်ပေးခြင်းလည်းမရှိပါ။ မြန်မာ့မီးရထားမှ လက်ရှိသယ်ဆောင်ပေးလျက်ရှိသော ပစ္စည်းများတွင် ဓာတ်ဆီ၊ လေယာဉ်ဆီ၊ ဒီဇယ်ဆီများနှင့် ခဲယမ်းမီးကျောက်များ ပါဝင်ပါသည်။ ယင်းပစ္စည်းများ တင်ဆောင်ခြင်းနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း၊ မဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း အကာအကွယ်ပေးနိုင်သော လုံခြုံရေးအစီအမံများကို မြန်မာ့မီးရထားလုပ်ငန်းလမ်းညွှန်ချက် စာမျက်နှာ (၄၄)၊ အပိုဒ်(၁၆)တွင် ပြဋ္ဌာန်းဆောင်ရွက်ထားပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် ယင်းညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **အမှတ်(၅၉) အဆန်ရထားသည် မုံရွာမှ ခင်ဦးဘူတာအထိ လည်းကောင်း၊ အမှတ်(၆၀)အစုန်ရထားသည် ခင်ဦးဘူတာမှ မုံရွာဘူတာအထိလည်းကောင်း ပြေးဆွဲလျက်ရှိရာ ခင်ဦးဘူတာသည် လမ်းခွဲဘူတာဖြစ်သော်လည်း ခရိုင်မြို့ဖြစ်သော ရွှေဘိုဘူတာနှင့်နှိုင်းယှဉ်လျှင် ခရီးသည်သွားလာမှုနည်းပါးခြင်းတို့ကြောင့် မုံရွာတိုင်းစစ်ဌာနချုပ်သို့ ရွှေဘိုတပ်နယ်မှ ဝရမ်းဖြင့် သွားလာရေး တပ်မတော်သားများအတွက်လည်းကောင်း၊ အမှတ်(၅၉)အဆန်အား မုံရွာဘူတာမှ ရွှေဘိုဘူတာသို့လည်းကောင်း၊ အမှတ်(၆၀) အစုန်ရထားသည် ရွှေဘိုဘူတာမှ မုံရွာဘူတာသို့လည်းကောင်း ပြေးဆွဲပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၁-၄-၂၀၁၄ နေ့မှစ၍ စတင်ပြေးဆွဲပေးပါမည်။ ရထားပြေးဆွဲပေးရန်အတွက် ရထားလိုင်းနှင့် စက်ခေါင်းပြုပြင်ဝန်ထမ်းများနေထိုင်ရန် စီစဉ်ပေးရမည်ဖြစ်ခြင်းနှင့် ရွှေဘိုမှခင်ဦး၊ ခင်ဦးမှ မုံရွာလမ်းကြောင်း ဦးတည်မှု မတူ၍ စက်ခေါင်းနှင့် ဘရိတ်တွဲများ လှည့်ရမည်ဖြစ်ခြင်းတို့ကြောင့် အချိန်ယူရန် လိုအပ်မည်ဖြစ်သော်လည်း ၁-၄-၂၀၁၄ နေ့မှစ၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ **မန္တလေး-မြစ်ကြီးနား ရထားအမှတ် (၃၃/၄၄)တရုတ်ရထား(အမြန်)အား ကန့်ဘလူဘူတာတွင် ယခင်ကဲ့သို့ ပြန်လည်ရပ်နားပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လက်ရှိတွင် မန္တလေးမှစထွက်ပြီး စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ရွှေဘို၊ ကောလင်း၊ နဘားသုံးဘူတာနှင့်ကချင်ပြည်နယ်အတွင်း မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းသုံးဘူတာသာ ရပ်တန့်ပါသည်။ ယင်းရထားပြေးဆွဲချိန်ကို ၁၇း၃၀ နာရီနှင့် ရေးဆွဲထားခြင်း၊လက်ရှိတွင် တွဲဆိုင်းနှစ်ဆိုင်းဖြင့်သာ ဆောင်ရွက်နေရခြင်းတို့ကြောင့် လောလောဆယ်ရပ်တန့်ပေးနိုင်သည့် အခြေအနေမရှိသေးပါကြောင်းနှင့် အထူးအမြန်ရထားဖြစ်သောအမှတ်(၃၃) အဆန်/(၃၄)အစုန်၊ (၃၇)အဆန်/(၃၈)အစုန် ရထားများမှအပ ကျန်ရထားများအားလုံး ကန့်ဘလူဘူတာတွင် ရပ်တန့်ပေးထားပါသည်။ လက်ရှိတွဲဆိုင်း နှစ်ဆိုင်းဖြင့်သာ ပြေးဆွဲရခြင်းဖြစ်ရာ တွဲဆိုင်းထပ်မံတိုးချဲ့ရရှိလာပါက (၃၇) အဆန်/(၃၈) အစုန်ရထားများကို ကန့်ဘလူဘူတာတွင် ရပ်တန့်ပေးပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်အတွင်းရှိ မူလကားဝင်းကြီးအား အမှတ်(၁၀)ရပ်ကွက် ဂေါက်ကွင်းအနောက်ဘက်သို့ ပြောင်းရွှေ့ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** လက်ရှိရွှေဘိုမြို့ ကားကြီးဝင်းမှာ အလျား ၁၅၂ ပေ၊ အနံ ၃၆၃ ပေ၊ ဧရိယာ ၁ ဒသမ ၂၇ ဧကပေါ်တွင် ဂိတ်ခန်း(၂၀)၊ ဈေးဆိုင်ခန်းရှစ်ခန်း၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီရုံးတစ်ရုံးရှိပြီး ရွှေဘိုမှ မုံရွာသွားသော ယာဉ်လိုင်းသုံးလိုင်း၊ ရွှေဘိုမှ မန္တလေးသို့ သွားသော ယာဉ်လိုင်းခြောက်လိုင်း၊ ရွှေဘိုမှရန်ကုန်သို့သွားသော ရွှေဘိုမှ မိုးကုတ်သော သွားသော ယာဉ်လိုင်း သုံးလိုင်း၊ ရွှေဘိုခရိုင် အတွင်းမြို့များသို့ သွားသော ယာဉ်လိုင်း ၁၁ လိုင်းအနေဖြင့် နေ့စဉ် ယာဉ်ဝင်ထွက်မှု ခရီးသည်တင်ကားစီးရေ ၁၀၉ စီးခန့် ပျမ်းမျှရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဒက္ခိဏာရာမကျောင်းတိုက် အမှတ်(၂၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဝင်းအတွင်း မတ် ၁၀ ရက်က ဓမ္မပညာ မဏ္ဍိုင်စာကြည့်တိုက်ကို ဒက္ခိဏာရာမဆရာတော်၊ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သော်ဇင်အောင်၊ အလှူ ရှင်ဒေါ်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ စာကြည့်တိုက်အမျိုးအစားမှာ အာရ်စီအုတ်ပတ်ကာဖြစ်ပြီး စာကြည့်ဆောင်အပါအဝင် အလျား ပေ ၂၀၊ အနံ ၁၅ပေရှိပြီး ငွေကျပ်သိန်း ၆၀ ကုန်ကျဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။ (၁၁၀)

## တောင်ဘက်ကျေးရွာ၌ကတ္တရာလမ်းခင်း

**ရွှေကျင် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၈၈၅ သိန်းဖြင့် အရှည်ပေ ၅၂၈၀၊ ထု ၁၀ လက်မ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းမကြီးကို တောင်ဘက်တံခွန်တိုင်ကျေးလက်လမ်းတွင် ဆောင်ရွက်လျက်ရှိသည်။

တောင်ဘက်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသန်းထူးက "ဒီမြို့နယ်မှာတော့ ပထမဆုံးကတ္တရာလမ်းပါ။ ကျေးရွာနေပြည်သူများ၊ ကျောင်းသားကျောင်းသူများ ယခင်ကထက် သွားလာရေး ပိုပြီးအဆင်ပြေသွားပါတယ်။ ဒီလမ်းကြီးရေရှည်ခိုင်မာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါမယ်"ဟု ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုသင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉နာရီက ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းသို့ ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်း ၃၂ဦး တက်ရောက်ကြပြီး ဝန်ထမ်းများ၏ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြများက မတ် ၁၄ ရက်တွင် စာတွေ့လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်သည်။ အဆိုပါ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုသင်တန်းသည် ရန်ကုန်တိုင်းဒေသကြီး၌ပထမဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းအတွင်းရှိ ကျန်ခရိုင်များ၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**


## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

အလုပ်သင်အင်ဂျင်နီယာ ကျား(၄) ဦး

- AGTI (E.P, E.C,MECT:)/ B-TECH (E.P,E.C, MECT:)/B.Sc(Phys) ဘွဲ့ရသူ
- အသက် ၂၅-၃၅ နှစ်အတွင်း

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်အတူ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

**Multi Engineering Trading Co.,Ltd.**
**No.4(B), Room-4(GF), Parami Road, 10th Quarter, Mayan Gone Township, Yangon.**

## ကန့်ကွက်နိုင်ပါသည်

အောက်စာရင်းပါ မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၃၅၃၁/၂၀၁၁ (ရန်ကုန်)အရ လက်ဝယ်ထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဦးကျော်ကျော်အောင် ၁၂/ကမရ(နိုင်)၀၂၅၅၀၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ရာ ယင်းပစ္စည်းအပေါ် ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာ အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေနှင့်အိမ်စာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက် အမှတ် ၃၉၂/ခ၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၉၂/ခဟု လိပ်စာခေါ်တွင်သော အိမ်အပါအဝင် (ဥပစာ၌ စွဲကပ်ဆက်စပ်ပတ်သက်သော ပစ္စည်းပစ္စယများ အကျုံးဝင်လျက်) အကျိုးခံစားခွင့်အရပ်ရပ်။

**ဦးမျိုးဟန် (စဉ်-၁၇၅၁) ဦးလှမင်း (စဉ်-၃၀၉၉) ဒေါ်ခင်မာလာကြည် (စဉ်-၃၉၆၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၉၆၊ ပထမထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁၊ မြေကွက်အမှတ် ၂၈၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ခတ္တာလမ်း၊ ရွှေပြည်သာမြို့နယ် ဒုဗိုလ်မှူးကြီးသန်းမောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးသန်းမောင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ဌေး+၁၊ ၁၂/စခန(နိုင်)၀၂၆၆၂၀က နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် မပါရှိ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ဝေဘာဂီ)၊ မြေကွက်အမှတ် ၁၉၁၊ မြေကွက်တည်နေရာအမှတ် ၁၉၁၊ မြို့သစ်လမ်း၊ (၅/ဝေဘာဂီ) ဒေါ်ခင်မာချို အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်မာချိုထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ရရှိသူ ဦးသန်းဌေး ၁၂/ဥကမ(နိုင်)၀၃၈၂၈၅ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၄၅၇/ခ၊မြေကွက်တည်နေရာအမှတ် ၄၅၇/ခ၊ ဇမ္ဗူသီရိ ၃ လမ်းအရှေ့၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးမောင်ရှိန်၊ (၂) ဒေါ်ညွန့်သန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ရှိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဒေါ်ညွန့်သန်း ၁၂/သကတ(နိုင်) ၁၀၂၀၁၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၁၂၇/၂၀၁၃ ရရှိသူ အမ်ယူနွတ်(စ်)(ခ)ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်) ၀၀၁၉၉၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထောက်ကြန့် တိုးချဲ့(၄)၊ မြေကွက်အမှတ် ၁၇၆၊ မြေကွက်တည်နေရာအမှတ် ၄/၁၇၆၊ ပုလဲလမ်း၊ တိုးချဲ့ ၄ (ဦးအုန်းမောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ရပ်ကွက် ဦးအုန်းမောင်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ညွန့် ၁၂/မဂဒ(နိုင်)၀၅၇၄၆၄ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ မြေပြင်တွင်နေထိုင်ကြောင်း မင်္ဂလာဒုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(အယ်လ်)၊ မြေကွက်အမှတ်(၁၁၇ အီး/၂-ဘီ၊ ၁၁၇-အေ/၁)၊ မြေကွက်တည်နေရာ အမှတ် ၁၂/က၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ (ဒေါ်တင်တင်ရီ)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်တင်တင်ရီ ၁၃/ညရန(နိုင်)၀၁၁၁၈၃ မှ အမည်ပေါက် အပိုင်ပေးစာချုပ်အမှတ် ၅၃၄/၈-၃-၁၉၉၉ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး လက်ခံအမှန်တင်ပြ၍ မြေတိုင်းမြေပုံနှင့် အိမ်ဆောက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် ၂၉၆၊ မြေကွက်တည်နေရာအမှတ် ၂၉၆၊ (၈၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးလှရွှေ) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးလှရွှေထံမှ အရပ်စာချုပ်ဖြင့် ဒေါ်ဖြူဖြူခိုင် ၁၂/သကတ(နိုင်)၁၁၃၈၈၃မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာဝန်ခံချက်ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားဂရန်စာချုပ် (ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွဲ့န်တန်ဆာမြို့၌ ရှင်အပါး ၁၂၀ စုပေါင်းရှင်ပြုပွဲ ကျင်းပ

**ညောင်လေးပင် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် အကြောင်းအမျိုးမျိုးကြောင့် ရှင်သာမဏေပြုရန် အခက်အခဲရှိသူများအား တတိယအကြိမ်မြောက် ရှင်အပါး ၁၂၀ ရှင်ပြုပွဲကြီးကို မတ် ၁၀ ရက်က ညောင်လေးပင်မြို့နယ် ပွဲ့န်တန်ဆာမြို့ ဇမ္ဗူအေးတောရကျောင်း၌ ကျင်းပခဲ့သည်။

ရှင်သာမဏေလောင်းများအား မတ် ၇ ရက်၌ ညောင်လေးပင်မြို့နှင့် ပွဲ့န်တန်ဆာမြို့များအတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ပြီး ဆံချမင်္ဂလာပြုလုပ်သည်။ မတ် ၈ ရက် နံနက်က မဒေါက်မြို့ ပန်းငွေရုံတောရဆရာတော်၊ ငှက်ပျောတောဆရာတော်၊ တောင်ကျောင်း ဆရာတော်၊ ဇမ္ဗူအေးတောရ အင်းဝိုင်းဆရာတော်နှင့် ဩဝါဒစရိယဆရာတော်များထံမှ ဆယ်ပါးသီလခံယူခြင်းနှင့် သင်္ကန်းဝတ်ခြင်းများ ဆောင်ရွက်ကာ ဥပဇ္ဈာယ်ဆရာတော်များထံမှ ဩဝါဒခံယူပြီး ရှင်သာမဏေပြုပေးခဲ့ကြသည်။

ညောင်လေးပင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ခဲ့ကြသည်။

ရှင်သာမဏေပြုပွဲကို မြို့နယ်အတွင်းရှိ အလှူရှင်များက စုပေါင်းပါဝင် လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ရှင်သာမဏေများ၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ရှင်သာမဏေငယ်များအား ယဉ်ကျေးလိမ္မာစေရန်အတွက် ဓမ္မစာပေများကိုပါ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သာသနာ့နုဂ္ဂဟအသင်းမှ ရှင်သာမဏေပြုလိုသူများ နှစ်စဉ်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ငါးရှဉ့်ရှာဖွေသူများနှင့် ငါးရှဉ့်အဝယ်ဒိုင်များ အရောင်းအဝယ် တွက်ခြေကိုက်နေသည့် ဖျာပုံမြို့ ငါးရှဉ့်ဈေးကွက်

**ဖျာပုံ မတ် ၁၃**

ဖျာပုံမြို့အတွင်း ပုံမှန်လုပ်ငန်းများအပြင် ငါးရှဉ့်လုပ်ငန်းကိုလည်း စီးပွားဖြစ် ရောင်းဝယ်လုပ်ကိုင်လျက်ရှိသည်။ ငါးရှဉ့်ရှာဖွေသူများက ဖျာပုံမြို့ အဝယ်ဒိုင်များထံ တင်သွင်းကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့ အဝယ်ဒိုင်များသို့ တင်ပို့ကြခြင်းဖြစ်ကာ ထိုမှတစ်ဖန် တရုတ်နိုင်ငံအထိ ဖျာပုံငါးရှဉ့်များ ခြေဆန့်ကြကြောင်း ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းများထံမှ သိရသည်။

"အရင်က ငါးရှဉ့်မွေးမြူရေး လုပ်ငန်းလုပ်ပေမယ့် အသေအပျောက်များလို့ မအောင်မြင်ခဲ့ဘူး။ နောက်ပိုင်းမှာလည်း မွေးမြူရေးပညာရှင်တွေရဲ့ နည်းလမ်းတွေအတိုင်း နောင်တော်ကြီး၊ ကိုးအိမ်တန်းကျေးရွာတွေမှာ မွေးမြူနိုင်အောင် အောင်ကမ္ဘာငါးရှဉ့်ဒိုင်ကနေ ဆန်ခါချကျန်တဲ့ အကောင်သေးတွေကို မွေးမြူကြည့်ပေမယ့် ထင်သလောက် မအောင်မြင်တာကိုတွေ့ရတယ်။ အများစုကတော့ သဘာဝငါးရှဉ့်ကိုသာရှာဖွေကြတယ်" ဟု တင်ပို့ရောင်းချသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် နွေကာလအတွင်း ၅၀ ကျပ်သားမှ တစ်ပိဿာကျော်အထိ ငါးရှဉ့်အကောင်များကို ဖမ်းဆီးရမိသဖြင့် ရှာဖွေသူများအတွက် နေ့စဉ်ငွေကျပ် ၅၀၀၀အထိ ဝင်ငွေရရှိနေပြီး အဝယ်ဒိုင်များက သေတ္တာများအတွင်း ထည့်သွင်းပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိခြင်းကြောင့် ငါးရှဉ့်ရှာဖွေသူများလည်း နေ့စဉ်ဝင်ငွေရရှိပြီး ငါးရှဉ့်စားသုံးသူများအတွက်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

**ကလေးခရိုင်/မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ၊ ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက်က ကလေးခရိုင်ပြည်သူ့အားကစားကွင်းတွင်ကျင်းပခဲ့သည်။ နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ အေရိုးဗစ်၊ ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကလေးမြို့ပေါ်မှ ကျောင်းသားကျောင်းသူ ၂၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။**

သီတာထွေး(ကလေး-ကိုယ်ပွား)

# ရေချိုးခန်း အိမ်သာကျင်းတူးရာမှ ပေါက်ကွဲနိုင်ချေရှိသည့် လက်ပစ်ဗုံးတွေ့ရှိ

**ပုသိမ် မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် အောင်ချမ်းသာ ၅ လမ်း၌ မတ် ၁၀ ရက် နံနက် ၈ နာရီက ရေချိုးခန်း အိမ်သာကျင်းတူးရာမှ တရုတ်နိုင်ငံထုတ်လက်ပစ်ဗုံးတစ်လုံးတွေ့ရှိရသည်။

အဆိုပါ တရုတ် ၉၁ လက်ပစ်ဗုံးအား အောင်ချမ်းသာ (၅)လမ်းနေ ဦးမြင့်သန်း၏ နေအိမ်အတွင်းမှ ရေချိုးခန်း အိမ်သာကျင်းတူးရာ အလုပ်သမား ကိုစိုးမင်းအောင်က တူးဖော်တွေ့ရှိ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ပုသိမ်မြို့မရဲစခန်းသို့ အကြောင်းကြားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ နယ်မြေခံတပ်ရင်း စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ အကြောင်းကြားခဲ့သည်။

စစ်မြေပြင်အင်ဂျင်နီယာတပ်မှ လာရောက်စစ်ဆေးပြီး ၎င်းဗုံးမှာ ပေါက်ကွဲနိုင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လက်ပစ်ဗုံးအား ပုသိမ်မြို့မ ရဲစခန်းက စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ မွန်းလွဲ ၁ နာရီတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၃-၂၀၁၄ရက်မှ ၁၆-၃-၂၀၁၄ရက်အထိ နေ့စဉ် ၁၀း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၃-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ စွန့်ပစ်ပစ္စည်းရောင်းချမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၈၄-၂၂၄၉၂ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**
**ရပ်ကွက်(၃)၊ ကျိုင်းတုံမြို့**



## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းအမှတ်(၂)နှင့် (၄)တို့တွင် ၁-၄-၂၀၁၄ မှ ၃၁-၃-၂၀၁၅ အထိ တစ်နှစ်ရောင်းချခွင့်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

**တင်ဒါပိတ်ရက်** - ၂၆-၃-၂၀၁၄ ရက် ၁၂း၀၀ နာရီ

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | MPPE/MCY/CAP/T/4 (2013-2014) | New 7000 Imperial Gallons Capacity Rigid or Semi-Trailor Aircraft Refueller | 2 Nos. | USD |
| (၂) | MPPE/MCY/CAP/T/5 (2013-2014) | Two-Stage Vertical Filter/Water Separator | 4Nos. | USD |
| (၃) | MPPE/MCY/CAP/T/6 (2013-2014) | 400 IGPM Fuel Transfer Centrifugal Pump (Motor Driven) and 300 IGPM Fuel Transfer Centrifugal Pump (Engine Driven) | 2 ltems (each 2 nos) | USD |
| (၄) | MPPE/MCY/CAP/T/7 (2013-2014) | Fire Fighting Angus Engine Driven Pump With Trailer Inductor | 2 Sets | USD |
| (၅) | MPPE/MCY/T/2 (2013-2014) | Aviation Fuelling Equipment Spare Parts | 75Items | USD |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၃-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၄-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**



## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊အထက သုဝဏ္ဏနဝမတန်း(C)တွင် ပညာသင်ကြားနေသော မနှင်းထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ရှိဏ် ၁၂/သကတ(နိုင်)၀၄၉၉၆၃ ဖြစ်ပါသည်။ **မနှင်းထက်ဝေ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ သဇင် ၈ လမ်း၊ မြေကွက်အမှတ် ဥ-၅၁၅၁၊ မြေဧရိယာ ၀ဒသမ ၂၂၉ ဧကရှိ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်သီတာအောင် အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်သီတာအောင်က အထက်ဖော်ပြပါ မြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်မ ဒေါ်မွန်မွန်လင်းက ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်လင်း ၉/မသန(နိုင်)၀၈၉၉၃၂**
**ဥ-၅၁၅၁၊ သဇင် ၈ လမ်း၊ ဥတ္တရသီရိမြို့၊**
**နေပြည်တော်၊ ဖုန်း-၀၉-၈၆၂၁၉၅၄**

ခရီးသွားဆောင်းပါးနှင့်သတင်း

# သဘာဝအမွေအနှစ်များ မပျက်ယွင်းသေးသည့် အင်းတော်ကြီးကန်

ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးကန် အင်းတော်ကြီးအိုင်မှာ ယူနက်စကိုသို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်နေသည့် ဒေသဖြစ်သည်။

နမ့်ပတဲရွာအနီး လင်လုံသောင်ပြင်ပေါ်၊ အင်းကမ်းစပ်မှ ပေပေါင်း ၁၅၀၀ ခန့် ထိုးထွက်ပေါ်ထွန်းနေသည့် သဲသောင်ပြင်ထိပ်တွင် ရေပေါ်မီးကျောင်းဆရာတော် ဦးသောဘိတ ဦးဆောင်၍ စုပေါင်းတည်ထားကိုးကွယ်သော ရွှေမဉ္ဇူစေတီတော်မှာ အင်းတော်ကြီးဒေသအတွင်း ထင်ရှားသည့်စေတီတစ်ဆူဖြစ်ပါသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးမှဓာတ်တော် ငါးဆူကိုပင့်ဆောင်၍ ဌာပနာတော်မူခဲ့ခြင်းဖြစ်သည်။ အင်းတော်ကြီးရေလယ်ဘုရား ရွှေမဉ္ဇူစေတီတော်မြတ်ကြီး၊ စိမ်းကြည်သော အင်းတော်ကြီး ရေပြင်နှင့် ပြာလဲ့သော တောင်ပြာတန်းကြီးများ နောက်ခံရှုမျှော်ခင်းအလှသည်ရောက်ဖူးသူတိုင်း တစ်သက်မမေ့နိုင်စရာ စိတ်ကြည်နူးချမ်းမြေ့မှုကို ခံစားရရှိစေပါသည်။ အင်းတော်ကြီးရေချိုအိုင်သို့ အောက်တိုဘာမှ မေအထိ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များစွာ ပျံသန်းရောက်ရှိသဖြင့် ဇီဝမျိုးစိတ်၊ မျိုးကွဲများကို လေ့လာတွေ့ရှိနိုင်ပါသည်။ ရှားပါးမြန်မာ့ဒေါင်းလိပ်များ ကျက်စားရာဖြစ်ပြီး အဖိုးတန်သစ်တောများ၊ ဆေးဖက်ဝင် ရှားပါးသစ်ဥသစ်ဖု၊ သစ်ခွမျိုးစုံပေါက်ရောက်လျက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းသေးသည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ဧရာဝတီမြစ်လက်တက် မိုးကောင်းချောင်းဖျားတွင် တည်ရှိသောအင်းတော်ကြီးကန်မှာ အလျား ၁၆ မိုင်၊ အနံ ၈ မိုင်၊ အင်းရေပြင် စတုရန်းမိုင် ၁၀၀ ခန့် ကျယ်ဝန်းသည်။ ဟိမဝန္တာတောင်တန်း တောင်စွယ်များ၏မြေပြန့်လွင်ပြင်အလယ်ရှိ သဘာဝရေချိုရေအိုင်ဖြစ်ကာ အင်းတော်ကြီးဘေးမဲ့ကြိုးဝိုင်းဒေသအဖြစ် ယူနက်စကိုအဖွဲ့ထံ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး စံနှုန်းများနှင့်အညီ ဦးစားပေးရွေးချယ် တင်ပြထားသည်။

အင်းတော်ကြီး ရေအိုင်အနီးဆင်ဖြူတော်နှစ်စီးရရှိခဲ့ ဖူးပြီးဆင်ရိုင်းများ သွားလာကျက်စားသောဒေသလည်းဖြစ်သည်။

ရေလယ်ဘုရား၏ ထူးခြားမှုမှာ ပွဲတော်ကာလအတွင်း အင်းရေပြင်ကျယ်၌ လူသွားလမ်းနှင့် နတ်သွားလမ်း၊ သဲလမ်းကြောင်းနှစ်ကြောင်းနှစ်စဉ် ဖြစ်ပေါ်နေမှုပင်ဖြစ်သည်။ အင်းတော်ကြီး ရေလယ်ဘုရားပွဲတော်ကာလတွင် မန္တလေး-မြစ်ကြီးနားမီးရထားနှင့်လိုင်းကားတို့တွင် ခရီးသွားများပြည့်နေပြီး သဘာဝတောတောင်ရေမြေအလှအပများဖြင့် ရှုမငြီးဖွယ် အင်းတော်ကြီးဒေသသည် မြန်မာ့သဘာဝ အမွေအနှစ်တစ်ခုဖြစ်ပြီး အင်းလေးကန်ကဲ့သို့ သွားလာရေးလွယ်ကူစေရန် ဖန်တီးပေးနိုင်ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေခံခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ **သုတေသီကိုကိုထွန်း**

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး (မိုးညှင်းမြို့နယ်)လမ်းပိုင်းအတွင်း တံတားနှစ်စင်းကို တည်ဆောက်လျက်ရှိရာ နန့်စီးအောင်တံတားမှာ အရှည်ပေ ၁၂၀ နှင့် အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေခန့်၊ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်လျက်ရှိသည်။ ဆယ်မိုင်တံတားမှာ အရှည်ပေ ၁၀၀၊ အကျယ်ပေ ၁၀၀နှင့် ယာဉ်သွားလမ်း အကျယ် ၂၄ပေ ခန့်ရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်လျက်ရှိသည်။ ကေဆိုင်းနော်(ဖားကန့်)

## သတင်းတို

### ပင်စင်စားလစာများ လွယ်ကူစွာထုတ်ယူနိုင်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်စာတိုက်တွင် မတ် ၉ ရက် နံနက်က သက်ပြည့်ပင်စင်အငြိမ်းစားလစာများ လွယ်ကူစွာ ထုတ်ယူနိုင်ရန်အတွက် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ပင်စင်စားများအနေဖြင့် သက်ပြည့်ပင်စင်စာအုပ်၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့်ဓာတ်ပုံပူးတွဲကာ ပင်စင်လစာများ ထုတ်ယူနိုင်မည်ဖြစ်သည်။ (၀၂၀)

# ဆောက်လုပ်ရေးကျွမ်းကျင်ဝန်ထမ်းများ အလုပ်ရရှိရေး မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အကူအညီများပေးမည်

**ရန်ကုန် မတ် ၁၃**

ဂျပန်နိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်ကျင်းပနိုင်ရေးအတွက် အသစ်တည်ဆောက်မည့် အဆောက်အအုံများအတွက် ဆောက်လုပ်ရေးကျွမ်းကျင်လုပ်သားများကို ခေါ်ယူရန် ဂျပန်နိုင်ငံမှ အစီအစဉ်ရှိကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရှိရသည်။

ဂျပန်နိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အိုလံပစ်အားကစားပွဲကျင်းပရေး အသစ်တည်ဆောက်မည့် အဆောက်အအုံများအတွက် အလုပ်သမားများကို မြန်မာနိုင်ငံမှ ခေါ်ယူနိုင်ရေး ဂျပန်နိုင်ငံကစိတ်ဝင်စားလျက်ရှိပြီး အသင်းသို့လည်း ပြောဆိုကမ်းလှမ်းမှုများရှိထားသဖြင့် မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကူညီကာအလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိခြင်းဖြစ်သည်။

"ယခုနှစ်မှာ တည်ဆောက်ရေးလုပ်ငန်းတွေစတင်ဖို့ ဂျပန်ကစီမံကိန်းချထားတာပါ။ သူတို့ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်သားတွေရရှိဖို့အတွက် ကျွန်တော်တို့အသင်းကနေ တာဝန်ခံပေးမယ့်လုပ်သားတွေကို သူတို့ဘက်ကအလုပ်အကိုင်ခန့်

## အလုပ်အကိုင်ရရှိရေး ကူညီဆောင်ရွက်ပေးသွား. . .

အပ်ပေးဖို့ စိစစ်မယ့်အခြေအနေဖြစ်ပါတယ်။ လက်ရှိမှာ ပြောဆိုကမ်းလှမ်းထားတဲ့အခြေအနေရှိနေပြီး မကြာခင်မှာ တရားဝင်ကူညီပေးလို့ရအောင် စီစဉ်မှာဖြစ်ပါတယ်။ အဓိကကတော့ အာမခံချက်ရှိတဲ့ အလုပ်အကိုင်တွေရရှိအောင် မြန်မာလုပ်သားတွေကို ကူညီပေးချင်တာပါ။ ဂျပန်ဘက်ကလည်း ကျွန်တော်တို့ကကြားခံထားလို့ လုပ်သားရှာဖွေရာမှာ အဆင်ပြေစေမှာ ဖြစ်ပါတယ်"ဟု မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူ ဒေါက်တာမြင့်ဆန်းက ပြောသည်။

အလုပ်အကိုင်ရရှိရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာများ၊ ဘာသာစကားတတ်ကျွမ်းမှုနှင့်အတွေ့အကြုံများကို စုံစမ်း၍ မြန်မာအလုပ်သမားများ အခွင့်အရေး အပြည့်အဝရရှိစေရေး၊ လုံခြုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အခြေခံလုပ်အားခနှင့် အလုပ်ချိန်၊ အခြားအချက်အလက်အသေးစိတ်များအား ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် အသေးစိတ်ဆွေးနွေးပြီးချိန်တွင် ထုတ်ပြန်ပေးမည်ဖြစ်သည်။

ဆောက်လုပ်ရေးနှင့် အထွေထွေလုပ်သားအဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ မည်သူမဆို မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းသို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အသင်းမှ လိုအပ်သည့်အချက်အလက်များနှင့် ပေးအပ်နိုင်သည့်အကူအညီများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အထွေထွေလုပ်သားများနှင့် ဂျပန်နိုင်ငံမှ လိုအပ်သည့် အခြားအလုပ်အကိုင်များကိုလည်း မြန်မာလုပ်သားများ အလုပ်သမားဥပဒေခံစားရပိုင်ခွင့်များနှင့်အညီ ရရှိနိုင်စေရေးကူညီပေးမည်ဖြစ်သည်။ ၎င်းအသင်းမှာ ဂျပန်နိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအရေး ကူညီဆောင်ရွက်မည့် လူမှုရေးအဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ **ခင်ရတနာ**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဆောင်ရွက်မည့် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအတွက် လိုအပ်သောဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၃-၂၀၁၄
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၄
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**ပျောက်ဆုံးကြောင်း**

ဦးလှအောင်၏သား မောင်အောင်ကျော်ဆန်း ၁၂/မဂဒ(နိုင်)၁၂၈၆၇၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၆၂၁၄၃**



**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဏ/၄၈၉၂ HINO KM 600 TRUCK (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင် ၁၂/ဥကတ(နိုင်)၀၁၂၀၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ပင်မဓာတ်အားခွဲရုံများတွင် တပ်ဆင်အသုံးပြုရန်အတွက် Communication Equipment and Accessories ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၃-၂၀၁၄
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၄
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**ကန့်ကွက်နိုင်ပါသည်**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇၊ ကျောက်တန်းကွင်း မြေကွက်အမှတ် ၁၃၉၊ မြေကွက်တည်နေရာအမှတ် ၁၃၉၊ ရွှေနံ့သာသစ်ခွရွာ၊ ကုန်းတလဘောင်ကျေးရွာ၊ ဘားလားရှိမြေကွက်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဗိုလ်ချုပ်သိန်းစိုး ၁၃/လလန(နိုင်)၀၆၆၂၂၀ ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း ၂၊ မြေကွက်/ဦးပိုင်အမှတ် ၃၄၇၊ ဧရိယာ ၀.၁၁၃၆၀၀၉၉ဧကရှိ ဦးအောင်မြင့် ပါ-၂၊ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးအောင်မြင့် ပါ-၂ ၉/ပမန(နိုင်)၀၈၃၇၃၇ (ဘ) ဦးသန်းအေးမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃-ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ခ/၁၅၉၊ မြေကွက်တည်နေရာ ၄၅၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက် ဒေါသောင်းတင်၊ ဦးစံဝင်း၊ ဦးကျော်လှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံဝင်းကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း ၁၂/ဒပန(နိုင်)၀၂၇၀၉၇က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင်များဖြစ်သော ဒေါသောင်းတင် ၁၂/ဒပန(နိုင်)၀၂၅၆၁၉ နှင့် ဦးကျော်လှိုင် ၁၂/ဒပန(နိုင်)၀၂၆၄၃၉တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကပ်ကာကမ္ဘာအေးစေတီတော် ထီးတော်တင်လှူ ပူဇော်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၃**

နေပြည်တော်ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်လျက်ရှိသော ကပ်ကာကမ္ဘာအေးစေတီတော်ထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်က ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ပါဠိဆရာတော်၊ တောင်တွင်းကြီးကျောင်းတိုက် ဗိဿနိုးဆရာတော်၊ မန္တလေးမစိုးရိမ်ကျောင်းတိုက်ဆရာတော်တို့က ဦးဆောင်၍ စေတီတော်၌ တင်လှူပူဇော်မည့် ထီးတော်အား မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကာ ဆရာတော်ကြီးများနှင့်ဧည့်ပရိသတ်များက ထီးတော်တင်မင်္ဂလာရထားပျံကြိုးကိုဆွဲ၍ စေတီတော်အား ထီးတော်တင်လှူပူဇော်ကြသည်။

ထီးတော်တင်လှူပူဇော်ပွဲအပြီးတွင် ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ရွှေမိုး၊ ငွေမိုးများရွာ သွန်းပေးကြကြောင်း သိရသည်။ **မြင့်သန်း(အောက်ဆီဂျင်)**

## ယင်းမာပင်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အမျိုးအစားအလိုက် နောက်ဆုံးအကြိမ် One Stop Service ဖြင့် လိုင်စင်များထုတ်ပေးလျက်ရှိ

**ယင်းမာပင် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကညန တိုင်းဦးစီးမှူး ဦးသိန်းဟန်ဦးဆောင်ပြီး အာမခံ၊ ဘဏ်၊ အကောက်ခွန်၊ စည်ပင်ဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အမျိုးအစားအလိုက် နောက်ဆုံးအကြိမ် (One Stop Service) ဖြင့် လိုင်စင်များကို နေ့ချင်းပြီး မတ် ၁၀ ရက်မှ ၁၄ ရက် နေ့အထိ ပြည်သူများ၏လိုအင်ဆန္ဒအတိုင်း ယင်းမာပင်မြို့နယ် မြို့တော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အမြန်ထုတ်ပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား လိုင်စင်များထုတ်ပေးရာ တွင် ၁၉၉၈-၂၀၀၀ မှ ၂၀၁၃ ခုနှစ်အထက်ရှိ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံလုပ်မော်တော်ဆိုင်ကယ်များကို ၁၁၀ စီစီမှ ၁၂၅ စီစီ အင်ဂျင်အမျိုးအစားအလိုက် ဖေဖော်ဝါရီ ၁၀ ရက်မှ ဇွန် ၁၀ ရက်အထိ မှတ်ပုံတင်မော်တော်ဆိုင်ကယ် (One Stop Service) ဖြင့် မှတ်ပုံတင်ခြင်းဌာန အလိုက် ယင်းမာပင်ခရိုင်အပါအဝင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သတ်မှတ်ထားသည့် ခရိုင်များအလိုက် အခွန်ကောက်ခံပြီး ကျွန်တော်တို့အဖွဲ့မှ နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

"ယခုကဲ့သို့ ကျွန်တော်တို့ ယင်းမာပင်မြို့အရောက် တာဝန်ရှိသူများက လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ ဆိုင်ကယ်က ၂၀၁၃ ခုနှစ်အထက် ၁၂၅ ဘီးကို လိုင်စင်လာလုပ်တာပါ။ ဆိုင်ကယ်တစ်စီး၏ စည်းကြပ်တန်ဖိုး ၄၅၀၀၀ ၊ CD 5 ရာခိုင်နှုန်း ၂၂၅၀၀၊ CD 5 ရာခိုင်နှုန်း ၂၃၆၂၅၊ ကညန ၁၅၅၀၀၊ အာမခံ ၁၇၅၀၊ ဘဏ် ၅၅၀ စုစုပေါင်းတန်ဖိုး ၆၃၉၂၅ ကျပ် ကုန်ကျသည့်အပြင် (ကညန)ငွေသားပေးသွင်းရန်ငွေကျပ် ၅၀၀၀၊ ဓာတ်ပုံဖိုးကျပ် ၁၅၀၀၊ စုစုပေါင်းငွေကျပ် ၆၅၀၀ နှင့် စည်ပင်သာယာဘီးခွန်က ငွေကျပ် ၃၅၀၀ ပေးသွင်းရပါတယ်။ စုစုပေါင်းအနေနဲ့ ငွေကျပ် ၇၄၀၀၀ ကုန်ကျပြီးနေ့ချင်းလိုင်စင်ရလို့ အလွန်ဝမ်းသာပါတယ်"ဟု လိုင်စင်လာရောက်ပြုလုပ်သူတစ်ဦးက ပြောကြားသည်။ "မော်တော်ဆိုင်ကယ်များကို လိုင်စင်လာရောက်လုပ်သူများအနေဖြင့် စည်ပင်သာယာဘီးခွန်က သတ်မှတ်နှုန်းထားထက်ငွေကျပ် ၃၅၀၀ ကျပ် ပေးသွင်းရ၍ ငွေကျပ် ၁၀၀၀ များသောကြောင့် ပြည်သူများအနေဖြင့် နစ်နာပါတယ်"ဟု လိုင်စင်ပြုလုပ်သူများက ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ငွေဆောင်၌ နိုင်ငံခြားသူထံမှ ပစ္စည်းများ အကြမ်းဖက်လုယူမှုဖြစ်ပွား

**ငွေဆောင် မတ် ၁၃**

ငွေဆောင်ဟိုတယ်ဇုန် ပုလဲငွေဆောင်ဟိုတယ်၌ တည်းခိုသော ပိုလန်နိုင်ငံသူ Ms. Katarzyna Joanna သည် မတ် ၁၀ ရက် ည ၉ နာရီက ကမ်းခြေတွင် လမ်းလျှောက်နေစဉ် Silver View Hotel အနီး ကမ်းခြေအရောက် နောက်မှလိုက်ပါလာသူ အမည်မသိလူနှစ်ဦးက တွန်းလှဲ၍ မျက်နှာအားလက်သီးနှင့်ထိုးကာ ၎င်းလွယ်ထားသော ဘေးလွယ်အိတ်အပြာရောင်အား လုယူထွက်ပြေးခဲ့သဖြင့် ID Card တစ်ခု၊ Credit Card တစ်ခု၊ Samsung i-pad ဖုန်းတစ်လုံးပါသွားသဖြင့် ဟိုတယ်ဝန်ထမ်းများအား ချက်ချင်းအကူအညီတောင်းခံခဲ့သည်။

နိုင်ငံခြားသူ၏ မျက်နှာပေါ်ရှိ နှာတံတွင် ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ဝဲမျက်လုံးအောက်တွင်ညိုမည်းဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် တည်းခိုရာ ပုလဲငွေဆောင် ဟိုတယ်မှတစ်ဆင့် ဆေးရုံသို့ပေးပို့ကုသမှုခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### ဖြူးမြို့နယ်တွင် ကျောက်ချောလမ်းဖွင့်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရွာတန်းရှည်ကျေးရွာအုပ်စုအတွင်းရှိ ကျော်လှစုကျေးရွာ၊ ကင်မွန်းချုံကျေးရွာနှင့် ဖြူး၊ ဘန်လောင်လမ်းမကြီး ဆက်သွယ်သောကျောက်ချောလမ်းအား မတ်လပထမပတ်အတွင်းက ဖွင့်လှစ်ခဲ့သည်။ အဆိုပါဖွင့်လှစ်သည့် မြို့ပြနှင့် ကျေးရွာဆက်သွယ်သောလမ်းကို ကျော်လှစုကျောင်းဆရာတော် ဦးသောတန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာပြည်သူများ၏စုပေါင်းငွေများဖြင့် ကျောက်ချောလမ်းခင်းခြင်းဖြစ်ပြီး ကျေးရွာပေါင်း ၁၀ ရွာမှ ရာသီမရွေး မြို့ပြနှင့်ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ **ဖြူး-မြင့်ဦး**

## မြင်းခြံနှင့် တောင်သာမြို့နယ်များတွင် ကြက်သွန်စိုက်ပျိုးသူများ အရှုံးပေါ်မှုများနှင့် ရင်ဆိုင်နေရ

**မြင်းခြံ မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့တွင် ယခုနှစ် ကြက်သွန်နီများ တူးဖော်ထွက်ရှိချိန်၌ တစ်ပိဿာငွေကျပ် ၃၈၀ ဝန်းကျင်ရရှိခြင်းကြောင့် စိုက်ပျိုးသူတောင်သူများမှာ အရှုံးပေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ယင်းစိုက်ပျိုးသူများက ပြောသည်။

ယခင်နှစ် ကြက်သွန်နီ ထွက်ရှိချိန်၌ တစ်ပိဿာငွေကျပ် ၆၀၀ ဝန်းကျင်ရရှိခဲ့သော်လည်း ယခုနှစ်ဈေးကောင်းရရှိရန် မျှော်လင့်ချက်မရှိကြောင်း ၎င်းတို့က ပြောသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့သည် ကြက်သွန်နီများ အများအပြား စိုက်ပျိုးထွက်ရှိရာဒေသဖြစ်ပြီး ယခုအခါ မိုးကြက်သွန်များ ထွက်ရှိအပြီး နွေကြက်သွန်များ စတင်ထွက်ရှိနေပြီဖြစ်သည်။

ကြက်သွန်စိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရာတွင် အဓိကအားဖြင့် ကိုယ့်မျိုးကိုသာ မျိုးခံ၍ စိုက်ပျိုးကြပြီး မျိုးစေ့ထုတ်ယူရန် စိုက်ပျိုးသောအပင်များကို မိုးအထိများလျှင်ဖြစ်စေ၊ သိမ်းဆည်းထားသိုမှု မကောင်းလျှင်ဖြစ်စေ မျိုးဆုံးရှုံးမှုများဖြစ်ပေါ်တတ်ခြင်းကြောင့် မျိုးစေ့စိုက်ပျိုးရောင်းချသူများ အဆင်ပြေသော်လည်း ကြက်သွန်စိုက်တောင်သူများအနေဖြင့် အဆင်မပြေမှုများရှိကြောင်း သိရသည်။

ထိုသို့ ဝယ်ယူစိုက်ပျိုးရာတွင် ကျော်မင်းမျိုး၊ ရွှေဖလားထိပ်မောက်မျိုးများကိုသာ ဝယ်ယူစိုက်ပျိုးကြပြီး မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၃၀၀၀၀ အထိ ဝယ်ယူစိုက်ပျိုးရသည်။ ထို့ကြောင့် မျိုးစေ့သီးသန့်စိုက်ပျိုးရောင်းချသော တောင်သူများလည်းရှိလာကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**ကျောင်းသား ကျောင်းသူကလေးသူငယ်များအတွက်**
**ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ ပဓာနဆရာတော် ဦးစီး၍ ဖွင့်လှစ်သော**
**အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း**
**(တရားရှုမှတ်နည်းပါဝင်သည်)**

**သင်တန်းချိန်** - နံနက် ၈ နာရီမှ ၉း၄၅ နာရီ
**သင်တန်းရက်** - ၁၈-၃-၂၀၁၄ ရက်မှ ၂၇-၃-၂၀၁၄ ရက်အထိ
**သင်တန်းတည်ရာဌာန** - အရှဏ်ဦးပရိယတ္တိဓမ္မဗိမာန်တော် အလယ်တောရစံပြပရိယတ္တိစာသင်တိုက်၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါဌာန၌ စာရင်းပေးသွင်းနိုင်သည်။
**ဆက်သွယ်ရန်ဖုန်း -၀၉-၄၃၀၅၂၄၆၆**

**စောမွန်လှဆွေတော်မျိုးတော်များ အဌမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်**

မန္တလေးမြို့၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြတောင်တိုက် ရွှေဝါင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းနံဘေး ဘိုးတော်နတ်နန်းအကျော် တံတားဖြူထိပ် စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်ဘုရားအမကြီး ဘုရင်အနော်ရထာမိဖုရားစောမွန်လှအား အမှူးထားရည်စူး၍ ဆွေတော်မျိုးတော်များမှ အဌမအကြိမ်မြောက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် သင်္ကန်း ပရိက္ခရာစုံလင်စွာနှင့် ရဟန်းအပါး ၁၀၀၊ ရှင်သာမဏေအပါး ၁၀၀ နှင့် သီလရှင်အပါး ၁၀၀၊ စုစုပေါင်းအပါး ၃၀၀ ဝတ်ပွဲတို့သို့ မြတဘက် နဂါးကိုးကောင်ဘုရား ရင်ပြင်ပေါ်တွင် မြတဘက်နဂါးကိုးကောင်ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရှင်ပြုအလှူပွဲနှင့် သီလရှင်ဝတ်ပွဲ၌ အစ်မတော်စောမွန်လှ၊ နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမ အဖြစ် သာသနာ့ အမွေခံယူ လှူဒါန်းလိုပါက ရှင်တစ်ပါးလျှင် (တစ်သောင်းရှစ်ထောင်ကျပ်) ကျပ် ၁၈၀၀၀နှင့် ရေစက်ချမင်္ဂလာသို့ ကြွတော်မူမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ဖုန်း-၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၅၊ မြေကွက်အမှတ် ၂၉၄၊ အကျယ် (၇၅'×၁၃၄'/၁၃၅')ဧက၊ ပါမစ်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၂၉၄ ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အိန္ဒနီ ၁၂/မဂဒ(နိုင်)၀၉၅၂၈၄ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ၃၀-၉-၂၀၁၃ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသန်းအောင် ၁၃/လရန(နိုင်)၁၁၉၁၅၁မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘိုအကွက်၊ ဦးပိုင်(၁၃၇)၊ ဧရိယာ ၀ဒသမ ၁၀၀ဧကရှိ ယခင်မှုတခြင်းသမဝါယမအသင်းအမည်ပေါက် ဂရန်မြေသည် ဂရန်စာချုပ်ပျောက်ဆုံးလျက်ရှိပြီး ဦးအောင်မိုးမြင့်၊ ဥက္ကဋ္ဌ အောင်ရတနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းဂရန်လျှောက်ထားမှုသော်လည်းကောင်း မူလဂရန်ပျောက်ဆုံးမှုနှင့်သော်လည်းကောင်း ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ၁၂၁ ရပ်ကွက်၊ အရှေ့ကျူးကျော်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ မြေကွက်အမှတ်(၉၈၁/ခ)တွင် မြေကွက်ရရှိသူ မူလအမည်ပေါက် ဦးအိုက်ခွန်(ခ)ဇော်အောင် ၁၂/ဥကတ(နိုင်)၁၇၃၈၄၄မှ မြေကွက်ဖိုးငွေသွင်းခွင့်ပြုပါရန်နှင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေစည်ပင်စရိတ်ဖိုးငွေသွင်းခွင့်နှင့် မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ (၈)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**အမည်ပြောင်း**

ဦးကျော်ကျော်လတ်၏သမီး မမိုးပွင့်ဖြူအား ယနေ့မှစ၍ မလပြည့်သွယ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
**မလပြည့်သွယ်**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ ဝဲပတန်ကျေးရွာနေ မဇင်မာဖြိုး ဒုတိယနှစ် မော်လမြိုင်တက္ကသိုလ်၏ ဖခင်အမည်မှန်မှာ ဦးမောင်စန်း ၁၀/ပမန(နိုင်)၀၅၆၁၈၀ ဖြစ်ပါသည်။
**ဦးမောင်စန်း ၁၀/ပမန(နိုင်)၀၅၆၁၈၀**

**ဒေါ်ယဉ်ယဉ်ဝင်းနှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် (၂၇၆/၆) နေ ဦးရန်အောင် ၁၃/တကန(နိုင်)၁၄၇၇၃၁ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ယဉ်ယဉ်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက် (ယခင်-ရေအေးကွင်း)ရှိ အကွက်အမှတ် (၈-က)၊ အကွက်အမည်(ဘုရားဖြူရပ်)မြေကွက် အမှတ် (၁၇)၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀ဒသမ၁၇၂ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ယဉ်ယဉ်ဝင်း အမည်ဖြင့် ဂရန်အမှတ်အမှတ် (၁၅၅/၁၉၈၄-၈၅)အရ အမည်ပေါက်ပိုင်ဆိုင်သည်ဟု သိရပြီး အဆိုပါဥပစာကို ဒေါ်ယဉ်ယဉ်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်အောင်က ဝယ်ယူ၍ ဂရန်နှင့်တကွ လက်ဝယ်ရရှိပြီးဖြစ်ပါသည်။ အဆိုပါဥပစာနှင့်ပတ်သက်၍ ရောင်းချသူ ဒေါ်ယဉ်ယဉ်ဝင်းမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် လာရောက်ချုပ်ဆိုပေးရန်နှင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ထွေး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂/၁၉၉၈)**
**(၁၁၇၈/ဖ)၊ သရေခေတ္တရာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မကွေးတိုင်းဒေသကြီး အစိုးရမှ ကျေးရွာမီးလင်းရေး အတွက် ဆိုလာမီးအိမ်များပေးအပ်လှူဒါန်း

**မင်းဘူး မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ခွန်သာကျေးရွာအုပ်စုအတွင်းရှိ ခွန်သာကျေးရွာနှင့် မဲချောင်ကျေးရွာများသို့ ကျေးလက်ဒေသများ မီးလင်းရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆိုလာမီးအိမ်များအား မတ် ၁၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသည် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများ ဖြစ်ခြင်းကြောင့် နွေရာသီကာလများတွင် မီးလင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

အဆိုပါ နေရောင်ခြည် အပူစွမ်းအင်ဖြင့် အလိုအလျောက် အားသွင်းနိုင်သော ဆိုလာမီးအိမ်များကို မဲချောင်ကျေးရွာသို့ ၁၃၁ စုံနှင့် ခွန်သာကျေးရွာသို့ ၆၁ စုံပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ကျေးလက်ဒေသများ မီးလင်းရေးအတွက် ဆိုလာမီးအိမ်များပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၁ ရက်က ကျင်းပရာ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများ တတ်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(Iprd)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခု၌ သင်တန်း ၁၆ ခုဖွင့်

**လပွတ္တာ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်းအတွင်းရေးမှူး ဦးလှဒေါင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခုတွင် သင်တန်း ၁၆ ခုဖွင့်လှစ်ခဲ့ပြီး အထူးနည်းပြဆရာ ဆရာမ ၈၈၀ အား သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ အသေးစိတ် အပြန်အလှန်ဆွေးနွေးသင်ကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ခရိုင်ခြောက်ခု၌ မတ် ၁၀ ရက်က ခရိုင်အဆင့်သင်တန်းဆင်းပွဲများ ကျင်းပရာတွင်လည်း နည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား ဆရာ ဆရာမများ အထူးစိတ်ဝင်စားစွာ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ခရိုင်အဆင့်နည်းပြဆရာ ဆရာမများအနေဖြင့် ၎င်းတို့၏ သင်ကြားပို့ချမှုများ တာဝန်အားဖြင့် ပြီးဆုံးသော်လည်း မြို့နယ်အဆင့်သင်တန်းများတွင်လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူချိန်များတွင် လည်းကောင်း၊ လိုအပ်ပါက မိမိတို့ကိုယ်ပိုင်အချိန်များတွင် သွားရောက်ဆွေးနွေးမှုများ၊ကူညီပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားခဲ့သည်။ ခရိုင်အဆင့်တွင် သင်ကြားလေ့လာခဲ့ကြသော ဆရာ၊ ဆရာမများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ မြို့နယ်တွင် မတ် ၁၇ ရက်မှ မတ် ၂၂ ရက်အထိ သင်တန်းခန်း ၂၈၅ ခန်းဖြင့် သင်တန်းသား ၁၄၃၀၅ ဦးအား ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စံငါးချက်ညီစာကြည့်တိုက် ကြည့်ရှုစစ်ဆေး

**မြင်းခြံ မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်နှင်းရည်နှင့် တာဝန်ရှိသူများသည် မြင်းခြံမြို့နယ် ကတောကျေးရွာ စံငါးချက်ညီ ပညာအလင်းပြစာကြည့်တိုက်သို့ မတ် ၁၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စံငါးချက်ညီ ပညာအလင်းပြစာကြည့်တိုက်ကိုအသင်းဝင် ကတ်ပြားများပြုလုပ်ထားရှိပြီး အသင်းဝင်ကြေး ငွေကျပ် ၅၀၀ နှုန်းဖြင့် စာအုပ်တစ်အုပ်လျှင် ရက်သတ္တတစ်ပတ် ငှားရမ်းပေးနေကြောင်း၊ သတင်းစာများကိုလည်း အလှူရှင်ရှိ၍ နေ့စဉ်ရောက်ရှိကြောင်း၊ ယခုအခါ စာအုပ်၊ စာစောင်များတိုးပွားလာသဖြင့် စာအုပ်၊ စာစောင်များထားရှိမည့် ဗီရိုများ သာလိုသည်ဖြစ်ကြောင်း ကတောကျေးရွာ ပညာအလင်းပြစာကြည့်တိုက်၏ စာကြည့်တိုက်မှူး ဦးဆန်းရီက ပြောသည်။

မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်နှင်းရည်က စာအုပ်များမပျောက်ပျက်အောင် စနစ်တကျထားရှိရေး၊ ရန်ပုံငွေများတိုးပွားရေး၊ စာဖတ်သူဦးရေတိုးပွားရေး စသည်ဖြင့် ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူးထံသို့ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သတင်းတို

### ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေး

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် အောင်ဇေယျခန်းမတွင် မတ် ၁၀ရက်နေ့မှစတင်၍ မတ် ၁၄ ရက်အထိ ဆိုင်ကယ်လိုင်စင်များကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သထုံခရိုင်(ကညန)ရုံးတွင် ဦးဝင်းစိုး(စက်မှုကျွမ်းကျင်-၂) ဦးဆောင်သောဝန်ထမ်းများမှ ဘီးလင်းမြို့နယ်ရှိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား ယာဉ်လိုင်စင်ပြုလုပ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထူးနောင်**

# ပုသိမ်မူလတန်းကြိုကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ECCD (Certificate) ပေးအပ်ပွဲကျင်းပ

**ပုသိမ် မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းကြိုကျောင်း၏ ECCD (Certificate)ပေးအပ်ပွဲနှင့် ပဒေသာကပွဲကို မတ် ၁၁ ရက်က ပုသိမ် မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားပြောကြားပြီး တိုင်းဦးစီးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မူလတန်းကြိုပညာသင်ကြားတတ်မြောက်ပြီးသော ရင်သွေးငယ်များအား ECCD (Certificate) များအား ပေးအပ်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်းကြို ပညာသင်ကြားတတ်မြောက်ပြီးသော ရင်သွေးငယ် ၁၀၁ ဦးရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ၁၃ မိုင် လေးဖာလုံရှိ ကျေးရွာချင်းဆက်မြေသားလမ်း ကွင်းဆင်းစစ်ဆေး

**ငပုတော မတ် ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲမှ ၁၃ မိုင် လေးဖာလုံရှိ မြို့သစ်-ကန့်ဘလာ-ဘုရားလှ ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နေမှုအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


## အသိပေးနှိုးဆော်စာ

အထက (တံတားမြို့) နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက် (တပ်မတော်နေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

မောင်ရဲမင်းထွန်း ၁၂/တတန(နိုင်)၁၈၁၉၇၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၇၆၇၀၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်သန်းစိုးအောင် (ဘ)ဦးမောင်ညွှန့် ၇/ကတခ(နိုင်)၁၅၂၄၀၄၏ မြန်မာနိုင်ငံကူးလက်မှတ် MA-၁၇၇၃၀၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၃၀၇၁၆၀**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံး

ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ခွဲ အောင်သီရိရပ်ကွက်နေ ဦးရန်ကွေ့ဖန်၏သား ဦးရန်ချိန်ဟိုင်း အသက် (၅၀) ၁/မမန(နိုင်)၀၁၀၄၁၈နှင့် ဦးကမ်ခမ်း၏သမီး ဒေါ်နန်းစိန်ညွှန့် အသက် (၄၈) နှစ် ၁၃/မဆတ(နိုင်)၀၃၀၇၆၁ တို့၏ တရုတ်နိုင်ငံကူးလက်မှတ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ဦးရန်ချိန်ဟိုင်း-ဒေါ်နန်းစိန်ညွှန့်**
**လွယ်ဂျယ်မြို့နယ်ခွဲ**

မဒေါက်မြို့ ပန်းငွေရုံဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ သက်တော် (၈၁)နှစ် ဝိဇာတမွေးနေ့ပူဇော်ပွဲနှင့် ပန်းငွေရုံတောရ ဓမ္မရုံသီရိပ်သာ၊ သာသနိက အဆောက်အအုံများ (ကျောက်လုံးကြီး၊ ကန်ဘေးအိုင်၊ ရွှေကျင်မြို့)ဖွင့်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာပွဲအစီအစဉ်**

**နေ့ရက်** - ၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
- ၂၃-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
- ၂၂-၃-၂၀၁၄ ရက် (စနေနေ့)ညတွင်

**တွံတေးဆရာတော် အရှင်ဣန္ဒက (ဓမ္မကထိကဗဟုဇနဟိတဓရ)** မှ တရားချီးမြှင့်ပါမည်။

**နေရာ** - ပန်းငွေရုံတောရဓမ္မရုံသီရိပ်သာ (ကျောက်လုံးကြီး၊ ကန်ဘေးအိုင်၊ ရွှေကျင်မြို့)

မဒေါက်မြို့ ပန်းငွေရုံဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မှ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသားဆောင် (ဓမ္မဝါစကဆောင်) ပေ (၆၀×၃၇)၊ နှစ်ထပ်အား သင်တန်းသားများ နှစ်စဉ်များပြားလာပါ၍ ဝင်းရတနာဗိမာန်တွင် အသစ်ဆောက်လုပ်နေပါသည်။

ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန်နှင့် သာသနာကို ကြည်ညိုလေးစား ပြန့်ပွားလိုသော အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား ဆရာတော်နှင့်အတူ ကုသိုလ်ပါဝင်နိုင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လှူဒါန်းနိုင်သောနေရာ**

ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက် ဖုန်း-၀၅၂-၄၂၄၈၅

**ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့**

## နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၊ အစိုးရစာရင်းစစ်ဟောင်းများ အသင်းဖြစ်မြောက်ရေး မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ နှစ်စဉ်ကျင်းပသည့် မိတ်ဆုံစားပွဲနှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်နှင့် အစိုးရစာရင်းစစ်များအသင်းဖြစ်မြောက်ရေး ဆောင်ရွက်ရန်အတွက် ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ စုပေါင်းဓာတ်ပုံကို ၄း၁၅ တွင် ရိုက်ပါမည်။ သီးခြားဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲကို တက်ရောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**အစီအစဉ်**

နေ့ရက် - ၂၃-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ ၄း၀၀နာရီမှ ၆း၀၀နာရီအထိ
နေရာ - ရွှေရတုခန်းမ မင်းကွန်းတိပိဋကကျောင်း၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။

**အသင်းဖြစ်မြောက်ရေးယာယီအဖွဲ့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၄၃၂၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၄၉၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၀/ကတန(နိုင်)၁၃၉၂၁၇က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေများကို မြန်မာကျပ်ငွေဖြင့် စီမံကိန်း လုပ်ငန်းခွင်များသို့ အချိန်ကိုက်ဝယ်ယူပို့ဆောင်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်** - ၁၀-၄-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**(၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်**
**(၂၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပသော မဟာပဋ္ဌာန်းတရားပူဇော်ပွဲနှင့် အောင်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုသိုလ်ပါရမီရှင်သူတော်စင်များ ကြွရောက်ပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁။ ၁၃၇၇ ခုနှစ် တပေါင်းလပြည့်နေ့ ၁၅-၃-၂၀၁၆ ရက် (စနေနေ့) နံနက် ၅ နာရီတွင် သံဃာတော်များ အောင်စေတီတော်ကို ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်းနှင့် အရုဏ်ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်း။

၂။ ၄င်းလပြည့်နေ့ နံနက် ၉ နာရီတွင် ဓာတ်ပွဲ၊ နတ်ပွဲ၊ ဗလိနတ်စာ ကျွေးမွေးပူဇော်ခြင်း။

၃။ ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်၊ ၁၆-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀နာရီတွင် ပဋ္ဌာန်းပွဲ ဖွင့်လှစ်၍ ၄င်းလပြည့်ကျော် ၅ရက်၊ ၂၀-၃-၂၀၁၆ ရက် (ကြာသပတေးနေ့)ထိ ၅ရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို သံဃာတော် ၂၄ ပါးတို့ဖြင့် ရွတ်ဖတ်ပူဇော်ခြင်း။

၄။ ၄င်းလပြည့်ကျော် ၅ရက်၊ ၂၀-၃-၂၀၁၆ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် သံဃာတော်တို့အား လှူဖွယ်ဝတ္ထုများ လှူဒါန်းပြီး၊ ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်တို့ကို ရေစက်ချအမျှပေးဝေပြီး သာဓု အနုမောဒနာခေါ်ဆိုခြင်း။

**တံခွန်တိုင်တောရကျောင်းတိုက်/ဝေယျာဝစ္စအဖွဲ့**

---

တပေါင်း[illegible]မွေးနေ့ မင်္ဂလာဆုမတောင်း

[illegible]

• သမီးကြီး "[illegible]" B.Com (YIT), Advance Dip. English (Ohio-USA), ACCA (Part II), Graduate Dip. Business & Finance (1st Semester, MDIS, S'pore), Accounts Executive, Lazal Lease Retail Pte, Ltd., S'pore နှင့်

• သမီးငယ် "[illegible]" B.C.Sc (Hons), Dip. English (Semun Chai), M.Sc (NTU, S'pore), Ph.D Candidate (SIU) [illegible]

[illegible]

[illegible] ဖခင် - Dr. [illegible]

မိခင် - ဒေါ်[illegible]

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Dyna 14' ခေါင်းကျဉ်း ရှေ့လေးနောက်လေး ၂၀၀၃

Xzu 342, 4700 cc ၁၄၅ သိန်း

**ဖုန်း-၀၉-၅၁၆၅၈၉၁**

---

## ပျောက်ဆုံးကြောင်း

ဦးရွှေကြီး၏သမီး မသန်းသန်းနွယ် MA 550683 Passport စာအုပ်သည် ကျပျောက် သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပါရန်။ **ဖုန်း-၀၉-၄၀၁၅၃၈၆၃၈၊ ၀၉-၄၂၅၀၂၀၆၁၃**

---

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (ယခင် ကိုသာဖြူကျောင်း) တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

(၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၂ ရက်) ၁-၄-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ယခင် ကိုသာဖြူကျောင်း) တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ပွဲအား သုံးနှစ်တစ်ကြိမ်သာပူဇော်ပွဲကျင်းပရန် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ ဆုံးဖြတ်ထားခဲ့သော်လည်း ကန်တော့ခံဆရာကြီး ဆရာမကြီးများသည် အသက်အရွယ်ကြီးရင့်လာခြင်း၊ ကျန်းမာရေးချို့တဲ့လာခြင်းနှင့် တပည့်ဟောင်းများမှလည်း ဆရာကြီး ဆရာမကြီးများအား နှစ်စဉ်ပူဇော်ကန်တော့လိုခြင်း၊ ကျေးဇူးတရားများအား တတ်စွမ်းသမျှ ပြန်လည်ပေးဆပ်လိုခြင်းစသည်တို့ကြောင့် မြတ်ဆရာပူဇော်ပွဲအား နှစ်စဉ်ကျင်းပရန် ထပ်မံဆုံးဖြတ်ရခြင်းဖြစ်ပါသည်။

သို့ပါ၍ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ကန်တော့ခံတက်ရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများသည် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့လည်း ကန်တော့ခံတက်ရောက်ရန် ထပ်မံ၍ ဂါရဝပြုဖိတ်ကြားအပ်ပါသည်။

ယခုနှစ်မှသည် လွန်ခဲ့သော နှစ်ပေါင်း (၃၅)နှစ်အတွင်း အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများသည်လည်း တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်နိုင်ရေးအတွက် ဦးစောဖရန်စစ် ဖုန်း-၀၉-၅၂၀၂၂၅၀၊ ဦးမျိုးညွန့် ဖုန်း-၀၉-၄၉၇၁၆၃၇၁၊ ဦးဝင်းလွင် ဖုန်း-၀၉-၅၂၀၀၅၃၅၊ ဦးတင့်လွင် ဖုန်း-၀၉-၃၁၁၇၅၉၅၇တို့နှင့် အထက(၅) ပုသိမ်မြို့သို့ အဆက်အသွယ်ပြုလုပ်ကြပါရန်နှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့ ပျော်ရွှင်ချမ်းမြေ့စွာဖြင့်တက်ရောက်နိုင်ကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲကျင်းပပြုလုပ်ရေးကော်မတီ**

**ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့၊ အထက-၅(ယခင် ကိုသာဖြူကျောင်း)၊ ပုသိမ်မြို့**

---

# ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

(၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) ၂၈-၃-၂၀၁၆ ရက် (သောကြာနေ့) တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ အထက်တန်းကျောင်းတွင် ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ကန်တော့ခံဖိတ်ကြားခြင်းခံရသော ဆရာကြီး ဆရာမကြီးများသည် ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ကန်တော့ခံတက်ရောက် ကြပါရန် ထပ်မံရိုသေစွာ ဂါရဝပြုဖိတ်ကြားအပ်ပါသည်။

နေရာဒေသမရွေးဘဲ ပင်ပန်းဆင်းရဲစွာဖြင့် လာရောက်ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများသည် ယခုအခါတွင် အသက်အရွယ်ကြီးရင့်လာခြင်းနှင့် အချို့သော ဆရာကြီး ဆရာမကြီးများသည် ကျန်းမာရေးချို့တဲ့ လာကြပါသည်။

တပည့်ဟောင်းများသည် မိမိတို့တတ်စွမ်းသမျှဖြင့် ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးတရားများအား အထူးပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ကျေးဇူးတရားအား သိတတ်ခြင်း၊ ကျေးဇူးတရားများ ပြန်လည်ပေးဆပ်ခြင်းတို့သည် သူတော်ကောင်းတရားနှင့် သူတော်ကောင်းတို့၏ ကောင်းသောအကျင့်ဖြစ်ပါသည်။

သို့ပါ၍ ၁၉၆၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း မန်ကျည်းပင်ကျေးရွာ အမက၊ အလကတွဲဖက် အထက၊ (ခွဲ)အထကတို့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ သည် ပဥ္စမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲသို့ တက်ရောက်နိုင်ရေးအတွက် ဦးကျော်ဝင်း ဖုန်း-၀၉-၂၀၀၁၀၀၇၊ ဦးထွန်းထွန်း ဖုန်း-၀၉-၈၅၆၆၁၂၃၊ ဦးအောင်သန်း ဖုန်း-၀၉-၈၅၅၂၄၁၄၊ ဒေါ်မြင့်ငြေး ဖုန်း-၀၉-၄၅၀၀၀၄၉၆၀တို့အား ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ပဥ္စမ အကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ပျော်ရွှင်ချမ်းမြေ့စွာဖြင့်တက်ရောက်နိုင်ကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲကျင်းပပြုလုပ်ရေးကော်မတီ**

**ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့၊ အခြေခံပညာအထက်တန်းကျောင်း၊ မန်ကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၈-ဘီ/၂၊ မြေကွက်တည်နေရာအမှတ် ၄၃/က၊ သာယာဝတီလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ရီ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (မိခင်)ဒေါ်ရီနှင့် (ဖခင်)ဖြစ်သူ ဦးပြုံးတို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၇၂/၂၅-၁-၁၉၉၃ဖြင့် သမီးများဖြစ်သူ ဒေါ်အုံးကြည်(ခ)ဒေါ်အုံးကျင်နှင့် ဒေါ်အေးကြည်တို့ ပိုင်ဆိုင်လာပြီး (မိခင်)ဒေါ်အုံးကြည်(ခ)ဒေါ်အုံးကျင် (ဖခင်) ဦးထွန်းအောင်(ခ)ဦးဆန်နီ(ခ)ဦးအက်စ်အိုမက္ကတွန်း၊ (အဒေါ်)ဖြစ်သူ ဒေါ်အေးကြည်(အပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်လေးဆွေ ၁၂/ဗဟန(နိုင်)၀၇၉၅၉၂၊ ဒေါ်ခင်မြင့်ဝေ ၁၂/ဗဟန(နိုင်)၀၇၉၅၉၁တို့က မြေး၊ တူမ၊ သမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၄၀၅(က-ခ)၊ မြေကွက်တည်နေရာအမှတ်(၄၀၅)၊ ရှုခင်းသာ(၇) လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျင်စို(ခ)အောင်မြတ် အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးကျင်စို(ခ)အောင်မြတ် ဖခင်နှင့် ဒေါ်ကျင်ပို မိခင်တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ငွေငွေရီ ၁၂/သကတ(နိုင်)၁၁၇၈၂၁၊ (၂)ဦးအောင်မြင့် ၁၂/သကတ (နိုင်)၀၃၈၈၁၅၊ (၃)ဦးမြင့် အောင် ၁၂/သကတ(နိုင်)၁၉၆၆၉၆၊ (၄)ဒေါ်ဗေပို ၁၂/သကတ(နိုင်)၁၇၆၄၉၅ မှ သေစာရင်း ဂရန်ပြေစာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ ရက်တွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝယ်လိုသည်

ကားအပ်ပြီးစလစ်

စ၊ ဆ၊ မှ သ၊ အ၊ ၁က အထိ

အပ်ကား

**ဖုန်း-၀၉-၄၄၈၀၀၇၃၇၇**

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၈၀×၈၀) ပတ်လည် RC တစ်ထပ်

ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်၊

**ဖုန်း-၀၉-၂၅၀၂၉၇၄၇၃၊**

**၀၉-၇၃၁၅၅၅၂၉**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းအားကစားကွင်း၊ ပွဲကြည့်စင်ဘေး၊ သုံးထပ်၊ ဆိုင်ခန်းအမှတ် ၂၃ ကို ၉-၁၂-၁၉၉၈ ရက်စွဲပါစာချုပ်ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန ထံမှ ကျွန်တော် ဦးခင်ဦး EHGI-၀၉၀၅၈၀၊ ၁၂/လမတ(နိုင်)၀၂၉၃၅၆ က ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပါသည်။ အဆိုပါစာချုပ်သည် အိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါ သဖြင့် သက်ဆိုင်ရာဦးစီးဌာနတွင် စာချုပ်မိတ္တူလျှောက်ထားခြင်း၊ အမည်ပြောင်းလျှောက်ထား ခြင်းတို့ ပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးခင်ဦး ၁၂/လမတ(နိုင်)၀၂၉၃၅၆**

**အမှတ် ၈၅၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်၊ မြေကွက် အမှတ် ၃၃၁၊ မြေကွက်တည်နေရာအမှတ် ၃၃၁၊ (၆၄)စက်မှုဇုန်ရပ်ကွက်၊ ဒဂုံတောင် ဦးကြည်ဝင်း ၁၂/ကတတ(ဧည့်)၀၀၀၂၃၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည် ပေါက် ဦးကြည်ဝင်း-ဒေါ်တင်တင်ရီ၊ မိခင်၊ ဖခင်တို့ ကွယ်လွန်သဖြင့် ဦးတင်ဝင်းထွေး ၁၂/ကတတ(ဧည့်)၀၀၀၃၇၁မှ တစ်ဦးတည်း သောသားအရင်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG ၊ မြေကွက်အမှတ် ၄၄၉၊ မြေကွက် တည်နေရာအမှတ် ၂၀၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်ကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ကြည်နှင့် ဖခင် ဦးမြလှိုင်တို့ ကွယ်လွန် သဖြင့် ဦးသိန်းဆွေ ၁၂/ဗဟန(နိုင်)၀၃၈၆၆၄၊ ဦးမြဆွေ ၁၂/ဗဟန(နိုင်)၀၅၂၅၀၁၊ ဒေါ်ခင် ခင်ဆွေ ၁၂/ဗဟန(နိုင်)၀၅၁၂၅၀တို့က သား သမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၈၊ မြေကွက်အမှတ် ၇၀၃၊ မြေကွက်တည်နေရာအမှတ် (၇၀၃)၊ စံပယ် လမ်း၊ ရွှေပြည်သာမြို့နယ်၊ ဦးမောင်ကို အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ကိုထံမှ အရပ်ကတိစာချုပ် အဆက် စပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအေးထွန်း ၁၁/စတန (နိုင်)၀၀၂၀၇၄ မှ နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တင်ပြထားသော ပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် နှင့်အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက် လိုပါက တရားဝင် ခိုင်လုံသော အထောက် အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၆၊ မြေကွက်အမှတ် ၆၈၊ မြေကွက် တည်နေရာအမှတ် ၆၈၊ (၈၆)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးအေးမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးအေးမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသော်ဇင်အောင် ၁၄/ဖပန(နိုင်)၁၁၀၆၈၀က ဝယ်ယူ၍ မြေချ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံ ချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ခုနစ်ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/စက်မှုမြေ၊ လူနေရပ်ကွက်အမှတ် အနော်ရထာစက်မှုဇုန်၊ မြေကွက်အမှတ် F-4၊ ဧရိယာ ၁ ဒသမ ၅၂၇ ဧကရှိ လိုင်စင်မြေကွက်နှင့် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ဒေါ်တင်တင်မြင့် ၁၃/တယန(နိုင်)၀၁၃၇၄၉က အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်တင်တင်မြင့်ထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၉၇၏ (လေးလွှာ) ခေါင်းရင်းခန်း၊ ခြေရင်းခန်း တိုက်ခန်းနှစ်ခန်း၏ အကျိုးခံစားခွင့်နှင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေး ၁၂/တမန(နိုင်)၀၉၃၇၇၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေက တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ခိုင်မာသောကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ရုံးအမှတ် ၅၀၊ စီ/၃၊ ပထမထပ်၊** | **ဦးလှမင်း(ပေါင်းတည်)** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** | **LL.B(ADVOCATE)** |
| **ဖုန်း-၀၉-၅၀၃၃၁၇၂** | **တရားလွှတ်တော်ရှေ့နေ(၅၅၅၅)** |

### ဦးထွန်းကြည် ၉/မရမ(နိုင်)၀၃၇၈၅၈ နှင့် ဦးဖုန်းမြင့် ၉/မရမ(နိုင်)၀၃၇၈၅၇ တို့၏ ၉-၃-၂၀၁၄ ရက်ထုတ် ဤသတင်းစာပါ ဦးစိန်ဝင်းကြည်နှင့် အများသိစေရန် ကြေညာချက်မှာ မှန်ကန်မှုမရှိပါသဖြင့်

## ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကန်ထရိုက်တာ ဦးစိန်ဝင်းကြည်သည် အိမ်မြေရှင်များ ဖြစ်ကြသည့် ဦးထွန်းကြည်နှင့် ဦးဖုန်းမြင့်တို့ ပိုင်ဆိုင်သည့်အမှတ် ၉၆၊ စိတ္တသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ နေအိမ်အား နှစ်ခန်းတွဲ၊ (၃½)ထပ်တိုက်ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ ၁၄-၁-၂၀၁၄ ရက်စွဲဖြင့် နှစ်ဖက်သဘောတူညီကတိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကတိစာချုပ်၏ သဘောတူညီချက်များအတိုင်း အိမ်မြေရှင်ဘက်မှ ဆောင်ရွက်ပေးရန် စာချုပ်အပိုဒ်(၅)၊ အပိုဒ်ခွဲ(၁)ပါ မြေရှင်မှ ကန်ထရိုက်တာနှင့် စာချုပ်ချုပ်သည့်ရက်မှစ၍ တစ်ပတ်အတွင်း အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)လွှဲအပ်မည်ဆိုသည့်အတိုင်း ယနေ့တိုင်လွှဲအပ်ပေးခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိနေပါသည်။ ကန်ထရိုက်တာက အဆောက်အအုံဆောက်လုပ်သည့် ခွင့်ပြုမိန့်ရရှိရေးအတွက် စီမံဆောင်ရွက်နေစဉ် အိမ်မြေရှင်တို့က ၁၅-၁-၂၀၁၄ ရက်က ကန်ထရိုက်တာ ဦးစိန်ဝင်းကြည်ထံ ဖုန်းဆက်သွယ်ပြီး တွေ့ဆုံရန်ချိန်းဆိုသဖြင့် ကန်ထရိုက်တာဦးစိန်ဝင်းကြည်က အမှတ် ၁၀၆၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်တွင် တွေ့ဆုံရန် နှစ်ဖက်သဘောတူ ချိန်းဆိုထားပြီးမှ အိမ်မြေရှင်တို့ မလာရောက်ခြင်းဖြစ်ပါသည်။ အိမ်မြေရှင်တို့က ၉-၃-၂၀၁၄ ရက်ထုတ် ဤသတင်းစာတွင် ကန်ထရိုက်တာ၏ လိပ်စာမတွေ့ရှိကြောင်း ဖုန်းအဆက်အသွယ်မရကြောင်း၊ ကန်ထရိုက်တာအား ဆက်သွယ်၍မရကြောင်း စသည့်အခြေအမြစ်မရှိသောအကြောင်းပြချက်များ ဖော်ပြပြီး ကတိစာချုပ်အရ အိမ်မြေရှင်ထံပေးအပ်ထားသည့် စရန်ငွေများ ပြန်ယူရန်နှင့် စာချုပ်ဖျက်သိမ်းရန် ကြံရွယ်၍ မရိုးမဖြောင့်မမှန်မကန် ကြေညာခြင်းသာဖြစ်၍ လူကြီးမင်း အိမ်မြေရှင်တို့၏ ကြေညာချက်အား ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ရုပ်သိမ်းပါရန်နှင့် သတ်မှတ်ရက်အတွင်း လိုက်နာခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေကန်ထရိုက်တာက ၄င်း၏ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုအတွက် တည်ဆဲတရားဥပဒေများနှင့်အညီ လူကြီးမင်းတို့အား အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Social Justice Law Firm**

| | |
|---|---|
| **ဦးစိုးတင့်(စဉ်-၁၀၆၃၆)** | **ဦးဇော်မျိုးအောင်(စဉ်-၂၄၂၈၆)** |
| **B.Sc, H.G.P, D.B.L, D.I.L** | **LL.B, D.I.L** |
| **Post Graduate Diploma in Law** | **အထက်တန်းရှေ့နေ** |
| **Lawyer & Legal Consultant** | |

**ဦးထွန်းထွန်းငြိမ်း(စဉ်-၃၄၉၈၈) LL.B, D.I.L အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၃/C) (ဝဲ)ပထမထပ်၊ ၃၅လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၇၄၀၂၂၊ ၀၉-၄၂၀၂၄၂၄၂၉**

### ဦးသက်လင်း ၁၂/ကမရ(နိုင်)၀၄၄၀၆၀နှင့် အများသိစေရန် ကြေညာချက်

အခန်းအမှတ် ၆၀၁၊ ကန်ရိပ်မွန်ကွန်ဒို၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတိုက်ခန်းသည် ဦးသက်လင်း ၁၂/ကမရ(နိုင်)၀၄၄၀၆၀နှင့် ဒေါ်သင်းသင်းလှု ၁၂/ကမရ(နိုင်)၀၄၄၀၃၄တို့ လင်မယားနှစ်ဦး၏ လက်ထပ်ပွားပစ္စည်းဖြစ်ပြီး အဆိုပါတိုက်ခန်းကို မူလပိုင်ရှင် ဦးဝင်းမင်းထွန်းထံမှ ၁၀-၆-၂၀၀၄ ရက်တွင် ဒေါ်သင်းသင်းလှု၏အမည်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်သင်းသင်းလှုက မည်သူ့ကိုမျှ အထွေထွေကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း ပေးအပ်ထားခြင်းမရှိပါ။ တိုက်ခန်းဝယ်သည့်စာချုပ်သည် ဦးသက်လင်းထံတွင်ရှိနေပြီး ယခုအခါ ဦးသက်လင်းက တိုက်ခန်းကို လွှဲပြောင်းရောင်းချရန်စီစဉ်နေကြောင်း သိရှိရပါသည်။ လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းကို ဦးသက်လင်းတစ်ဦးတည်း၏ သဘောဖြင့် လွှဲပြောင်းရောင်းချခြင်းကို ကန့်ကွက်ပါကြောင်းနှင့် ဒေါ်သင်းသင်းလှုအမည်ပေါက် တိုက်ခန်းကို ဒေါ်သင်းသင်းလှု၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပေါင်နှံလွှဲပြောင်းရောင်းချပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ခင်ခင်ဌေး(ကျုံမငေး)**
**B.A(Honours) (English), M.A(English)**
**H.G.P, D.B.L, D.M.L, D.I.L, D.L**
**အထက်တန်းရှေ့နေ(စဉ်-၁၉၃၄၃)**
**ကောင်းအောင်သာ Law Firm**
**အခန်း ၂၀၃(ဒုတိယထပ်)၊ တိုက် ၅၆၃၊ M.A.C Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၃၁၅၂၊ ၀၉-၇၃၁၂၆၄၁၉**

### ဇနီးမယားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး(စံပြ)ကျေးရွာအတွင်းနေထိုင်သော ကိုဖြိုးဝေလှိုင် ၁၂/တတန(နိုင်)၁၂၈၀၅၂နှင့် မဝင်းသီတာ ၁၂/တတန(နိုင်)၁၈၅၁၁၀တို့သည် လွန်ခဲ့သော ၃၁-၁၂-၂၀၀၀ ခုနှစ်တွင် လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ မဝင်းသီတာ ၁၂/တတန(နိုင်)၁၈၅၁၁၀သည် ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြုလုပ်သွားပါသဖြင့် ၄င်းအား ဇနီး(မယား)အဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ မဝင်းသီတာ ၁၂/တတန(နိုင်)၁၈၅၁၁၀အား ၄င်းနှင့် ပတ်သက်သောကိစ္စအားလုံး လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးလိုက်ပါသည်။

**ကိုဖြိုးဝေလှိုင် ၁၂/တတန(နိုင်)၁၂၈၀၅၂**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၇/က၊ မြေကွက်တည်နေရာအမှတ် (၄၇/က)၊ ကျော်သူ ၂၅လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးစိန်မောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင်ထံမှ ကိုယ်စားလှယ်လွှဲစာ-၆၈၈၂/၀၉ (၅-၈-၀၉)ဖြင့် လွှဲအပ်ခံရသူအထူးကိုယ်စားလှယ် မယုယုကြွယ် ၁၂/ဥကတ (နိုင်)၀၂၆၀၇၉က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၆၀၂/၁၂(၂-၈-၁၂)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပေါက်တောတိုးချဲ့(အနောက်)၊ မြေကွက်အမှတ် ၃၂၊ မြေကွက်တည်နေရာအမှတ် ၃၂၊ လာဘ်မိုးဆွေလမ်း၊ အင်းစိန်မြို့နယ် ဦးအောင်မြင့် အမည်ပေါက် လိုင်စင်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နန်းကေသီလွင် ၁၂/ရကန(နိုင်)၀၅၀၂၀၅ က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/င၊ မြေကွက်တည်နေရာအမှတ် ၂၁၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်စိန်လှိုင် ၁၂/ရကန(နိုင်)၀၅၅၅၉၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်လှိုင်(မိခင်)နှင့် ဦးတင်မောင်ကြီး(ခ)ဗိုလ်တင်မောင်ကြီး (ကွယ်လွန်)သဖြင့် (၁) ဦးလွင်မြင့်(ခ)ဦးကျော်ဟိန်း ၁၂/ဗဟန(နိုင်)၀၆၄၂၂၉၊ (၂)ဒေါ်ခင်အေးဝေ ၁၂/ရကန(နိုင်)၀၅၅၅၅၅၊ (၃)ဒေါ်ခင်အေးကြူ ၁၂/ရကန(နိုင်)၀၅၆၁၂၂၊ (၄) ဒေါ်ဆွေဆွေဝင်း ၁၂/ရကန(နိုင်)၀၃၈၈၂၆၊ (၅)ဒေါ်ခင်ထွေးရီ ၁၂/ရကန(နိုင်)၀၅၅၁၄၇၊ (၆)ဦးခင်ဇော် ၁၂/ပဇတ(နိုင်)၀၁၃၆၉၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၄၆၈အမည်ပေါက် ဦးနီနီစိန်(ခ)ဦးဝင်းမော် ၁၂/ပဇတ(နိုင်)၀၂၄၇၅၃၏ မြေကွက်သည် နိုင်ငံတော်စီမံကိန်းကာလအတွင်း စလစ်ပြန်အပ်ပြီးဌာနမှ ငွေထုတ်ယူခဲ့ကြောင်း၊ နိုင်ငံတော်စီမံကိန်း ပျက်ပျယ်သဖြင့် အပ်နှံထားသော စလစ်ပြားအား ပြန်လည်ထုတ်ယူခွင့်ပြုပါရန်နှင့် ငွေပြန်လည်ပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချစလစ်ပြားထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

### အများသိစေရန်ကြေညာချက်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောတိုက်ခန်းနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သော တိုက်ခန်းအား လက်ရှိအမည်ပေါက် ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-**

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ခင်မြင့် ၁၂/ပဇတ(နိုင်)၀၂၅၉၃၆ (မှ) ဦးတင်ဦး PBE-၁၄၅၇၃၃ (မှ) | ဦးစိန်လင်း ၉/မရတ(နိုင်)၁၀၉၄၈၅ | အမှတ် ၁၀၄/၁၀၆၊ အခန်း ၂၊ မြေညီ မဟာပန္နလလမ်း၊ ပုဇွန်တောင်။ |
| ၂။ | ဒေါ်ရီ(မူလနေထိုင်သူ) ၁၂/လသန(နိုင်)၀၀၅၆၈၇ ဦးမောင်သိန်း ၁၂/လသန(နိုင်)၀၀၆၂၄၅ ဦးတင်ထွေး ၁၂/လသန(နိုင်)၀၀၆၂၀၉ (မှ) | ဒေါ်သီတာ ၁၂/လမန(နိုင်)၁၁၃၀၉၃ | အမှတ် ၆၆/၇၀၊ အခန်းအမှတ် ၆၊ ပထမထပ်(ဒု-ဝဲ)၊ လမ်း-၂၀၊ လသာ။ |
| ၃။ | ဦးခင်မောင်ကြည် CG-၀၂၈၅၂၉ ၁၂/တမန(နိုင်)၀၁၉၈၆၇ (မှ) | ဦးစန်းထွန်း ၉/မရတ(နိုင်)၀၄၈၉၄၇ | တိုက် ၁၂၊ အခန်းအမှတ် ၈၊ မြကန်သာအိမ်ရာ၊ ကမာရွတ်။ |
| ၄။ | ဒေါ်မေမျိုးတင် SRM- ၀၈၆၄၃၆ ၁၂/သလန(နိုင်)၀၉၂၉၅၄ (မှ) | ဒေါ်မာမာဝင်းLKW-၀၆၃၂၁၈ ၁၂/ကမတ(နိုင်)၀၁၅၄၃၉ | တိုက် ၁၁၊ အခန်းအမှတ် ၂၉၊ ပန်းလှိုင်အိမ်ရာ၊ကြည့်မြင်တိုင် |
| ၅။ | ဦးဖိုးကွန်း ၁၂/ကမရ(နိုင်)၀၄၅၇၇၃ ဦးသန်းဆင့် ၁၂/ကမရ(နိုင်)၀၄၅၇၇၉ (မှ) ဒေါ်ခင်နိုင်အေး ၁၂/အစန(နိုင်)၁၁၇၀၃၄ (မှ) | ဒေါ်စုစုအောင် ၁၂/အစန(နိုင်)၀၆၄၇၇၉ | တိုက် ၁၆၊ အခန်းအမှတ် ၁၈၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်။ |
| ၆။ | ဦးအောင်အောင်ဦး (ဒါရိုက်တာ) ရွှေအင်ပါယာကုမ္ပဏီ (မှ) | ဦးနိုင်လင်း ၁၂/မဘန(နိုင်)၀၀၁၉၅၀ | တိုက် D ၊ အခန်းအမှတ် ၁၀၂၊ ပထမထပ်၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်။ |
| ၇။ | ကန်ထရိုက်တာဦးကျော်ဝင်း LC-၂၅၀ ၁၂/မဂတ(နိုင်)၀၃၁၄၂၈ (မှ) | ဒေါ်သန်းသန်းမော် ၇/ဒဥန(နိုင်)၀၅၈၃၃၀ | အမှတ် ၂၆၊ ခြောက်လွှာ(ယာ)၊ ၁၃၆ လမ်း၊ တာမွေ။ |
| ၈။ | ဦးတင်မောင်သိန်း ၁၂/မရက(နိုင်)၀၆၉၇၀၉ ဒေါ်ခိုင်မြတ်ကြူ ၁၂/မရက(နိုင်)၀၈၃၉၃၅ (မှ) | ဒေါ်ဝင်းဝင်းသန်း ၁၂/မရက(နိုင်)၀၉၈၃၇၁ | တိုက် အေ၊အထပ်အမှတ် ၈ အခန်း ၃၊ မင်းဓမ္မအဆင့်မြင့် အိမ်ရာ၊ မရမ်းကုန်း။ |
| ၉။ | ဦးကံမြင့် LC - ၃၅၆ ၁၂/မဂတ(နိုင်)၀၇၇၆၀၈ (မှ) | ဒေါ်မော်မော်လွင် ၁၂/ပဘတ(နိုင်)၀၂၂၆၉၃ | အမှတ် ၁၇၉/၁၈၅၊ ငါးလွှာ(A)၊ ၃၂ လမ်း၊ ပန်းဘဲတန်း။ |
| ၁၀။ | ကန်ထရိုက်တာဦးမြင့်သိန်း LC-၂၀၇ ၁၂/ပဘတ(နိုင်)၀၂၁၉၇၉ (မှ) | ဦးမျိုးလတ် ၁၂/ပဘတ(နိုင်)၀၂၃၅၅၂ | အမှတ် ၁၇၀၊ ငါးလွှာ(ဝဲ)လယ်၊ ၃၈လမ်း၊ ကျောက်တံတား၊ |
| ၁၁။ | ဦးစိန်ထွန်း ၁၂/လမတ(နိုင်)၀၁၁၄၀၃ (မှ) ဒေါ်မြရှင် ၁၂/အလန(နိုင်)၀၀၃၂၀၆ (မှ) | ဦးကိုကိုမောင် ၆/ပလန(နိုင်)၀၀၃၂၇၄ | တိုက် ၃၊ အခန်းအမှတ် ၈၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်။ |
| ၁၂။ | သီဟအောင်ကုမ္ပဏီလီမိတက်(ကစ) ဦးစိန်ဝင်း မန်နေဂျင်းဒါရိုက်တာ ၁၁/မတန(နိုင်)၀၁၂၈၂၇ (မှ) ဦးမြင့်လှိုင် ၁၂/စခန(နိုင်)၀၅၅၈၅၅ (မှ) | ဒေါ်ကလျာအေး ၅/ကသန(နိုင်)၀၄၉၇၁၂ | အမှတ်(၆၀/၇၀)၊ အခန်းအမှတ် ၇၀၄၊ ရှစ်လွှာ၊ ငုဝါအိမ်ရာ၊ ငုဝါလမ်း၊ အလုံ။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

[illegible]

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
**မဟာစည်သာသနာ့ရိပ်သာ**

[illegible]

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈/၆၃၉၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၈၀၀၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးလှမြင့်

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၂)နေ (ဦးစိန်သော်-ဒေါ်စောအိမ်)တို့၏သား (ဦးဘသော်-ဒေါ်စောကင်း)တို့၏သားသမက်၊ (ဒေါ်စောရီ)၏ခင်ပွန်း၊ ကိုနေဝင်း(ခေတ္တဂျပန်)၊ ဒေါ်စန်းစန်းရီ-ဦးမောင်မောင်အေး၊ ကိုခင်ဇော်(ခေတ္တဂျပန်)တို့၏ဖခင်၊ မယုယုသော်၊ မောင်ဇော်သက်မျိုးတို့၏အဘိုးသည် ၁၀-၃-၂၀၁၄ ရက်(တနင်္လာနေ့)နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

[illegible]

Captain [illegible] M.V.IVS KWAITO [illegible]

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ မြေကွက်အမှတ် ၃၄/က၊ မြေကွက်တည်နေရာ (၃၄/က)၊ တိုးချဲ့ (၁၅)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးဖေသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဖေသန်း(ဖခင်)နှင့်ဒေါ်စန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးကျော်သန်း၁၂/ပဘတ(နိုင်)၀၂၅၆၁၆၊(၂) ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်)၁၀၈၅၁၉၊ (၃) ဒေါ်ငယ်ငယ် ၁၂/ပဘတ(နိုင်)၀၂၅၆၁၇၊ (၄) ဒေါ်တင်တင်သန်း(ခ)မတိုး ၁၂/ ပဘတ(နိုင်)၀၀၆၀၆၃၊ (၅) ဒေါ်စီစီ ၁၂/ပဘတ(နိုင်)၀၂၃၁၆၈ တို့မွေးဖွားခဲ့ပြီး အမှတ်စဉ် ၁၊၂၊၃၊၅တို့သည် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၀၁၂/၂၀၁၃)အရ ဒေါ်တင်တင်သန်း(ခ)မတိုးအား ပါဝါပေးအပ်ခဲ့ပြီး ၄င်းမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင် စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၇/၅၀၊ မြေကွက်တည်နေရာအမှတ် ၃၅၄၊ ကမ္ဘာအေး ဘုရားလမ်း၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ဝင်း ၂၉-၃-၁၉၉၄နှင့် ဖခင် ဦးအောင်သိန်း ၂၉-၆-၁၉၈၇ တွင် ကွယ်လွန်သဖြင့် ဦးအောင်မြင့် ၁၂/မရက(နိုင်)၀၅၀၅၇၃၊ ဒေါ်သန်းတင်(ခ)သီတာအောင် ၁၂/မရက(နိုင်)၀၇၅၄၉၅ တို့၏ G/P ၂၃၈၀၁၄(၂၅-၁၁-၂၀၁၃) ရရှိသူ ဒေါ်မွှေးမွှေးယဉ် ၉/မရမ(နိုင်)၀၃၈၂၂၈မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ G/P တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ
အသက်(၆၅)နှစ်

ဗိုလ်မှူးထူးအောင်ဝင်း(တပ်မတော်ဆေးတက္ကသိုလ်)-ဒေါက်တာနှင်းလွင်ဦး (ဆေးတက္ကသိုလ်-၁)တို့၏မိခင်၊ မအိမ့်ခေတ်ကြည်ဖြူအောင်၏ အဘွား ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ အသက်(၆၅)နှစ်သည် ၈-၃-၂၀၁၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)မှ သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသိန်းတင့်
O.T.S (31)
အသက်(၇၅)နှစ်

ဗိုလ်မှူးသိန်းတင့်(ငြိမ်း)သည် ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)**
**သူငယ်ချင်းများ**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လားမ(ခ)ဒေါ်အေးတင်(ပုလောမြို့) (မဝါကြည်ဆေးလိပ်ခုံ)
အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ မြသီတာလမ်းနေ ဒေါ်အေးတင်သည် ၁၃-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးခင်မောင် (ချောင်းဆုံ နီးမုတ်)
အသက်(၇၃)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ နီးမုတ်ရွာနေ(ဦးလိန်-ဒေါ်ပီ)တို့၏သား၊ အမှတ် ၂၃(A)၊ ၁၀၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်အေးသီ)၏ခင်ပွန်း၊ ဦးစံရှင်း-ဒေါ်ရွှေမန်းရီ၊ ဦးသာထွန်း-ဒေါ်သန်းခင်၊ ဦးထွန်းမောင်-ဒေါ်ညွန့်ရီတို့၏အစ်ကို၊ မမြတ်မွန်(စည်ပင်-ယာအုံ)၊ကိုမြင့်လှိုင်-မချိုချိုအောင်၊ မလှလှမွန်(လ/ထ ကထိက-ဒဂုံတက္ကသိုလ်)၊ ကိုဝင်းဇော်မိုး-မသင်းသင်း မွန်တို့၏ဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ဘကြီး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၃-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာဗိုလ်ငွေး (ဓာတု)
အသက်(၅၇)နှစ်

ရိုသေလေးစား ချစ်ခင်ရပါသော ဆရာဗိုလ်ငွေး (ဓာတု)သည် ၁၂-၃-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားသည့်အတွက် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒေါ်အေးစန္ဒာထွေး**
**(ဓာတုဗေဒ)**

## ဒေါ်နီနီအောင် (ဖောင်းပြင်)
ယခင်မြန်မာ့စိုက်ပျိုးရေးဘဏ်(ရုံးချုပ်)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၁၀၄ နေ (ဦးမောင်ဟန်)-ဒေါ်ခင်မြင့်တို့၏သမီးထွေး၊ ရွှေဘိုမြို့နေ (ဦးတုတ်ပေါ-ဒေါ်မြ)တို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးလှဦး(ရန်ကုန်တိုင်းစာရင်းရုံး)-(ဒေါ်စန်းစန်းလှိုင်)၊ ဦးသိန်းဇံ-ဒေါ်ဝင်းဝင်းရီ၊ ဦးလှဦး(FDA၊ နေပြည်တော်)-ဒေါ်ရှယ်လီအောင်(ကျန်းမာရေးဝန်ကြီးဌာန)တို့၏ညီမ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အန်တီလေး၊ ဖောင်းပြင်မြို့နေ မကေသွယ်ဟန်မြင့် (အထက၊ ဖောင်းပြင်)၊ မမေသွယ်ဟန်မြင့် (အမက-၃၊ ဖောင်းပြင်)တို့၏မိခင်၊ ဦးမြင့်သန်း(မြန်မာ့စိုက်ပျိုးရေးဘဏ်၊ ဖောင်းပြင်)၏ဇနီးသည် ၁၁-၃-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၀ နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၄ရက် (စနေနေ့)တွင် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၁၀၀၀)မှ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပြီး မွန်းလွဲ ၁နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၁၄၄၊အခန်း ၂၊ ခရေအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းငွေး(ခ)
## ဦးဖိုးထောင် (မအူပင်မြို့)
M.P.P.E (ငြိမ်း)
အသက်(၆၁)နှစ်

မအူပင်မြို့၊မင်းလမ်း၊ အမှတ် ၁၂၅ နေ (ဦးလှတင်-ဒေါ်အုံး) အောင်စကြာ ပုံနှိပ်တိုက်တို့၏သား၊ (ဦးဟုန်တင်)-ဒေါ်စိန်ရောင်တို့၏သားသမက်၊ ဒေါ်ငွေးငွေး(OK-ကွန်ပျူတာနှင့် မိတ္တူ)၏ ခင်ပွန်း၊ ကိုဖြိုးသက်ပိုင်-မမြတ်မြတ်ကိုကြီး၊ မမြတ်ဆုမွန်၊ မောင်အောင်ခန့်၊ မောင်မျိုးသက်နိုင်တို့၏ဖခင်၊ မောင်ကောင်းခန့်စံ၏အဘိုးသည် ၁၂-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်လှပို
အသက်(၈၁)နှစ်

တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ နယ်မြေ ၁၁၊ နှင်းဆီလမ်း၊ အမှတ် ၁၀၁နေ ဦးဝင်းမြင့်(လွင်ဦးထွေး-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ ဇနီး၊ ဦးဝင်းလွင်ဦး - ဒေါ်မိမိထွေး (လွင်ဦးထွေး-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်/တောင်ကြီး)၊(ဦးဝင်းလွင်ထူး) - ဒေါ်ခင်ဝင်းတင့်၊ ဦးစိုးလှိုင်အောင်-ဒေါ်ငွေးငွေးမြင့်၊ ဒေါ်အေးအေးမြင့်၊ (ဒေါ်ထွေးထွေးမြင့်)တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၁၃-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးမျိုးတင့်
အသက်(၈၅)နှစ်

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်အော်တိုတယ်လီဖုန်း၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏ဖခင် ဒေါက်တာဦးမျိုးတင့် အသက်(၈၅)နှစ်သည် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဝန်ထမ်းများ**
**(ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ခင်
အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၀/စီ)၊ မြေကွက်အမှတ် (၈၅၅)၊ အကျယ်အဝန်းပေ(၈၀×၆၅)၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈၅၅)၊ သရဖီလမ်းနှင့် ၂၇ လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးကျင်စိုး ၁၂/လကန(နိုင်)၀၆၄၇၆၈ ထံမှ ယခုရောင်းချသူ ဦးကိုကိုသွင် ၁၂/လမတ(နိုင်)၀၀၁၆၆၂က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်၏ မိတ်ဆွေများက စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ (LL.B) ဒေါ်လှလှခိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(၄၃၇၃) တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

**တိုက် ၉/၁၁၊ အခန်း ၂၀၁-အေ(ဒုတိယထပ်)၊ ၃၆ လမ်း(အောက်ဆုံး)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

[illegible]

## အမှားပြင်ဆင်ချက်

၁၂-၃-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၇)၊ ကော်လံ(၅) နှင့် (၆)ပါ တရားလွှတ်တော်ရှေ့နေ ဦးဉာဏ်သိန်း၏ "အများသိစေရန်ကြေညာချက်"၏ ပထမစာတမ်းရှိ တောင်ဥက္ကလာပမြို့နယ်ဟု မှားယွင်းဖော်ပြထားမှုအစား တောင်ဒဂုံမြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုကြပါရန် အမှားပြင်တင်ပြအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဉာဏ်သိန်း (စဉ်-၁၄၈၃)**

**အမှတ် ၈၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၆၊ မြေကွက်အမှတ်-၇၁၂/ခ မြေအမည်ပေါက် ဦးဌေးလွင် ၅/ကလတ(နိုင်)၀၁၂၀၁၀ က မြေချစလစ် ပျောက်ဆုံးနေကြောင်းနှင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)**

**မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆A၁၊ မြေကွက်အမှတ် V၂၄၊ မြေကွက်တည်နေရာ အမှတ် ၂၁၊ စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးစိန်ကြည် အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိန်ကြည်နှင့်ဇနီး ဒေါ်မြသန်းတို့ ကွယ်လွန်သဖြင့် (၁) ဦးစန်းဝင်း ၁၄/ညတန(နိုင်)၀၁၅၂၉၄၊ (၂) ဦးတင်ဝင်း ၁၂/ကမတ(နိုင်)၀၃၆၀၃၄၊ (၃) ဦးတင်အောင်မိုး ၁၄/ညတန(နိုင်)၀၁၅၂၉၇ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ မတ် ၁၄ ရက်၊ သောကြာနေ့။

SUPER
စူပါကွေကာ

လူမှုစီးပွား

ဧက ၅၀ အကျိုးပြုစိုက်ပျိုးနိုင်မည့် အိုင်မရိုးဆည် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး

စာ - ၃

ပြည်တွင်းရေးရာ

နွေအဝင်မှာ စည်ကားလာသော စစ်တွေပင်လယ်ကမ်းခြေ

စာ - ၄

တစ်ဦးချင်းချန်ပီယံ နှစ်ဦးစလုံးရှုံးပွဲကြုံခဲ့ရသည့် **BNP Paribas Open** တင်းနစ်ပြိုင်ပွဲ

စာ - ၇

ဝီရောဗိကြားက အင်တာနဲ့ဗီဒစ်

စာ - ၇

# ဟာဇက်အားမက်ဆီ၊ ရော်နယ်ဒိုတို့နှင့် နှိုင်းယှဉ်ကြည့်ခြင်း

စာ - ၂

# ဟာဇက်အား မက်ဆီ၊ ရော်နယ်ဒိုတို့နှင့် နှိုင်းယှဉ်ကြည့်ခြင်း

အောင်က

ဘယ်သူဟာ ပရီမီယာလိဂ်ရဲ့ အမြဲတမ်း အကောင်းဆုံးကစားသမား ဖြစ်မလဲဆိုပြီး မေးမယ်ဆိုရင်တော့ အဖြေဟာအမျိုးမျိုးရှိနိုင်ပြီး ကိုယ်နှစ်သက်ရာ၊ ကိုယ်စံနှုန်းနဲ့ကိုက်ညီတဲ့ကစားသမားကို ပြောမယ်ဆိုတာတော့ သေချာပါတယ်။ ဒါပေမယ့် ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒိုအနေနဲ့ မန်ယူအသင်းမှာ ကစားခဲ့ချိန်တွေဟာ ပရီမီယာလိဂ်ရဲ့ သမိုင်းမှာတော့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရှိနေမယ်ဆိုတာမလွဲပါဘူး။ သူ့ရဲ့ဘောလုံးစွမ်းရည် ကောင်းမွန်မှု၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုနဲ့ လိမ္မာပါးနပ်မှုတွေဟာ မန်ယူအသင်းကိုတော့ အကောင်းဆုံး ဆုဖလားတွေရရှိပေးနိုင်တဲ့အထိ အကူအညီပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀နဲ့ ရီးရဲမက်ဒရစ်အသင်းကနေ ခေါ်ယူလိုက်တာလည်းဖြစ်ပါတယ်။ ရော်နယ်ဒိုအနေနဲ့ စပိန်လာလီဂါကိုရောက်ရှိခဲ့ပြီးတဲ့နောက်မှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးဖြစ်တဲ့ မက်ဆီနဲ့အပြိုင်ရှိနေပါတော့တယ်။ အဲဒီအချိန်တုန်းကဆိုရင် ဟာဇက်ဟာ လိုင်လီအသင်းရဲ့ လူငယ်ကစားသမားအဆင့်သာ ရှိနေပါသေးတယ်။

ဒါပေမယ့် ဟာဇက်ဟာ ချယ်လ်ဆီးအသင်းကို ၂၀၁၂-၁၃ရာသီမှာ ပြင်သစ်ကလပ်လိုင်လီအသင်းကနေ စတင်ရောက်ရှိခဲ့ပြီးတဲ့နောက်မှာတော့ အကောင်းဆုံးခြေစွမ်းပြကာ အသားကျကစားနိုင်တာကို တွေ့ရပါတယ်။ ဒီနှစ်ရာသီမှာတော့ ဟာဇက်အတွက် အကောင်းဆုံးနှစ်လို့လည်း ပြောနိုင်ပါတယ်။ ဒါ့အပြင် တစ်ကျော့ပြန်မန်နေဂျာ မော်ရင်ညိုရဲ့ ကစားကွက်မှာလည်း အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒါတင်မကပါဘူး ချယ်လ်ဆီးအသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံးဆု နှစ်ကြိမ်ရထားတဲ့ မာတာကလည်း မန်ယူအသင်းကိုပြောင်းရွှေ့သွားတာကြောင့် ဟာဇက်အတွက်တော့ အခွင့်အရေးတွေ ပိုမိုရရှိထားတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် ဟာဇက်ဟာ အမြဲတမ်း အောင်မြင်မှုတွေ ဆာလောင်နေပြီး တိုးတက်မှုတွေရရှိဖို့အတွက် အပြင်းအထန်ကြိုးစားနေသူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဟာဇက်က နှိုင်းယှဉ်လို့မရသေးတဲ့ ကစားသမားလို့ ပြောလို့မရသေးပါဘူး။ ဒါ့အပြင် ဟာဇက်ဟာ ဒီနှစ် ပရီမီယာလိဂ်မှာလည်း ထိပ်တန်းအခွင့်အရေး ဖန်တီးပေးနိုင်သူ၊ ထိပ်တန်းဘောလုံး သယ်ယူနိုင်သူအဖြစ် ရှိနေပါတယ်။ ဒါကြောင့်လည်း ဟာဇက်ကို အခြားတိုက်စစ်မှူးတွေထက် ပိုပြီး အမှတ်တင်ကာ ထိပ်တန်းဂိုးသွင်းရှင် ဆွာရက်ဇ်နဲ့ နှိုင်းယှဉ်ပြောဆိုတာဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ သူတို့နှစ်ဦးဟာ ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာ အကောင်းဆုံးဆုရဖို့အတွက် အပြိုင်ရှိနေတယ်

မက်ဆီ


ဟာဇက်

ရော်နယ်ဒို

ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးနှစ်ဦးလို့ ပြောလို့ရတဲ့ မက်ဆီနဲ့ ရော်နယ်ဒိုတို့လိုပဲ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးဖြစ်ချင်တယ်လို့ အမြဲတမ်းပြောနေခဲ့ပါတယ်။ ဟာဇက်ရဲ့ အသက်ဟာ အခုမှအသက်၂၃နှစ်သာရှိ နေသေးတာကြောင့် မက်ဆီ၊ ရော်နယ်ဒိုတို့ရဲ့ ၂၃ နှစ်အရွယ်ကနဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ရော်နယ်ဒိုဟာ ၂၃ နှစ်အရွယ်တုန်းက မန်ယူအသင်းမှာ ကစားခဲ့တာပါ။ အဲဒီ၂၀၀၇-၀၈ရာသီကဆိုရင် ရော်နယ်ဒိုဟာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ဆုဖလား၊ ချန်ပီယံလိဂ်ဆုဖလားတို့ကို ရယူနိုင်ခဲ့တဲ့သူပါ။ ဒါ့အပြင် မက်ဆီ အသက် ၂၃ နှစ်ပြည့်တဲ့ ၂၀၁၀-၁၁ ခုနှစ်ကဆိုရင်လည်း ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါဆုဖလားနဲ့ ချန်ပီယံလိဂ်ဆုဖလားတို့ကို ရယူပေးနိုင်ခဲ့ပါတယ်။

ယခုလက်ရှိအချိန်အထိတော့ ဟာဇက်ရဲ့ စွမ်းဆောင်မှုတွေဟာ မက်ဆီ၊ ရော်နယ်ဒိုတို့ရဲ့ အသက်၂၃ နှစ်က စွမ်းဆောင်မှုတွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ ရော်နယ်ဒိုဟာ ၃၄ ပွဲမှာ ၃၁ ဂိုး သွင်းယူထားနိုင်သလို မက်ဆီကတော့ ၃၃ ပွဲမှာ ၃၁ဂိုး သွင်းယူထားနိုင်တာကို တွေ့ရပါတယ်။ ဒါပေမယ့်ဟာဇက်ကတော့ ၂၉ ပွဲမှာ ၁၃ဂိုးသာ သွင်းယူထားနိုင်ပါတယ်။ ဒါပေမယ့် အခြား စွမ်းဆောင်မှုတွေဖြစ်တဲ့ ဂိုးကန်သွင်းရာမှာ တိကျမှု၊ ဘောလုံးပေးပို့နိုင်မှုနဲ့ ဘောလုံး သယ်ယူနိုင်မှုတွေမှာတော့ သိပ်မကွာ တာကိုတွေ့ရပါတယ်။ ဒါကြောင့် ဟာဇက်အနေနဲ့ မက်ဆီ၊ရော်နယ်ဒိုတို့နဲ့ လို့လည်း ပြောနိုင်ပါတယ်။

ဒါ့အပြင် ချယ်လ်ဆီးအသင်းရဲ့ လက်ရှိအနေအထားဟာ ပရီမီယာလိဂ်မှာလည်း အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရှိနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းရဲ့ အဓိကအားထားရတဲ့ ဟာဇက်ဟာ မက်ဆီ၊ ရော်နယ်ဒိုတို့ အသက် ၂၃ နှစ်အရွယ်တုန်းကလိုပဲ အသင်းကို ဆုဖလားတွေ ရယူပေးနိုင်မလားဆိုတာကတော့ အနာဂတ်ကိုပဲ လှမ်းမျှော်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

| မက်ဆီ(၂၀၁၀-၁၁) | | |
|---|---|---|
| ပါဝင်ကစားသည့်ပွဲ | - | ၃၃ ပွဲ |
| ကစားခဲ့သည့်မိနစ် | - | ၂၇၅၇ |
| ဂိုး | - | ၃၁ ဂိုး(၀.၉၄%) |
| ဂိုးကန်သွင်းရာတွင် | | |
| တိကျမှု | - | ၆၆% |
| အခွင့်အရေးဖန်တီးနိုင်မှု | - | ၆၇ |
| ဘောလုံးပေးပို့မှု | - | ၂၂၃၃(၆၀%) |
| ဘောလုံးသယ်ယူမှု | - | ၃၃၁(၁၀.၀၃%) |

| ဟာဇက်(၂၀၁၃-၁၄) | | |
|---|---|---|
| ပါဝင်ကစားသည့်ပွဲ | - | ၂၈ပွဲ |
| ကစားခဲ့သည့်မိနစ် | - | ၂၃၇၀ |
| ဂိုး | - | ၁၂ဂိုး(၀.၉၄%) |
| ဂိုးကန်သွင်းရာတွင် | | |
| တိကျမှု | - | ၆၆% |
| အခွင့်အရေးဖန်တီးနိုင်မှု | - | ၇၈ |
| ဘောလုံးပေးပို့မှု | - | ၁၂၂၈(၄၈.၉%) |
| ဘောလုံးသယ်ယူမှု | - | ၁၀၅(၆.၆၁%) |

| ရော်နယ်ဒို(၂၀၀၇-၀၈) | | |
|---|---|---|
| ပါဝင်ကစားသည့်ပွဲ | - | ၃၄ ပွဲ |
| ကစားခဲ့သည့်မိနစ် | - | ၂၃၄၇ |
| ဂိုး | - | ၃၁ ဂိုး(၀.၉၁%) |
| ဂိုးကန်သွင်းရာတွင် | | |
| တိကျမှု | - | ၅၉% |
| အခွင့်အရေးဖန်တီးနိုင်မှု | - | ၅၂ |
| ဘောလုံးပေးပို့မှု | - | ၁၁၂၆(၃၃.၁%) |
| ဘောလုံးသယ်ယူမှု | - | ၁၉၃(၅.၆၈%) |

| ၂၀၁၃-၁၄ရာသီ၏ ထိပ်တန်း ဘောလုံးသယ်ယူနိုင်သူ ငါးဦး | | |
|---|---|---|
| ဟာဇက်(ချယ်လ်ဆီး) | - | ၁၀၆ ကြိမ် |
| ဒမ်ဘီလီ(စပါး) | - | ၆၆ ကြိမ် |
| ဆွာရက်ဇ်(လီဗာပူး) | - | ၆၄ ကြိမ် |
| ရိုစ်ဘာကလေ(အဲဗာတန်) | - | ၅၉ ကြိမ် |
| ဘင်အာဖာ(နယူးကာဆယ်) | - | ၅၈ ကြိမ် |

| ၂၀၁၃-၁၄ရာသီ၏ ထိပ်တန်း အခွင့်အရေးဖန်တီးပေးနိုင်သူ ငါးဦး | | |
|---|---|---|
| ဟာဇက်(ချယ်လ်ဆီး) | - | ၇၈ ကြိမ် |
| ဆွာရက်ဇ်(လီဗာပူး) | - | ၆၇ ကြိမ် |
| ဆေးလ်ဗား(မန်စီးတီး) | - | ၆၇ ကြိမ် |
| အိုဇေးလ်(အာဆင်နယ်) | - | ၆၃ ကြိမ် |
| ဆီဆိုခို(နယူးကာဆယ်) | - | ၆၂ ကြိမ် |

ဗီဒစ်နဲ့အင်တာမီလန် ပေါင်းထုပ်တဲ့ဇာတ်။ နည်းနည်းတော့ ဝိရောဓိဆန်တယ်။ တစ်သင်းက အထည်ကြီးပျက်။ တစ်ယောက်က ကျရိပ်နင်းတဲ့သူ။ အစွန်းနှစ်ဖက် ထိပ်တိုက်ပေါင်းဆုံမှုကနေ နုပျိုလတ်ဆတ်တဲ့အားတစ်ခု ထွက်လာနိုင်ပါ့မလား။ တွေးစရာကောင်းသလို စိတ်ဝင်စားဖို့လည်းကောင်းတယ်။ ပြောရရင် အင်တာမီလန်ကို ဗီဒစ်ဘာကြောင့်ရွေးသလဲ။ ဗီဒစ်ကို အင်တာမီလန်ကရော ဘာကြောင့်ရွေးသလဲ။ အဲဒီအချက်တွေကအစ ပဟေဠိဆန်တယ်။

# ဝိရောဓိကြားက အင်တာနဲ့ ဗီဒစ်

အထူးသဖြင့် အင်တာမီလန်ရဲ့ အခြေအနေကိုကြည့်။ သူတို့ဟာ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်ကို မသွားမဖြစ်သွားရမယ့် အခြေအနေမှာ ရှိကိုရှိတယ်။ ပြောရရင် သူတို့ရဲ့လက်ရှိကာလဟာ မီးစာကုန်ဆီခန်းစကာလ။ ဇနက်တီ၊ ကမ်ပါနာရို၊ ဆမ်မြူရယ်၊ ခီဗူး၊ ကမ်ဘီယာဆို၊ မီလီတို၊ ပလာစီလိုစ်တို့လို မျိုးဆက်တစ်ခုရဲ့အဆုံးသတ်ကာလ။ အီကာဒီ၊ ဘိုနာဇိုလီ၊ တိုင်ဒါ၊ ကိုဗာဆီ၊ ဂျူအန်တို့လိုမျိုးဆက်တစ်ခုရဲ့မြေစမ်းခရမ်းပျိုးချိန်။ ဒီနှစ်ခုကြားမှာ မျိုးဆက်ပြတ်တဲ့ဒဏ်ကို သူတို့အလူးအလဲခံနေရတာ။ နာဂါတိုမို၊ ရိုလန်ဒို၊ ဟာနာနီစ်၊ ဂူရင်၊ ကုမာနိုဗစ်၊ ရာနော့ချီယာ၊ အန်အရီအိုလီ၊ ဒီအမ်ဘရိုစီယိုတို့လို အကောင်းဆုံးအသက်အပိုင်းအခြားရှိသူတွေ မရှိတာတော့ မဟုတ်ဘူး။ ဒါပေမယ့်သူတို့ကလည်း အသက်အရသာ သင့်တော်ပြီး ခြေစွမ်း၊ ခြေစမြင့်မားသူတွေအတော်နည်းတော့၊ သေချာတယ်။ အင်တာမီလန်အနေနဲ့ ပြန်လည်တည်ဆောက်ရေးလမ်းကို မဖြစ်မနေ လျှောက်ကိုလျှောက်ရတော့မယ်။

တကယ်တော့ဘောလုံးလောကမှာ အောင်ပွဲကို ငွေနဲ့ဝယ်လို့မရတာမှန်ပေမယ့် အောင်ပွဲအတွက်ငွေဆိုတာက ခရီးကိုချို့ပေးနိုင်မှုအရှိဆုံးအရာ။ ငွေမသုံးရင် ခရီးရှည်မယ်။ ငွေသုံးရင် ခရီးတိုမယ်။ ဒါက ဘောလုံးလောကရဲ့ ဒဿန။ ဒါကို အင်တာပိုင်ရှင်သိုဟီရာက ဗီဒစ်ကိုရွေးခေါ်တယ်ဆိုတော့ သိုဟီရာရဲ့လုပ်ရပ်က အင်တာရဲ့ လိုအပ်ချက်နဲ့ကိုက်ညီမှုရှိပါ့မလား။ အထူးသဖြင့် ပြောခဲ့ပြီးသလို အင်တာမီလန်ဟာ မျိုးဆက်တစ်ခုနဲ့ တစ်ခုကြား စပ်ကူးမပ်ကူးကာလကို ဖြတ်သန်းနေရချိန်။ ဒီလိုအချိန်မှာ တကယ်လိုအပ်တာက အသင်းကို ခြေစွမ်းအရရော၊ အရွယ်အပိုင်းအခြားအရပါ ကျားကန်ပေးမယ့်သူမျိုး။ ဒီလိုလူမျိုးရှိမှ မျိုးဆက်နှစ်ခုကြား ပေါင်းကူးပေးနိုင်မယ်။ သာမန်အဆင့်အရွယ်ကောင်း ကစားသမားတွေကို ဦးဆောင်ပေးနိုင်မယ်။ ဒီတော့ ဒီလိုအခြေအနေမျိုးမှာ သိုဟီရာက ဗီဒစ်ကိုဘာကြောင့်ခေါ်သလဲ။ ပြောင်းရွှေ့ကြေးမပေးရလို့လား။

အထူးသဖြင့် သိုဟီရာရဲ့ လုပ်ရပ်က ဝိရောဓိဆန်သလို ဗီဒစ်ရဲ့ ရွေးချယ်မှုကလည်း ပဟေဠိဆန်တယ်။ ပြောရရင် မန်ယူကိုစွန့်ခွာတဲ့ ဗီဒစ်ရဲ့ ဆုံးဖြတ်ချက်က လက်သင့်ခံချင်စရာတော့ရှိတယ်။ အထူးသဖြင့် မန်ယူမှာဗီဒစ်နေခဲ့တာက ဘောလုံးရာသီ ကိုးခု။ အသင်းတစ်သင်းနဲ့ဖြတ်သန်းမှုမှာ လုံလောက်တဲ့ ကာလအပိုင်းအခြား။ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်၊ ကမ္ဘာ့ကလပ် ချန်ပီယံများဖလား အပါအဝင်ရသင့်တဲ့ ဆုဖလားအားလုံးနီးပါး ယူခဲ့ပြီးတဲ့အချိန်။ ဒီတော့ ဗီဒစ်ရဲ့ စိန်ခေါ်မှုအသစ်ကို ရင်ဆိုင်လိုစိတ်အပေါ် ဝိရောဓိဖြစ်စရာမရှိဘူး။

ဒါပေမယ့်သူ့အသက်က ၃၂ နှစ်။ ဘောလုံးသမားတစ်ယောက်အတွက် နေဝင်ချိန်စတဲ့အရွယ်။ ဒီလိုအရွယ်မှာ တချို့တွေက ငွေရှာဖို့ ဥရောပပြင်ပကို ထွက်ကြတယ်။ တချို့က ပုံမှန်ကစားခွင့်ရနိုင်တဲ့ အသင်းတွေကိုရွေးကြတယ်။ ဒါပေမယ့် ဗီဒစ်ကျတော့ အဲဒီနှစ်မျိုးစလုံးကို ခွဲထွက်ပြီးအင်တာမီလန်ကိုရွေးတယ်။ ဘာကြောင့်လဲ။ ချန်ပီယံလိဂ် ကစားချင်လို့တော့မဟုတ်နိုင်ဘူး။ အင်တာမီလန်ဆိုတာ ဒီနှစ်ချန်ပီယံလိဂ်ဝင်ခွင့်ရနိုင်တဲ့အခြေအနေသိပ်မရှိဘူး။ တကယ်လို့ ချန်ပီယံလိဂ်ကစားချင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရနိုင်တဲ့ ဂါလာတာစာရေးက ကမ်းလှမ်းမှုကို သူဘာကြောင့် လက်မခံသလဲ။ ပြောရရင် ဂါလာတာစာရေးက ဥရောပအထိဝင်ဆန့်သလို လစာကောင်းလည်းပေးနိုင်တဲ့အသင်း။ ဒီတော့ ဒီလိုအသင်းကို ငြင်းပယ်ပြီး အင်တာမီလန်ကို ဗီဒစ်ရွေးချယ်မှုဟာ အကြောင်းတစ်ခုတော့ ရှိကိုရှိရမယ်။

အထူးသဖြင့် သူ့အသက်ကပြောခဲ့ပြီးသလို ၃၂ နှစ်။ ဒီအရွယ်အပိုင်းအခြားအရ လျင်မြန်မှုရော၊ ကြံ့ခိုင်မှုပါ ကျဆင်းတဲ့အချိန်။ ဒီလို အသက်အရွယ်ဟာ အင်္ဂလန်ဘောလုံးလောကရဲ့ ကစားဟန်နဲ့ မလိုက်ဖက်သလို ခပ်ကြမ်းကြမ်းကစားဟန်ရှိတဲ့ တူရကီကစားဟန်နဲ့လည်း လိုက်လျောညီထွေမှုသိပ်မရှိဘူး။ ဒီမှာအီတလီရဲ့ ကစားဟန်ကျတော့ ကွဲပြားမှုရှိတယ်။ အီတလီရဲ့ကစားဟန်က မြန်နှုန်းမြင့် ကစားဟန်မဟုတ်ဘူး။ နည်းစနစ်ကို အခြေခံပြီး ခံစစ်ဦးစားပေးတဲ့ကစားဟန်။ ဒီတော့အဲဒီလိုနေရာက သူ့ရဲ့ အသက်၊ သူ့ရဲ့အရွယ်နဲ့ပိုလိုက်တယ်။ သမ္မာကို အခြေခံပြီးစွမ်းအင်ကို ထိန်းထိန်းချုပ်ချုပ်လုပ်လို့ရတဲ့သဘော။ ကမ်ဘီယာဆို၊ မီလီတို၊ ကမ်ပါနာရိုတို့လို ကစားသမားကြီးတွေ အခုအထိကစားသက်ရှည်နေတာက သက်သေ။

ပြီးတော့နည်းပြမက်ဇာရီရဲ့ နည်းစနစ်က ၃-၅-၂ ကိုအခြေခံတယ်။ အဲဒီ ၃-၅-၂ မှာ ဗဟိုခံစစ်မှူးသုံးဦးကိုခံစစ်မှာအသေထားပြီး တောင်ပံကစားသမားနှစ်ယောက်ကို ရှေ့လယ်နောက်အတက်အဆင်းကစားစေတာ။ ကိုယ်ကခံစစ်အသွင် ဖြစ်နေချိန်မှာဆိုရင် ခံစစ်မှူး ငါးဦးအထိဖြစ်သွားတော့ သူ့လို သက်ကြီးကစားသမားနဲ့ ပိုပြီးလိုက်ဖက်တယ်။ ဒါကြောင့်ပဲ ဗီဒစ်က အင်တာကို ရွေးလေသလား။ အင်တာဘက်က ပြန်ကြည့်ရင်လည်း ဗီဒစ်လိုကစားသမားမျိုးဟာ စိတ်ဓာတ်ကို မြင့်မားစေတယ်။ အသက် ၄၀ အရွယ် ဇနက်တီ၊ ၃၃ နှစ်အရွယ် ကမ်ပါနာရို၊ ၃၅ နှစ်အရွယ် ဆမ်မြူရယ်တို့ထက် အသင်းကိုဦးဆောင်မှုပိုပေးနိုင်မယ်။ အထူးသဖြင့် ဗီဒစ်ဟာ အသက်ရလာပေမယ့် ပုံရိပ်မကျသေးတဲ့သူ။ ကမ္ဘာ့အဆင့်အဖြစ် သတ်မှတ်ခြင်းခံထားရတုန်း။ ဒီတော့ ဗီဒစ်ကိုခေါ်ယူနိုင်လိုက်ခြင်းဟာ အခြားထိပ်တန်းကစားသမားတွေကို ခေါ်ယူဖို့ကြိုးစားရာမှာလည်း ဆွဲဆောင်မှုဖြစ်စေမယ်။ အထောက်အကူရမယ်။


ဗီဒစ်

ဒီတော့ ဗီဒစ်နဲ့ အင်တာမီလန် ပေါင်းထုပ်တဲ့ဇာတ်။ နည်းနည်းတော့ ဝိရောဓိဖြစ်စရာကောင်းတယ်။ တစ်ယောက်အကျ။ တစ်သင်းက အအို။ ဒီလိုအစွန်းနှစ်ဖက်ထိပ်တိုက်ပေါင်းဆုံမှုကနေ နုပျိုလတ်ဆတ်တဲ့အားတစ်ခု ဖြစ်တည်လာနိုင်ပါ့မလား။ တကယ်တော့ ပေါင်းစည်းမှုတစ်ခုဟာ တွန်းကန်အားတစ်ခု ဖြစ်ပေါ်မလာမချင်း အတွေးနဲ့အဖြေထုတ်ဖို့ခက်ပေမယ့် အပြန်အလှန် ရွေးချယ်မှုတွေတိုင်းမှာ ကိုယ့်အကြောင်းတရားနဲ့ကိုယ် ရှိတတ်ကြပါတယ်လို့ ပြောရင်လွန်နိုင်မလား. . . ။

ဝေမိုးဆက်

» စာမျက်နှာ ၈ မှ

ခန္ဓာကိုယ်ကို ထိမှန်ခဲ့ပြီး ဗာဘာနော့ဗ် လဲကျသွားခဲ့ရသည်။ အသက် ၁၉ နှစ်အရွယ်ရှိ ဗာဘာနော့ဗ်သည် ဆက်လက်ထိုးသတ်ရန် ကြိုးစားခဲ့သော်လည်း မတ်တတ်မရပ်နိုင်ခဲ့ဘဲ ဒိုင်လူကြီးက အမှတ်စဉ်မရေတွက်မီတွင် ဗာဘာနော့ဗ်၏ နည်းပြအဖွဲ့မှ အရှုံးပေးကြောင်း အချက်ပြခဲ့ခြင်းကြောင့် မက္ကင်ဇီ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မက္ကင်ဇီက ပွဲအပြီးတွင် "ဒီပွဲအတွက် ကျွန်တော် ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ပြီး ပြိုင်ဘက်ကိုလည်း လျှော့မတွက်ခဲ့ပါဘူး။ အခုပွဲမှာ အနိုင်ရရှိခဲ့တဲ့အတွက် ကျေနပ်မိပါတယ်"ဟု ပြောသွားသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ဘောလုံးသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဇွန်လအတွင်းတွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့သူ မက္ကင်ဇီသည် စုစုပေါင်းလေးပွဲ ထိုးသတ်ပြီးချိန်၌ ရှုံးပွဲမရှိသေးဘဲ သုံးပွဲအနိုင်ရရှိကာ တစ်ပွဲသရေကျထားသည်။

မက္ကင်ဇီ၏ ဖခင်ဖြစ်သူ ကလင်တန်မက္ကင်ဇီသည် ဗြိတိသျှနှင့် ဥရောပလိုက်ဝယ်တာဝိတ်တန်း ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး ဖခင်ဘက်မှ ဦးလေးတော်စပ်သူ ဒူ့မက္ကင်ဇီသည်လည်း IBF ဖလိုင်းဝိတ်တန်း၊ WBO ဘင်တန်ဝိတ်တန်းနှင့် WBO စူပါဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်များ ရရှိခဲ့ဖူးသူဖြစ်သည်။

စူပါမစ်ဒယ်ဝိတ်တန်းတွင် မက္ကင်ဇီ(ယာ)နှင့် နီကိုလာဗာဘာနော့ဗ်(ဝဲ)တို့ ထိုးသတ်ကြစဉ်။

ရာဖေးလ်နာဒယ်လ်

# တစ်ဦးချင်းချန်ပီယံနှစ်ဦးစလုံး ရှုံးပွဲကြုံခဲ့ရသည့် BNP Paribas Open တင်းနစ်ပြိုင်ပွဲ

ပြီးခဲ့သည့် မတ် ၃ ရက်မှ စတင်ကျင်းပခဲ့ကာ မတ် ၁၆ ရက်အထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများ၏ လက်ရှိချန်ပီယံများဖြစ်သည့် စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်လ်နှင့် ရုရှားနိုင်ငံသူ မာရီယာရှာရာပိုဗာတို့ တတိယအဆင့်ပွဲစဉ်များတွင် ရှုံးပွဲများ ကြုံတွေ့ခဲ့ရခြင်းကြောင့် ချန်ပီယံဆု ကာကွယ်ခွင့်ကို လက်လွှတ်ဆုံးရှုံးခဲ့ကြရသည်။

ကမ္ဘာ့အဆင့်၁ ဖြစ်ပြီးBNP Paribas Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအတွက် နိုင်ခြေအဆင့် ၁ သတ်မှတ်ခံခဲ့ရသူ နာဒယ်လ်သည် တတိယအဆင့်တွင် ယူကရိန်းနိုင်ငံသား အလက်ဇန်ဒါဒိုလ်ဂိုပိုလော့ဗ်ကို ၃-၆၊ ၆-၃၊ ၆-၇(၅-၇)ဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဒိုလ်ဂိုပိုလော့ဗ် သည် ကမ္ဘာ့အဆင့် ၃၁ နေရာတွင် ရပ်တည်နေပြီး ယခုပြိုင်ပွဲအတွက် နိုင်ခြေအဆင့် ၂၈ သတ်မှတ်ခံခဲ့ရသူ ဖြစ်သည်။

ဒိုလ်ဂိုပိုလော့ဗ်ကို ရှုံးနိမ့်ခဲ့သည့် ပွဲအပြီးတွင် နာဒယ်လ်က "ကျွန်တော့်ရဲ့ကစားပုံ ဆိုးရွားခဲ့ပါတယ်။ ဒီကစားပုံကို ကျွန်တော်ကိုယ်တိုင်လည်း စိတ်ပျက်မိတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ဒီလိုအဖြစ်အပျက်မျိုး ဖြစ်တတ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ပြင်းပြင်းထန်ထန် ကြိုးစားခဲ့တယ်။ ဘရာဇီးနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ Rio Open တင်းနစ်ပြိုင်ပွဲအပြီးမှာ ကြံ့ခိုင်မှုပြန်လည်ရရှိဖို့အတွက် အနားယူဖို့ ရက်အနည်းငယ်ရရှိခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော့်ရဲ့ အခြေအနေက အကောင်းဆုံးအနေအထားမှာ ရှိခဲ့ပြီလို့ ထင်ခဲ့တယ်။ ဒါပေမယ့် အခုပြိုင်ပွဲစတင်ချိန်ကတည်းက ကျွန်တော့်ရဲ့ အကောင်းဆုံးလက်စွမ်းပုံစံမရခဲ့ဘူး။ ဒိုလ်ဂိုပိုလော့ဗ်ကို ချီးကျူးပါတယ်။ သူ့ရဲ့ကစားပုံက ကျွန်တော့်ထက် ပိုမိုကောင်းမွန်ခဲ့တယ်လို့ ထင်တယ်။ ဒီပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့ရပေမယ့် မတ် ၁၇ ရက်မှာ ကျင်းပမယ့် Sony Open တင်းနစ်ပြိုင်ပွဲမှာ အောင်ပွဲရဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသွားသည်။

အမျိုးသမီး ကမ္ဘာ့အဆင့် ၅ ဖြစ်သူ ရှာရာ ပိုဗာသည် ကမ္ဘာ့အဆင့် ၇၉ ဖြစ်သူ အီတလီ နိုင်ငံသူ ကာမီလာဂျော်ဂီအား ၃-၆၊ ၆-၄၊ ၅-၇ ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိချန်ပီယံများဖြစ်သည့် စပိန်တင်းနစ်သမားရာဖေးလ်နာဒယ်လ်နှင့် ရုရှားနိုင်ငံသူ မာရီယာရှာရာပိုဗာတို့ တတိယအဆင့်ပွဲစဉ်များတွင် ရှုံးပွဲများ ကြုံတွေ့ခဲ့ရ

**မန္တလေးတိုင်းဒေသကြီး**

# ဧက ၅၀ အကျိုးပြုစိုက်ပျိုးနိုင်မည့် အိုင်မရိုးဆည် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး

အောင်ငွေး(မလှိုင်)

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေဖူလုံစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်ငယ်၊ ကန်ငယ်များ ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်များပုံစံကျပြုပြင်ခြင်း၊ ရေထုတ်ပေါက်များပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ရန်ပုံငွေများ ခွဲဝေချထားပြီး မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိရာ အိုင်မရိုးဆည်ကန်ပေါင် ပုံစံကျပြုပြင်ခြင်းနှင့် ရေပိုလွှဲများပြုပြင်ခြင်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အိုင်မရိုးဆည်သည် ယခင်နှစ်များက နှစ်ကြိမ်တိုင်တိုင် ကန်ပေါင်ကျိုးပေါက်ခဲ့ပြီး ဒေသခံပြည်သူတို့၏ လုပ်အားဖြင့် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆည်အတွင်းသို့ မိုးတွင်းကာလတွင် သရက္ကန်ရိုး၊ ထိန်ကန်ရိုးနှင့် မန်ကျည်းကန်ရိုးသုံးခုမှ ရေများစီးဝင်သဖြင့် ရေဝင်(ရေကျ)ကောင်းသော ဆည်တစ်ခု ဖြစ်သည်။

အဆိုပါဆည်ကို စနစ်တကျတည်ဆောက်ပြုပြင်ခြင်းဖြင့် ဒေသခံတို့၏ စိုက်ပျိုးရေးကို များစွာအထောက်အကူပြုမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရေပိုလွှဲတစ်ခုပြုပြင်ရန်နှင့် ကန်ပေါင်စနစ်တကျ ပြုပြင်ရန်အတွက် ခွင့်ပြုငွေကျပ် ၂၄၅ ဒသမ ၈ သိန်းကို ချထားပေးခဲ့သည်။

### တည်ဆောက်ပြုပြင်

အဆိုပါခွင့်ပြုငွေဖြင့် အလျား ၁၄၀၀ ပေ၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၄ ပေရှိ ကန်ပေါင်နှင့် အကျယ် ပေ ၁၀၀ ရှိ ရေပိုလွှဲတစ်ခုကို တည်ဆောက်ပြုပြင်ခဲ့သည်။ ယခုအခါ လုပ်ငန်းခွင်မှာ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးနေပြီဖြစ်သည်။ ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက ဆည်ရေလှောင်ပမာဏ ၂၅ ဧကပေ၊ ရေဂါလန် ၆ ဒသမ ၈ သန်းခန့် သိုလှောင်နိုင်မည်ဖြစ်ပြီး အိုင်မရိုးကျေးရွာ၊ ကျောက်တွင်းကျေးရွာနှင့် ဆုံတွင်းကျေးရွာများမှ ဒေသခံတောင်သူများ ဆည်ရေဖြင့် စိုက်ပျိုးဧရိယာ ဧက ၅၀ ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

> “ဆည်ရေလှောင်ပမာဏ ၂၅ ဧကပေ၊ ရေဂါလန် ၆ ဒသမ ၈ သန်းခန့် သိုလှောင်နိုင်မည်ဖြစ်ပြီး အိုင်မရိုးကျေးရွာ၊ ကျောက်တွင်း ကျေးရွာနှင့် ဆုံတွင်းကျေးရွာများမှ ဒေသခံတောင်သူများ ဆည်ရေဖြင့် စိုက်ပျိုးဧရိယာ ဧက ၅၀ ကျော် စိုက်ပျိုးနိုင်မည်ဖြစ်”

**ရန်ကုန်တိုင်းဒေသကြီး**

# မြန်မာနိုင်ငံတွင် ပြည်ပသွင်းကုန်အစားထိုးကုန်ကြမ်းပစ္စည်း အောင်မြင်စွာထုတ်လုပ်နိုင်

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံဖြစ်ပေါ်လာရန် စက်မှုဇုန်များ တည်ထောင်ပြီး ပြည်တွင်းထုတ်လုပ်မှုကို အားပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြောင်းလဲလာမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာပြီဖြစ်သည်။

တည်ထောင်ပြီးဖြစ်သော စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများမှ ပြည်တွင်းအတွက် လိုအပ်သော ကုန်ကြမ်းကုန်ချောများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်ခဲ့သည်။

ယခင်က ပြည်ပနိုင်ငံမှ အစဉ်အမြဲတင်သွင်းရသော ကုန်ကြမ်းပစ္စည်းဖြစ်သည့် Calcium Carbonate($CaCo_3$) ကို ယခုအခါ ပြည်တွင်းဈေးကွက်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်၌ အရည်အသွေးကောင်းမွန်စွာနှင့် အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီဟု သိရသည်။

Crown Calcium Carbonate စက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းကျော်က“အရင်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန်မှာ စက်ရုံတွေ၊ စက်မှုလုပ်ငန်းတွေ ဒီလောက်မရှိဘူး၊ မြေလွတ်တွေများကြတယ်၊ စက်ရုံလာမတည်ကြဘူး။ ယခုအစိုးရသစ်လက်ထက်မှာ နိုင်ငံတော်ရဲ့ မူဝါဒပြောင်းလဲလာတော့ စက်ရုံတွေ ပိုများလာတယ်။ ပိုစည်ကားလာတယ်။ လူတွေလည်း အလုပ်အကိုင်တွေ ပိုမိုရလာကြတယ်” ဟုပြောသည်။ Calcium Carbonate စက်ရုံ တည်ထောင်ရခြင်းနှင့်ပတ်သက်၍ “ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်အတိုင်း မိမိနိုင်ငံ စက်မှုကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်မှုနှင့် ပိုပြင်တဲ့ စီးပွားရေးဈေးကွက် ဖြစ်ပေါ်လာရန် ရည်ရွယ်ပါတယ်။ ပြည်ပမှ အစဉ်အမြဲမှာယူတင်သွင်းနေရတဲ့ Calcium Carbonate ($CaCo_3$) များကို မိမိနိုင်ငံမှာ Quality အပြည့်ဖြင့် ထုတ်လုပ်နိုင်ရန်အတွက် ပြည်ပနိုင်ငံသို့ သွားရောက်လေ့လာ၍ ပြည်ပပညာရှင်များဖိတ်ခေါ်ပြီး ပြည်တွင်း၌ ယခုအောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဈေးကွက်လိုအပ်ချက်က အလွန်များနေတော့ ယခုကျွန်တော်တို့ ထုတ်လုပ်မှုနဲ့ မမျှသေးဘူး ဖြစ်နေတယ်။ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ဖို့ စက်ရုံအသစ်ကြီး တည်ထောင်ဖို့ စီစဉ်နေပါတယ်။ စက်ရုံကြီးတည်ဆောက်ပြီးပါက ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပကိုပါ တင်ပို့ရောင်းချသွားမှာ ဖြစ်ပါတယ် ” ဟု ဆက်လက်ပြောပြသည်။

ပြည်ပမှ တင်သွင်းနေရသည့် ကုန်ကြမ်းပစ္စည်းကို အစားထိုးထုတ်လုပ်ခြင်းသာမက ပို့ကုန်ထုတ်လုပ်ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေများရရှိရန် တစ်ဖက်တစ်လမ်းမှ ကူညီမှုပေးသွားနိုင်မည့်အပြင် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းကို အိမ်နီးချင်းနိုင်ငံများမှ အသိအမှတ်ပြုလက်ခံနိုင်မည် ဖြစ်ပေသည်။

(မြန်မာ့အလင်း)

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

*(ယခင်အပတ်မှအဆက်)*

၅။ **ADSL လိုင်းနှင့်ပတ်သက်၍ Hot Line (24 hours) Service ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ADSL လိုင်း၊ အော်တိုဖုန်းလိုင်း Complaint များနှင့်စပ်လျဉ်း၍ Hot Line Number (102) သို့ ၂၄ နာရီ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **တောင်သာမြို့ စာတိုက်ဝင်းအတွင်း (၂၀၀၉)ခုနှစ်ကတည်းက တည်ဆောက်ထားသော PAC အဆောက်အအုံတည်ရှိပြီးဖြစ်ရာ PAC လုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မေးမြန်းချက်နှင့် ပတ်သက်၍** တောင်သာမြို့ စာတိုက်ဝင်း PAC အဆောက်အအုံတွင် PAC လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **ဝဲလောင်တွင် တာဝါတိုင်စိုက်ထူပြီး ဖြစ်သော်လည်း စက်ပစ္စည်းများ လာရောက်တပ်ဆင်ခြင်း မရှိသေးသဖြင့် တပ်ဆင်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝဲလောင်တွင် GSM တာဝါတိုင်တစ်တိုင်တပ်ဆင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လျာထားဆောင်ရွက်လျက်ရှိပါသည်။ ဝဲလောင်တွင်စိုက်ထူပြီး တာဝါတိုင်မှာ ဝဲလောင်အော်တိုအိတ်ချိန်း၏ အဝေးလိုင်းအတွက် မိုက္ကရိုဝေ့ဗ်တာဝါတိုင်သာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **မိုဘိုင်းဖုန်းများ၏ အင်တာနက်လိုင်းများ အမြန်နှုန်းကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြင်းခြံမြို့နယ်တွင် GSM ရေဒီယိုစခန်း ငါးခု တပ်ဆင်ထားရှိပြီးဖြစ်ပါသည်။ မြင်းခြံမြို့ GSM အင်တာနက်စနစ်ကောင်းမွန်စေရေးကိစ္စနှင့် စပ်လျဉ်း၍ မြင်းခြံမြို့နယ်အတွင်း ထနောင်းတိုင်၊ တလုတ်မြို့၊ နဘူးအိုင်ကျေးရွာများတွင် GSM တာဝါတိုင်များ တပ်ဆင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လျာထားဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ပြီးစီးပါက အင်တာနက်မြန်နှုန်းများ အထိုက်အလျောက် မြန်ဆန်လာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **ကျောက်ပန်းတောင်းနှင့်တောင်ဦးရွာအကြား တယ်လီဖုန်းလိုင်းမမိသော နေရာများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်ပန်းတောင်းမြို့ပေါ်တွင် GSM တာဝါတိုင် လေးခု၊ ပုပ္ပားတွင် GSM တာဝါတိုင် တစ်ခု၊ စုစုပေါင်း ငါးခုတပ်ဆင်ထားပြီး ဖြစ်ပါသည်။ ကျောက်ပန်းတောင်းမြို့နယ်သည် ကမ္ဘာလှည့်ခရီးသွားများ သွားလာသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ **ကျောက်ပန်းတောင်းမြို့နယ်တွင် အင်တာနက်များ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** အင်တာနက်လိုင်းများကို တိုးချဲ့ရန်အတွက် ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ခရိုင်မြို့ကြီးများတွင် ADSL လိုင်းများ အသစ်/တိုးချဲ့ ချထားပေးလျက်ရှိပါသည်။ ကျောက်ပန်းတောင်းမြို့တွင် ADSL စနစ်ကို တပ်ဆင်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆောင်ရွက်ပေးနိုင်မှု အခြေအနေအကြောင်း ပြန်ကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရခိုင်ပြည်နယ်

# နွေအဝင်မှာ စည်ကားလာသော စစ်တွေပင်လယ်ကမ်းခြေ

ပင်လယ်ပြာပြာ၊ ရီပြာပြာနှင့်၊ သန္တာကမ်းလှ၊ သဘာဝကား ဖော်ပြမကုန်၊ လှမျိုးစုံကော၊ သာစွလေ. . . (သားကြီး-ပြည်ရခိုင်)

ရခိုင်ပြည်နယ်သည် ရေပြာပြာပင်လယ်ပြင်နှင့် သဲသောင်ကမ်းအလှများဖြင့် အနားကွပ်ကာ စာပန်းချီခြယ်မှုန်းသ သီကုံးပြ၍ မဆုံးနိုင်အောင် သာယာလှပကြောင်းကို အောက်ပါကဗျာစာသားကဖော်ပြနေပေသည်။

ပြည်နယ်မြို့တော် စစ်တွေသည် ကစ္ဆပနဒီမြစ်ဝနှင့် ဘင်္ဂလားပင်လယ်ကမ်းခြေကို မေးတင်ကာ တည်ထားသောမြို့ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ရခိုင်ပြည်ကို ၁၈၂၄ ခု အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် သိမ်းယူခဲ့သည်။ နိုင်ငံတကာနှင့် ဆက်သွယ်မှုလွယ်ကူစေရန်အတွက် အာရှတိုက်၏ အဓိကအချက်အချာကျသော ယခုစစ်တွေမြို့နေရာ၌ ၁၈၂၆ခုနှစ်တွင် တည်ထားခဲ့သည်။ ယခု ၁၈၈ နှစ်ပြည့်ခဲ့ပြီ။ အာရှတိုက်၏ ထင်ရှားသောပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။ ရခိုင်ပြည်နယ်၏ အဓိကနေရာ စစ်တွေလွင်ပြင်ပေါ်တွင် ပင်လယ်ကမ်းစပ်ကို အဓိကအမှီပြုတည်ထား၍ ရှုခင်းသာယာမြို့မဟာ ဟုပင် တင်စားထိုက်ပေသည်။

### စစ်တွေပင်လယ်ကမ်းခြေ

စစ်တွေပင်လယ်ကမ်းခြေသည် ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ဝမှ မယူနဒီခေါ် မေယုမြစ်ဝအထိရှည်လျားပြီး ဆယ်မိုင်ခန့်ရှိသည်။ ပင်လယ်ကမ်းစပ်တွင် အုန်းတောများရှိခြင်း၊ သဲပွင့်များ၏ အဖြူ အမည်းများ အပိုင်းလိုက်၊ အကန့်လိုက်ရှိခြင်းတို့ကြောင့် အလှတွင်အယဉ်ဆင့်ကာ မြင်ရသူကို ဆွဲဆောင်အားရှိသည်။ ပင်လယ်လှိုင်းအိမ်များက ကမ်းစပ်ကို အနှေးတစ်ခါ၊ အမြန်တစ်လှည့်ဖြင့် လာရောက် မိတ်ဖွဲ့ရိုက်ခတ်နေခြင်းများက ဟန်ချက်ညီစွာ ကနေသောပြကွက်တစ်ခုအလား ထင်မှားစေသည်။ ဤကမ်းခြေမှမနီးမဝေး ကုလားတန် မြစ်ဝတွင် လေးရှင်းတောင်မီးပြတိုက်ရှိသည်။ ဤမီးပြတိုက်သည်လည်း ရှုခင်းအလှသဘာဝကို အဓိကပံ့ဖော်ပေးသော နေရာတစ်ခုဖြစ်ပေသည်။

စစ်တွေပင်လယ်ကမ်းခြေတွင် အထင်ကရနေရာ ပွိုင့်ရှုခင်းသာနှင့် စစ်တွေဟိုတယ်တို့ရှိသည်။ ပွိုင့်နေရာနှင့် စစ်တွေဟိုတယ် ကြားနေရာသည် ယခုအခါအပန်းဖြေသူများ၊ သဘာဝရှုခင်းအလှခံစားသူများ၊ လေ့လာသူများ၊ ကမ္ဘာလှည့်ခရီးသွားများဖြင့် စည်ကားနေကြောင်း တွေ့ရသည်။ နေဝင်ဆည်းဆာအလှကို စစ်တွေပွိုင့်နေရာနှင့် စစ်တွေဟိုတယ်တို့မှ မြင်တွေ့ခံစားနိုင်ပေသည်။

### စနစ်တကျထိန်းသိမ်းသင့်

ယခုအခါ အစိုးရအဆောက်အအုံများ၊ စီးပွားရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများတည်ဆောက်မှုများပြားလာရာ သဲများ အများအပြားလိုအပ်နေပေသည်။ စစ်တွေမြို့၊ စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသဲများကို စစ်တွေပင်လယ်ကမ်းခြေမှ တူးယူအသုံးပြုကြသည်။ အစိုးရက သဲမတူးရနေရာများသတ်မှတ်ပြီး ဟန့်တားထားသည်။ သို့သော် ရေရှည်အကျိုးဆက်များကိုမကြည့်ဘဲ မိမိကိုယ်ကျိုးကိုသာ သိသော ဝိသမလောဘသားများက သဲများကို စည်းကမ်းမဲ့ မဆင်မခြင်တူးယူနေသဖြင့် အချို့နေရာများတွင် ကမ်းခြေအလှ ပျက်စီးနေပေသည်။ အချို့ဆိုလျှင်ကန့်သတ်နေရာများအထိ ကျူးကျော်လာကြောင်း သိရသည်။ အချိန်မီ ပြုပြင်သင့်ပေသည်။

ကမ်းခြေအပန်းဖြေနေရာများ၊ လူစည်ကားသောနေရာများတွင် အမြင်မတော်အဝတ်အစားများကို ဝတ်ဆင်ထားသော အမျိုးသမီးငယ်များကိုလည်း တွေ့ရသည်။ ခေတ်ပေါ် ဝတ်စားသည်ဆိုသော်လည်း ခေတ်ကျော်ဖြစ်သွားမည်ကို သတိပြုသင့်ပေသည်။ ဤသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းဘက်သို့ ဦးတည်နေသည်။ အမူးလွန်နေသော လူငယ်၊ လူကြီးများကိုလည်း တွေ့ရသည်။ အတိုင်းအတာတစ်ခုထိ သတ်မှတ်ကာ သုံးစွဲသင့်လေသည်။ မိမိကြောင့် သူတစ်ပါး အနှောင့်အယှက်မဖြစ်သင့်ပါ။ ယောကျ်ား၊ မိန်းမ မရွေး မိမိတို့လူမျိုးသိက္ခာ၊ လူမျိုးယဉ်ကျေးမှုကို စောင့်ထိန်းသင့်ပေသည်။

### နွေအဝင်မှာစည်ကားလာ

စစ်တွေပင်လယ်ကမ်းခြေသည် ဖေဖော်ဝါရီလနှောင်းပိုင်းမှစ၍ တဖြည်းဖြည်းစည်ကားလာကြောင်း၊ အထူးသဖြင့် အလုပ်အားရက်များတွင် ကြိတ်ကြိတ်တိုးစည်ကားကြောင်း သိရသည်။ စာရေးသူတို့မိသားစု သွားရောက်ဖြစ်ခဲ့သော မတ်လ ၉ ရက် (တနင်္ဂနွေနေ့)တွင် ကမ်းခြေ၌ ရေကူးနေသူများ၊ ရေလှိုင်းစီးနေသူများ၊ အုပ်စုလိုက် ဘောလုံးကစားနေကြသူများ၊ ဂိုးကျဉ်း ဘောလုံးပွဲများ၊ ဖူဆယ်ဘောလုံးပွဲများနှင့် ပြေးလွှားဆော့ကစားနေကြ သူများကို နေရာအနှံ့ တွေ့ရသည်။ လူအစည်ကားဆုံးနေရာသည် စစ်တွေရှုခင်းသာပွိုင့်ကြားနှင့် စစ်တွေဟိုတယ် ကြားနေရာဖြစ်ပြီး အလျားနှစ်မိုင်ခန့်ရှိသည်။

"စည်စပြုတာ နှစ်ပတ်ကျော်လောက်ရှိပါပြီ။ စနေ၊ တနင်္ဂနွေဆိုပိုပြီး အလာများပါတယ်။ သာမန်ရက်တွေတော့ပုံမှန်ပေါ့။ နွေရောက်လာတော့ ပိုစည်ကားလာမှာပါ"ဟု ကမ်းခြေတွင် အဖျော်ယမကာနှင့် အစားအသောက်ရောင်းနေသော ကိုဖိုးထူးက ပြောပြသည်။

ငါးကင်၊ အသားကင်ရောင်းနေသူ ဒေါ်ခိုင်နုဖြူက ပြောပြရာတွင် "အထူးသဖြင့် လူငယ်တွေများပါတယ်။ လူအမျိုးမျိုး၊ စရိုက်အဖုံဖုံပါ။ ကျွန်မတို့လည်း ရောင်းအားကောင်းပါတယ်။ လူတွေ ငွေများများရနိုင်ပြီး များများသုံးနိုင်ပါစေ" ဟု ဆိုသည်။

စစ်တွေမြို့မှ ဒေသခံတစ်ဦးက ပြောပြရာတွင် သူယခင်အပတ်ကရောက်လာသည်ထက် ပိုစည်သည်ကိုတွေ့ရကြောင်း၊ နွေရောက်တိုင်း ရုံးပိတ်ရက် အလုပ်ပိတ်ရက်များတွင် ပိုစည်ကားကြောင်း၊ စစ်တွေတွင် သင်္ကြန်လွန်စနေ၊ တနင်္ဂနွေရက်များသည် ဤကမ်းခြေ၌ အုံ့ဩလောက်အောင် လူစည်ကားသော အလေ့တစ်ခုရှိကြောင်း၊ အရွယ်စုံတွေ့ရကြောင်း အားပါးတရ ပြောပြသည်။

စစ်တွေကမ်းခြေတွင် အပန်းဖြေရင်း၊ လေညင်းခံရင်း သဘာဝအုန်းရည်ချိုချိုနှင့် ပင်လယ်စာများကိုလည်း စားသုံးနိုင်သည်။ မယုံရင်လှမ်းလာခဲ့ပါ။ စွဲသွားစေရမည်။ ရခိုင်ပြည်နယ်တွင် ငပလီကမ်းခြေ၊ စစ်တွေကမ်းခြေတို့ကဲ့သို့ ကမ်းခြေအလှများစွာရှိပေသည်။ အကျိုးရှိရှိ အသုံးချတတ်ပါက ပြည်နယ်အတွက် အသုံးကျသော အလှရတနာများပင် ဖြစ်ပေမည်။ စီးပွားရေးလုပ်ငန်းရှင်များ လေ့လာပြီး ဟိုတယ်၊ မိုတယ်များ၊ ရေချိုးစခန်းများပြုလုပ်ကာ ဝင်ငွေရှာသင့်ပေသည်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် သဘာဝအလှမျိုးစုံကို ခံစားဖို့ တစ်ခါတစ်ခေါက် လာရောက်ကြပါရန် စစ်တွေကမ်းခြေဆောင်းပါးမှတစ်ဆင့် ဖိတ်ခေါ်ရေးသားလိုက်ပါသည်။

## မွန်ပြည်နယ်

# သန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်ဖျော်ဖြေရေးယာဉ် သထုံမြို့သို့ရောက်ရှိ

မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများတွင် ပြည်သူများတစ်ခဲနက်ပူးပေါင်းပါဝင်နိုင်စေရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ပါဝင်သော အောက်မြန်မာပြည်နယ်လှည့် လှုံ့ဆော်ဖျော်ဖြေရေးယာဉ်သည် မတ် ၈ ရက် နံနက် ၉ နာရီခွဲက သထုံမြို့ ရွှေစာရံစေတီတော်မြတ်ကြီးအရှေ့ အဝေးပြေးကားဝင်းသို့ ရောက်ရှိဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး

# သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သင်တန်းတက်ရောက်ခဲ့သော မအူပင်တက္ကသိုလ်မှ ကထိကနှင့် လက်ထောက်ကထိက ဆရာဆရာမ ကိုးဦးက နည်းပြအဖြစ်တာဝန်ယူသင်တန်းပို့ချသွားမည်ဖြစ်ပြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နှင့် အမာမြို့နယ်ခွဲတို့မှ အလယ်တန်းနှင့် မူလတန်း ဆရာ၊ ဆရာမများ သင်တန်းသား စုစုပေါင်း ၁၃၅ ဦး တက်ရောက်ခဲ့သည်။ သင်တန်းသား ၁၃၅ ဦးသည် သင်တန်းတက်ရောက်ပြီးပါက မိမိမြို့နယ်တွင် နည်းပြအဖြစ် ဆင့်ပွားသင်တန်း ပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်း (iprd)**

## ပဲခူးတိုင်းဒေသကြီး

# ကျောက်တံခါးမြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် မတ် ၉ ရက် နံနက် ၁၀ နာရီက ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိစဉ် မီးဘေးအန္တရာယ်များစိုးရိမ်ရသောကြောင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးကော်မတီအဖွဲ့များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## တနင်္သာရီတိုင်းဒေသကြီး

# စာသင်ကျောင်းဆောင်သစ်များ မတ်လအတွင်း အပြီးတည်ဆောက်မည်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်များတွင် မြန်မာရာသက်ပန်ဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီမှ အခြေခံပညာမူလတန်းကျောင်းများကို တာဝန်ယူဆောက်လုပ်ပေးလျက်ရှိရာ မတ်လအတွင်း အဆောက်အအုံများအားလုံး ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံ ဦးစိုးမြင့်ထံမှ သိရသည်။

အဆိုပါဆောက်လုပ်ရေးအဖွဲ့မှ မြိတ်မြို့ ကန်ဖျားရပ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြိုကျောင်းမြေနေရာ ၁ ဒသမ ၅၁ ဧကတွင် အလျား ပေ ၁၅၀၊ အနံ ပေ ၃၀ ရှိသော အာရ်စီတစ်ထပ်အုတ်တိုက်၊ သွပ်မိုးမူကြိုကျောင်းဆောင်သစ်ကို ဒီဇင်ဘာလမှစတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးဟိန်း (မြိတ်)**

## ရှမ်းပြည်နယ်

# ထို့ကြောင့် ဤအရာကို. . .

အသက်အရွယ်လေး နည်းနည်းရလာတဲ့အခါမှာ မိမိဖြတ်သန်းခဲ့ရတဲ့ဘဝ ခရီးရှည်ကြီးကို ပြန်ပြီးစောင်းငဲ့ကြည့်ရင်း မကြာခဏဆိုသလို အတွေးစပွားမိတာတစ်ခုကတော့ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနိုင်ရဲ့လားဆိုတာပါပဲ။ တစ်နည်းပြောရရင် လူတွေအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ မိမိနိုင်ငံအတွက် ကောင်းရာကောင်းကျိုးတစ်ခုခု လုပ်နိုင်ခဲ့ပြီလား၊ ဦးကျော်ဟိန်းကြီး သီဆိုခဲ့တဲ့ သီချင်းထဲကလို အဓိပ္ပာယ်ရှိသောလူဖြစ်မှုဖြစ်ရဲ့လား စဉ်းစားမိပါတယ်။ ရာနှုန်းပြည့် အဓိပ္ပာယ်ရှိသောလူ မဖြစ်ရင်တောင်မှ မိမိကိုယ်မိမိ စိတ်ကျေနပ်မှု ရစေလောက်တဲ့ ဘဝ တစ်ခုတည်ဆောက်နိုင်ခဲ့တယ်လို့ ထင်မိပါတယ်။ ဘယ်လိုဘဝမျိုးနဲ့ပါလိမ့်။

အများအကျိုးကို သယ်ပိုးထမ်းရွက်ခွင့်ရသော၊ အများသူငါစိတ်နှလုံးချမ်းမြေ့စေသော ဝန်ထမ်းဘဝကို ပိုင်ဆိုင်ခွင့်၊ ထမ်းဆောင်ခွင့်ရခဲ့လို့ပါပဲ။ ကျွန်တော်တို့ ကျွန်မတို့ မြို့လေးက နွေရာသီမှာ ရေရှားပါးလွန်းလို့ ချိုးဖို့နေနေသာသာ လူတစ်ကိုယ်တစ်နေ့အတွက် လေးဂါလန်လောက်ပဲ ခွဲတမ်းချဝေပေးနေရပါတယ်ဆိုတဲ့ နေရာဒေသမျိုးတွေမှာ သောက်သုံးရေရရှိရေးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အခါ၊ တစ်ချိန်က တံတားမရှိတဲ့နေရာမှာ ကူးတို့ဖောင်နဲ့ကူးတာလည်း မြင်ခဲ့ဖူးပြီး အဲဒီကနေ ဘေလီတံတားတွေဖြစ်လာ၊ နောက်တစ်ဆင့်တက်လို့ အခိုင်အမာ ကွန်ကရစ်တံတားကြီးတွေ ဖြစ်ပေါ်လာတာကို မြင်ရတဲ့အခါ၊ ဘာမှမရှိသေးတဲ့ အခြေအနေက စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေ၊ ကားလမ်းတွေ၊ စေတီပုထိုးနဲ့ဘုရား ကျောင်းကန်တွေ ဖြစ်ပေါ်လာတာကို မြင်ရတဲ့အခါ၊ မြေသားလမ်းအဆင့်မှစပြီး ဖောက်လုပ်ခဲ့ရပေမယ့် အချိန်ကာလ ကြာမြင့်လာတာနှင့်အမျှ မြေလမ်းကနေ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းကနေ ကတ္တရာလမ်းအဖြစ် တဖြည်းဖြည်းဖြစ်ပေါ်ပြောင်းလဲလာတာတွေကို မြင်ရတဲ့အခါ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ ထပ်တူထပ်မျှ ကြည်နူးဝမ်းသာဖြစ်ရပါတယ်။ နတလလုပ်ငန်းဆိုတာ အင်မတန်ကုသိုလ်ရတဲ့အလုပ်ကွလို့ ပြောခဲ့ဖူးတဲ့ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် (ကွယ်လွန်)ရဲ့ စကားကိုလည်း မကြာခဏ သတိရနေမိပါတယ်။

နတလလုပ်ငန်းတွေက ၁၉၈၉-၁၉၉၀ မှာ စတင်ခဲ့တာပါ။ ကျွန်တော်တို့က ၁၉၉၅ ခုနှစ်မှာ နတလဝန်ထမ်းဖြစ်လာခဲ့တယ်။ ဒီအချိန်မှာ တချို့ အမျိုးသမီးဝန်ထမ်းတွေတောင် ကိုးကန့်ဒေသ လောက်ကိုင်၊ 'ဝ' ဒေသ ပန်ဆန်း၊ မိုင်းမော၊ နမ့်တစ်၊ ဝိန်းကောင်ဆိုတဲ့ ဝေးလံခေါင်ဖျားအရပ်ဒေသတွေမှာ ကိုယ်တိုင်ဆန္ဒပြုပြီး လေး၊ ငါး၊ ခြောက်လသွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြပြီးပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်က သောက်ခဲ့ဖူးတဲ့ 'ဝ'ဆန်ပြုတ်အရသာကို အခုထိ လွမ်းနေကြတုန်း။ စာသင်ပေးဖူးတဲ့ကလေးတွေကို သတိရနေကြတုန်း။ ပန်ဆန်း၊ မိုင်းမောဒေသတွေကိုသွားဖို့ ကားလမ်းမရှိသေးတာကြောင့် ကွမ်းလုံကနေ ချင်းရွှေဟော်ကိုသွား၊ အဲဒီကနေတစ်ဆင့် တရုတ်ပြည်ထဲဝင်၊ မြန်မာပြည်နယ်စပ်တစ်လျှောက် ကားနဲ့ပတ်မောင်းပြီးမှ ပန်ဆန်းဘက်ကို သွားကြရတာ အမှတ်တရရှိနေကြတုန်း။ ငါးရက်တစ်ဈေး၊ ဈေးနေ့တွေမှာ ဆန်တွေ၊ ဆီတွေ၊ ဆားတွေ၊ ဒန်အိုးဒန်ခွက်တွေ၊ အဝတ်အထည်တွေ ဝေပေးကြ၊ လျှော့ပေါ့တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးခဲ့ပြီး ပျော်ခဲ့ကြရတာတွေကိုလည်း မေ့မရ ဖြစ်နေကြတုန်း။ လွန်ခဲ့တဲ့နှစ်(၂၀)ကျော်ကာလကို အမှတ်တရရှိနေကြပေမယ့်လည်း ပြောင်းလဲသွားတာတွေကလည်း အများကြီးရယ်။ အထင်ကရတစ်ခုကိုပြပါဆိုရင် ဟိုတစ်ချိန်တုန်းကာလမှာ ကကြီး၊ ခခွေးကိုစကားပြန်နဲ့ မနည်းသင်ပေးခဲ့ရတဲ့ ကလေးတွေ။ ဒီကနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ သူတို့လူကြီးတွေနဲ့လိုက်လာတဲ့လူငယ်တွေ ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ သူတို့ကို မေးကြည့်လိုက်။ ပြင်ဦးလွင်မှာ တက္ကသိုလ်ဝင်တန်းအောင်တဲ့သူနဲ့၊ မန္တလေးတက္ကသိုလ်မှာ ကျောင်းပြီးတဲ့သူနဲ့၊ နိုင်ငံခြားကပြန်လာတဲ့သူနဲ့။ အသိအမြင်တွေလည်း ကွာသွားပြီ။

ခေတ်တွေလည်းပြောင်းခဲ့ပြီ။ မပြောင်းမလဲရှိနေရဦးမှာကတော့ ကျွန်တော်တို့ ဆက်လက်ထမ်းဆောင်ရမယ့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အမျိုးသားရေးတာဝန်ပါပဲ။ သည်တာဝန်ကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်ခဲ့ကြတဲ့အတွက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာထွန်းကားပြန့်ပွားရေးတို့မှာ အများကြီး အထောက်အကူပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ဂုဏ်ယူဖွယ်ရာ ဝေါဟာရတစ်ခု ပေါ်ပေါက်လာတာကတော့ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုအကြောင်း အမျိုးမျိုးကြောင့် အက်ရာထင်နေပါစေ၊ နတလဆိုတဲ့ ကော်နဲ့ကပ်ရင် ပြန်ပြီး ခိုင်မြဲတတ်ပါတယ်တဲ့။ ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာလည်း နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်းအတွင်းမှာ တည်ဆောက်လို့ရတာမျိုးမဟုတ်ပါဘူး။ နှစ်ရှည်လများ အချိန်ပေးပြီး တည်ဆောက်ရတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့အားလုံး အရွေ့တစ်ခုမှာ စီးမျောလိုက်ပါနေပါပြီ။ ပြောင်းလဲမှု ပုံသဏ္ဌာန်ဘယ်လိုပဲရှိနေပါစေ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလကြီးသုံးပါးကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်နေမှာ ဖြစ်ပါတယ်။ အတိတ်ကာလက အခြေခံကောင်းတွေဟာ အနာဂတ်နိုင်ငံတော်ခရီးအတွက် များစွာ အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

MTSH Myanmar Thilawa SEZ Holdings Public Limited

[illegible]

# ကြေညာချက်အမှတ်စဉ် (၄)
## ၂၀၁၄ ခုနှစ် မတ်လ (၁၂) ရက်
## MTSH ၏ အစုရှယ်ယာ အဆိုပြုလျှောက်လွှာများ ရယူရန် ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဘဏ်ခွဲများစာရင်းအား အသိပေးကြေညာခြင်း။

### တမ္ဘောဇဘဏ် (ထပ်တိုးဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၁၀၁။ နေပြည်တော်(၂)ဘဏ်ခွဲ | ၁၁၁။ မြိတ်(၁)ဘဏ်ခွဲ | ၁၂၁။ ပြည်(၁)ဘဏ်ခွဲ | ၁၃၁။ သံတွဲဘဏ်ခွဲ | ၁၄၁။ ဒိုက်ဦးဘဏ်ခွဲ |
| ၁၀၂။ ဟယ်ဟိုးဘဏ်ခွဲ | ၁၁၂။ ဓားကန်ဘဏ်ခွဲ | ၁၂၂။ မြင်ဦးလှိုင်(၂)ဘဏ်ခွဲ | ၁၃၂။ ကြို့ပင်ကောက်ဘဏ်ခွဲ | ၁၄၂။ ကျောက်ဖြူဘဏ်ခွဲ |
| ၁၀၃။ တပ်ကုန်းဘဏ်ခွဲ | ၁၁၃။ မောင်တောဘဏ်ခွဲ | ၁၂၃။ ကျောက်ဆည်ဘဏ်ခွဲ | ၁၃၃။ မြန်အောင်ဘဏ်ခွဲ | ၁၄၃။ မြို့ဘဏ်ခွဲ |
| ၁၀၄။ ညောင်ရွှေဘဏ်ခွဲ | ၁၁၄။ စစ်တွေဘဏ်ခွဲ | ၁၂၄။ ပျော်ဘွယ်ဘဏ်ခွဲ | ၁၃၄။ ကျောက်မဲဘဏ်ခွဲ | ၁၄၄။ နတ်မောက်ဘဏ်ခွဲ |
| ၁၀၅။ ကလေးဘဏ်ခွဲ | ၁၁၅။ မော်လမြိုင်(၁)ဘဏ်ခွဲ | ၁၂၅။ မင်းဘူးဘဏ်ခွဲ | ၁၃၅။ အောင်လံဘဏ်ခွဲ | ၁၄၅။ သာစည်ဘဏ်ခွဲ |
| ၁၀၆။ ရပ်စောက်ဘဏ်ခွဲ | ၁၁၆။ မိတ္ထီလာ(၁)ဘဏ်ခွဲ | ၁၂၆။ စစ်ကိုင်းဘဏ်ခွဲ | ၁၃၆။ ချောင်းဦးဘဏ်ခွဲ | ၁၄၆။ မလှိုင်ဘဏ်ခွဲ |
| ၁၀၇။ နမ့်စန်ဘဏ်ခွဲ | ၁၁၇။ ပဲခူး(၁)ဘဏ်ခွဲ | ၁၂၇။ နောင်ချိုဘဏ်ခွဲ | ၁၃၇။ နမ့်ခမ်းဘဏ်ခွဲ | ၁၄၇။ ညောင်လေးပင်ဘဏ်ခွဲ |
| ၁၀၈။ တာချီလိတ်(၁)ဘဏ်ခွဲ | ၁၁၈။ မြင်းခြံဘဏ်ခွဲ | ၁၂၈။ ရမည်းသင်းဘဏ်ခွဲ | ၁၃၈။ မအူပင်ဘဏ်ခွဲ | ၁၄၈။ ဝေါဘဏ်ခွဲ |
| ၁၀၉။ လားရှိုး(၁)ဘဏ်ခွဲ | ၁၁၉။ ညောင်ဦးဘဏ်ခွဲ | ၁၂၉။ ကျိုက်ထိုဘဏ်ခွဲ | ၁၃၉။ ဝမ်းတွင်းဘဏ်ခွဲ | ၁၄၉။ မော်ကျွန်းဘဏ်ခွဲ(၁၇-၃-၂၀၁၄) နေ့တွင် ဖွင့်မည်။ |
| ၁၁၀။ မူဆယ်(၁)ဘဏ်ခွဲ | ၁၂၀။ ပုသိမ်(၂)ဘဏ်ခွဲ | ၁၃၀။ ဘိုကလေးဘဏ်ခွဲ | ၁၄၀။ ချောင်းဆုံဘဏ်ခွဲ | ၁၅၀။ ပင်လောင်းဘဏ်ခွဲ(၂၀-၃-၂၀၁၄) နေ့တွင်ဖွင့်မည်။ |

### သမဝါယမဘဏ် (ထပ်တိုးဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၃၉။ သိမ်ဖြူဘဏ်ခွဲကြီး | ၄၇။ နေပြည်ဘဏ်ခွဲ | ၅၅။ မြဝတီဘဏ်ခွဲ | ၆၃။ တောင်သာဘဏ်ခွဲ | ၇၁။ မူဆယ်ဘဏ်ခွဲ |
| ၄၀။ သီရိရတနာ(မ/ဥက္ကလာ)ဘဏ်ခွဲ | ၄၈။ ကျိုက်မရောဘဏ်ခွဲ | ၅၆။ ကျောက်ပန်းတောင်းဘဏ်ခွဲ | ၆၄။ လယ်ဝေးဘဏ်ခွဲ | ၇၂။ လားရှိုးဘဏ်ခွဲ |
| ၄၁။ မန္တလေး(၂၆)လမ်းဘဏ်ခွဲကြီး | ၄၉။ ညောင်တုန်းဘဏ်ခွဲ | ၅၇။ ပခုက္ကူဘဏ်ခွဲ | ၆၅။ အောင်လံဘဏ်ခွဲ | ၇၃။ လှိုင်ကော်ဘဏ်ခွဲ |
| ၄၂။ လပွတ္တာဘဏ်ခွဲ | ၅၀။ ပဲခူးဘဏ်ခွဲ | ၅၈။ ညောင်ဦးဘဏ်ခွဲ | ၆၆။ ဗန်းမော်ဘဏ်ခွဲ | ၇၄။ ကျိုင်းတုံဘဏ်ခွဲ |
| ၄၃။ စစ်တွေဘဏ်ခွဲ | ၅၁။ ညောင်လေးပင်ဘဏ်ခွဲ | ၅၉။ တောင်တွင်းကြီးဘဏ်ခွဲ | ၆၇။ ရွှေဘိုဘဏ်ခွဲ | ၇၅။ တာချီလိတ်ဘဏ်ခွဲ |
| ၄၄။ ဟင်္သာတဘဏ်ခွဲ | ၅၂။ ကြို့ပင်ကောက်ဘဏ်ခွဲ | ၆၀။ ရမည်းသင်းဘဏ်ခွဲ | ၆၈။ ကသာဘဏ်ခွဲ | ၇၆။ မြင်ဦးလှိုင်ဘဏ်ခွဲ |
| ၄၅။ ဖျာပုံဘဏ်ခွဲ | ၅၃။ တောင်ငူဘဏ်ခွဲ | ၆၁။ ပျော်ဘွယ်ဘဏ်ခွဲ | ၆၉။ အောင်ပန်းဘဏ်ခွဲ | ၇၇။ မိုးကုတ်ဘဏ်ခွဲ |
| ၄၆။ မအူပင်ဘဏ်ခွဲ | ၅၄။ သထုံဘဏ်ခွဲ | ၆၂။ ကျောက်ဆည်ဘဏ်ခွဲ | ၇၀။ အောင်ပန်း(၂)ဘဏ်ခွဲ | |

### မြန်မာ့ရှေ့ဆောင် (ထပ်တိုးဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၁၀။ နေပြည်တော်ဘဏ်ခွဲ | ၁၅။ ဘိုကလေးဘဏ်ခွဲ | ၂၀။ ပခုက္ကူဘဏ်ခွဲ | ၂၅။ မိတ္ထီလာဘဏ်ခွဲ | ၃၀။ ကျောက်ဖြူဘဏ်ခွဲ |
| ၁၁။ မော်လမြိုင်ဘဏ်ခွဲ | ၁၆။ တပ်ကုန်းဘဏ်ခွဲ | ၂၁။ ကျောက်ပန်းတောင်းဘဏ်ခွဲ | ၂၆။ သံတွဲဘဏ်ခွဲ | ၃၁။ မြိတ်ဘဏ်ခွဲ |
| ၁၂။ မူဆယ်ဘဏ်ခွဲ | ၁၇။ သီပေါဘဏ်ခွဲ | ၂၂။ မကွေးဘဏ်ခွဲ | ၂၇။ တောင်ကုတ်ဘဏ်ခွဲ | ၃၂။ ကော့သောင်းဘဏ်ခွဲ |
| ၁၃။ လားရှိုးဘဏ်ခွဲ | ၁၈။ ညောင်ရွှေဘဏ်ခွဲ | ၂၃။ တောင်ငူဘဏ်ခွဲ | ၂၈။ ချောက်ဘဏ်ခွဲ | ၃၃။ အောင်ပန်းဘဏ်ခွဲ |
| ၁၄။ မြောင်းမြဘဏ်ခွဲ | ၁၉။ ပြည်ဘဏ်ခွဲ | ၂၄။ မြင်းခြံဘဏ်ခွဲ | ၂၉။ မင်းဘူးဘဏ်ခွဲ | ၃၄။ ကျောက်ဆည်ဘဏ်ခွဲ |
| | | | | ၃၅။ ညောင်ဦးဘဏ်ခွဲ |

### အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (ဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၁။ နေပြည်တော်ဘဏ်ခွဲ | ၁၀။ မုံရွာဘဏ်ခွဲ | ၁၉။ ပြည်ဘဏ်ခွဲ | ၂၈။ မြိတ်ဘဏ်ခွဲ | ၃၇။ မင်းဘူးဘဏ်ခွဲ |
| ၂။ ကမာရွတ်ဘဏ်ခွဲ | ၁၁။ ဘုရင့်နောင်ဘဏ်ခွဲ | ၂၀။ ညောင်ရွှေဘဏ်ခွဲ | ၂၉။ ဗန်းမော်ဘဏ်ခွဲ | ၃၈။ မန္တလေး(၃)ဘဏ်ခွဲ |
| ၃။ မန္တလေး(၁)ဘဏ်ခွဲ | ၁၂။ ညောင်လေးပင်ဘဏ်ခွဲ | ၂၁။ လားရှိုးဘဏ်ခွဲ | ၃၀။ အောင်ကြီးဘဏ်ခွဲငယ် | ၃၉။ မန္တလေး(၃)ဘဏ်ခွဲငယ် |
| ၄။ လမ်းမတော်ဘဏ်ခွဲ | ၁၃။ အောင်လံဘဏ်ခွဲ | ၂၂။ မကွေးဘဏ်ခွဲ | ၃၁။ ပန်းဆိုးတန်းဘဏ်ခွဲငယ် | ၄၀။ ဇီးပင်ကြီးဘဏ်ခွဲငယ် |
| ၅။ မြောင်းမြဘဏ်ခွဲ | ၁၄။ ကျောက်ပန်းတောင်းဘဏ်ခွဲ | ၂၃။ ပုသိမ်ဘဏ်ခွဲ | ၃၂။ တ/ဥက္ကလာဘဏ်ခွဲငယ် | ၄၁။ ပြည်ဘဏ်ခွဲငယ် |
| ၆။ မြို့ဘဏ်ခွဲ | ၁၅။ မော်လမြိုင်ဘဏ်ခွဲ | ၂၄။ တာမွေ(ဦးချစ်မောင်လမ်း)ဘဏ်ခွဲ | ၃၃။ မုံရွာဘဏ်ခွဲငယ် | ၄၂။ မန္တလေး(၂)ဘဏ်ခွဲ |
| ၇။ မူဆယ်ဘဏ်ခွဲ | ၁၆။ တောင်တွင်းကြီးဘဏ်ခွဲ | ၂၅။ မိတ္ထီလာဘဏ်ခွဲ | ၃၄။ မကွေးဘဏ်ခွဲငယ် | ၄၃။ မန္တလေး(၂)ဘဏ်ခွဲငယ် |
| ၈။ မြစ်ကြီးနားဘဏ်ခွဲ | ၁၇။ ပခုက္ကူဘဏ်ခွဲ | ၂၆။ အောင်ပန်းဘဏ်ခွဲ | ၃၅။ တောင်ငူဘဏ်ခွဲငယ် | |
| ၉။ မြင်းခြံဘဏ်ခွဲ | ၁၈။ တောင်ငူဘဏ်ခွဲ | ၂၇။ ဆူးလေဘဏ်ခွဲ | ၃၆။ မန္တလေး(၁)ဘဏ်ခွဲငယ် | |

### UNITED AMARA BANK (ဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၁။ လသာဘဏ်ခွဲ | ၆။ မန္တလေး(ဆိုင်းတန်း)ဘဏ်ခွဲ | ၁၁။ ပုသိမ်ဘဏ်ခွဲ | ၁၆။ စမ်းချောင်းဘဏ်ခွဲ | ၂၁။ ကြည့်မြင်တိုင်ဘဏ်ခွဲ |
| ၂။ တာမွေဘဏ်ခွဲ | ၇။ ကျွဲဆည်ကန်ဘဏ်ခွဲ | ၁၂။ ပခုက္ကူဘဏ်ခွဲ | ၁၇။ မန္တလေး(၈၄)လမ်းဘဏ်ခွဲ | ၂၂။ တာမွေ(မြင်းပြိုင်ကွင်း)ဘဏ်ခွဲ |
| ၃။ သင်္ဃန်းကျွန်းဘဏ်ခွဲ | ၈။ ဒိုင်းဝန်းပဲလေးဘဏ်ခွဲ | ၁၃။ ပြည်ဘဏ်ခွဲ | ၁၈။ မန္တလေး(၁၉)လမ်းဘဏ်ခွဲ | ၂၃။ မြောက်ဒဂုံဘဏ်ခွဲ |
| ၄။ ဘုရင့်နောင်ဘဏ်ခွဲ | ၉။ တောင်ကြီးဘဏ်ခွဲ | ၁၄။ မုံရွာဘဏ်ခွဲ | ၁၉။ မန္တလေး(၁၂)လမ်းဘဏ်ခွဲ | ၂၄။ လမ်းမတော်(ကုန်ကြီးလမ်း)ဘဏ်ခွဲ |
| ၅။ နေပြည်တော်ဘဏ်ခွဲ | ၁၀။ မူဆယ်ဘဏ်ခွဲ | ၁၅။ မိတ္ထီလာဘဏ်ခွဲ | ၂၀။ ဗိုလ်ချုပ်ဈေးဘဏ်ခွဲ | ၂၅။ ရွှေဂုံတိုင်ဘဏ်ခွဲ |

### မြန်မာနိုင်ငံသားများဘဏ် (ဘဏ်ခွဲများ)

| | | | | |
|---|---|---|---|---|
| ၁။ နေပြည်တော်(ရုံးချုပ်) | ၄။ မန္တလေးဘဏ်ခွဲ | ၇။ မုံရွာဘဏ်ခွဲ | ၁၀။ ရေကြည်ဘဏ်ခွဲ | ၁၃။ Capital Hyper Mart (ဘဏ်ခွဲငယ်) |
| ၂။ ကျောက်တံတားဘဏ်ခွဲ | ၅။ မန္တလေးဘဏ်ခွဲငယ် | ၈။ မုံရွာဘဏ်ခွဲငယ် | ၁၁။ တနင်္ဆည်ဘဏ်ခွဲ | |
| ၃။ ဘုရင့်နောင်ဘဏ်ခွဲ | ၆။ မြင်းခြံဘဏ်ခွဲ | ၉။ မူဆယ်ဘဏ်ခွဲ | ၁၂။ လားရှိုးဘဏ်ခွဲ | |

**မှတ်ချက်** ။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကုမ္ပဏီ၏ Website www.mtshmyanmar.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

# MAN U VS LIVERPOOL

| Team | League | FACup | Capital One | Community Shield | European Cup | UEFA Cup | Cup Winner's Cup | UEFA SuperCup | Intercontinental Cup | Club World Cup | Total |
|---|---|---|---|---|---|---|---|---|---|---|---|
| မန်ယူ | ၂၀ | ၁၁ | ၄ | ၂၀ | ၃ | - | ၁ | ၁ | ၁ | ၁ | ၆၂ |
| လီဗာပူး | ၁၈ | ၇ | ၈ | ၁၅ | ၅ | ၃ | - | ၃ | - | - | ၅၉ |



## KEY PLAYER

### ရွှန်းနေ-တိုက်စစ်

| | | |
|---|---|---|
| ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး | - | ၁၁ဂိုး |
| ယခုနှစ် ပရီမီယာလိဂ်ပွဲထွက်မှု | - | ၂၃ပွဲ |
| ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး | - | ၁၆၇ဂိုး |
| မန်ယူအတွက် စုစုပေါင်းသွင်းဂိုး | - | ၂၁၀ဂိုး |
| မန်ယူအတွက်စုစုပေါင်း ပွဲကစားမှု | - | ၄၃၁ပွဲ |

**Man Utd** Formation - 4-2-3-1



## LAST FIVE MATCHES RECORD

W W D D L

## KEY PLAYER

### ဆွာရက်ဇ်-တိုက်စစ်

| | | |
|---|---|---|
| ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး | - | ၂၄ဂိုး |
| ယခုနှစ် ပရီမီယာလိဂ်ပွဲထွက်မှု | - | ၂၃ပွဲ |
| ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး | - | ၆၂ဂိုး |
| လီဗာပူးအတွက် စုစုပေါင်းသွင်းဂိုး | - | ၇၅ဂိုး |
| လီဗာပူးအတွက်စုစုပေါင်း ပွဲကစားမှု | - | ၁၂၃ပွဲ |

**Liverpool** Formation - 4-2-3-1



## LAST FIVE MATCHES RECORD

W W W W D

## PREDICTED TEAM

ဝက်စ်ဘရွန်းကိုနိုင်ခဲ့သည့်ပွဲတွင် မန်ယူ၏ ကစားပုံမဆိုးခဲ့ပေ။ သို့သော် မိုယက်စ်လက်ထက်တွင် ဗန်ပါစီခြေစွမ်းပြနိုင်ခြင်း မရှိသေးပေ။ ထို့အပြင် မန်ယူ၏ ဗဟိုခံစစ်ကြောင်းသည်လည်း အားနည်းမှုများရှိနေခဲ့သည်။

## PREDICTED TEAM

ခံစစ်ပိုင်းအားပျော့မှုက လီဗာပူးအတွက် ချို့ယွင်းချက်ဟု ဆိုသော်လည်း အဆိုပါ ချို့ယွင်းချက်ကို တိုက်စစ်ပိုင်း အားကောင်းမှုက ဖာထေးနိုင်သည်။ အထူးသဖြင့် ဥရောပပွဲမရှိ၍ လီဗာပူးတွင် ပွဲပန်းမှုလည်း မရှိပေ။

## FIVE CLASSIC MATCHES

| မန်ယူ ၁-၀ လီဗာပူး<br>၂၆-၉-၁၃ ကက်ပီတယ်ဝမ်း | မန်ယူ ၂-၁ လီဗာပူး<br>၁၃-၁-၁၃ ပရီမီယာလိဂ် | မန်ယူ ၂-၁ လီဗာပူး<br>၁၁-၂-၁၂ ပရီမီယာလိဂ် | မန်ယူ ၁-၀ လီဗာပူး<br>၉-၁-၁၁ အက်ဖ်အေဖလား | မန်ယူ ၃-၂ လီဗာပူး<br>၁၉-၉-၁၀ ပရီမီယာလိဂ် |
|---|---|---|---|---|
| ယခုနှစ်ကက်ပီတယ်ဝမ်းဖလား၌ ဆုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုပွဲ၌ ဆွာရက်ဇ်ပါဝင်ခဲ့သော်လည်း လီဗာပူးတိုက်စစ်သည် မန်ယူခံစစ်ကို မကျော်နိုင်ခဲ့ပဲ ဒုတိယပိုင်းစစချင်း၌ ဟာနန်ဒက်ဇ်သွင်းယူသောဂိုးဖြင့်သာ ဗန်ပါစီမပါဝင်သည့် မန်ယူတို့အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ | ဖာဂူဆန်လက်ထက်က ခြေစွမ်းကောင်းမွန်နေသော မန်ယူကို လီဗာပူး မယှဉ်နိုင်ခဲ့ပေ။ ၁၉မိနစ်နှင့် ၅၄မိနစ်တို့တွင် ဗန်ပါစီနှင့်ဗီဒစ်တို့က နှစ်ဂိုးသွင်းယူသွားခဲ့မှုကို ၅၇ မိနစ်၌ စတားရစ်သွင်းယူသည့် တစ်ဂိုးသာလီဗာပူးတို့ပြန်ချေပနိုင်၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ | ထိုပွဲတွင်လည်း လီဗာပူးတို့ ရှုံးကန်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရခဲ့ကြသော်လည်း ၄၇နှင့် ၅၀မိနစ်တို့တွင် ရွှန်းနေတစ်ဦးတည်းက မန်ယူအတွက် နှစ်ဂိုးဆက်တိုက်သွင်းယူသွားခဲ့မှုကို မိနစ် ၈၀ရောက်မှသာ ဆွာရက်ဇ်က တစ်ဂိုးသာပြန်၍ ချေပနိုင်ခဲ့ခြင်းဖြစ်သည်။ | ၂မိနစ်၌ပင် မန်ယူတို့ ပယ်နယ်တီရခဲ့ပြီးဂစ်သွင်းနိုင်ခဲ့၍ အဖွင့်ဂိုးရခဲ့မှုကို လီဗာပူးတို့ချေပရန်အတွက်ကြိုးစားခဲ့သော်လည်း၃၂မိနစ်၌အဓိကကစားသမားဂျရတ် အထုတ်ခံရ၍ အားပျော့ခဲ့ရကာ မန်ယူကိုမယှဉ်နိုင်တော့ဘဲ အက်ဖ်အေက ထွက်ခဲ့ရသည်။ | အကြိတ်အနယ်ရှိလွန်းလှသည်။ ၄၂နှင့် ၅၉မိနစ်တို့တွင် ဘာဘာတော့ဗ်က မန်ယူအတွက် နှစ်ဂိုးသွင်းယူခဲ့မှုကို ၆၄နှင့် ၇၀တို့တွင် ဂျရတ်က လီဗာပူးအတွက် ပြန်ချေပနိုင်ခဲ့သည်။ သို့သော် ၈၄ မိနစ်တွင် ဘာဘာတော့ဗ်ကပင် မန်ယူအတွက် အနိုင်ဂိုးထပ်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ |

## ပရီမီယာလိဂ် ပွဲစဉ်(၂၈)

| | | | | |
|---|---|---|---|---|
| ဟားလ် | - | မန်စီးတီး | ည ၇း၁၅ | ၁၅-၃-၁၄ |
| အဲဗာတန် | - | ကာဒိဖ် | ည ၉း၃၀ | ၁၅-၃-၁၄ |
| ဖူလ်ဟမ် | - | ကာဆယ် | ည ၉း၃၀ | ၁၅-၃-၁၄ |
| ဆောက်သမ်တန် | - | နော့ဝစ်ချ် | ည ၉း၃၀ | ၁၅-၃-၁၄ |
| စတုတ် | - | ဝက်စ်ဟမ်း | ည ၉း၃၀ | ၁၅-၃-၁၄ |
| ဆန်းဒါးလန်း | - | ပဲလေ့စ် | ည ၉း၃၀ | ၁၅-၃-၁၄ |
| ဆွမ်ဆီး | - | ဝက်စ်ဘရွန်း | ည ၉း၃၀ | ၁၅-၃-၁၄ |
| ဗီလာ | - | ချယ်လ်ဆီး | နံနက် ၀၀း၀၀ | ၁၆-၃-၁၄ |
| မန်ယူ | - | လီဗာပူး | ည ၈း၀၀ | ၁၆-၃-၁၄ |
| စပါး | - | အာဆင်နယ် | ည ၁၀း၃၀ | ၁၆-၃-၁၄ |

သစ်မင်းအိမ်

# ဘောလုံးသမားဟောင်းတစ်ဦးဖြစ်သူ လက်ဖွေ့သမားမက္ကင်ဇီက ပြိုင်ဘက်အား ဒုတိယအချိန်၌ပင် ထိုးသတ်အနိုင်ယူနိုင်ခဲ့

**ပရီမီယာလိဂ် ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသူ စူပါမစ်ဒယ်ဝိတ်တန်းလက်ဝှေ့သမား လီယွန်မက္ကင်ဇီသည် ပြီးခဲ့သည့် မတ် ၈ ရက်က လန်ဒန်၌ ဘူလ်ဂေးရီးယားနိုင်ငံသား နီကိုလာဗာဘာနော့ဗ်နှင့် ထိုးသတ်ခဲ့သည့်ပွဲတွင် ဒုတိယအချီ၌ပင် အနိုင်ရရှိခဲ့သည်။**

အသက် ၃၅ နှစ်အရွယ်ရှိ အင်္ဂလန်နိုင်ငံသား မက္ကင်ဇီသည် တိုက်စစ်မှူးတစ်ဦးအဖြစ် ခရစ္စတယ်လ်ပဲလေ့စ်၊ ဖူလ်ဟမ်၊ ချာလ်တန်စသည့် ကလပ်များတွင် ပါဝင်ကစားခဲ့ဖူးပြီး နော့ဝှစ်ချ်အသင်း၌ ပါဝင်ကစားစဉ် ၂၀၀၅ ခုနှစ် ဧပြီ ၉ ရက်တွင် မန်ယူအသင်းအား ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ နော့ဝှစ်ချ်အတွက် သွင်းယူပေးခဲ့သည့် ဒုတိယအနိုင်ဂိုးကြောင့် ပိုမိုလူသိများ ထင်ရှားခဲ့သူဖြစ်သည်။

ဗာဘာနော့ဗ်နှင့် ထိုးသတ်ခဲ့သည့်ပွဲတွင် ပထမအချီ၌ မက္ကင်ဇီကပင် စိုးမိုးထိုးသတ်နိုင်ခဲ့ပြီး ဒုတိယအချီ၏ ၄၆ စက္ကန့်တွင် မက္ကင်ဇီ၏ လက်သီး ချက်များသည် ဗာဘာနော့ဗ်၏

စာမျက်နှာ ၂ သို့ »